ကြေးမုံ The Mirror
Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ တနင်္လာနေ့ *(5-5-2014)* (၇၇၃၁)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော်(လေဆိပ်)	၁	ဒသမ ၅၃ လက်မ
နေပြည်တော်(ရေဆင်း)	၁	ဒသမ ၃၀ လက်မ
နေပြည်တော်(လယ်ဝေး)	၁	ဒသမ ၃၀ လက်မ
ပြင်ဦးလွင်	၁	ဒသမ ၃၀ လက်မ
နေပြည်တော်(ပျဉ်းမနား)	၁	ဒသမ ၀၇ လက်မ
နေပြည်တော်(တပ်ကုန်း)	သုည	ဒသမ ၉၈ လက်မ
တောင်ကြီး	သုည	ဒသမ ၉၈ လက်မ

အနာဂတ်နိုင်ငံ့သားကောင်းများဖြစ်လာမည့် ယနေ့လူငယ်မောင်မယ်များ လျှောက်လှမ်းသင့်သည့်လမ်းများ ချောမွေ့စေရန် ဆောင်ရွက်ပေးနေ

နေပြည်တော် မေ ၄

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကြီးသည် စည်းကမ်းရှိသည့်ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံကို လျှောက်လှမ်းတည်ဆောက်နေပြီဖြစ်ကြောင်း၊ စည်းကမ်းရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တရားဥပဒေလေးစားလိုက်နာမှုများသည် ဒီမိုကရေစီလျှောက်လှမ်းရာတွင် မဖြစ်မနေဖော်ဆောင်ရမည့် လိုအပ်ချက်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားလုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းညီညွတ်စွာ အတူတကွနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံကြီးဖြစ်ကြောင်း၊ အားလုံးသည် ညီရင်းအစ်ကိုပမာ ဥမကွဲသိုက်မပျက်နှင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မောင်တို့၊ မယ်တို့အားလုံးပါဝင်ဖော်ဆောင်လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ပြုလုပ်သော ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘက်စုံပညာထူးချွန်လူငယ်အား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။
(မြဝတီ)

ယနေ့ မာတိကာ

အာဖရိကဒေသ၌ တရုတ်ရင်းနှီးမြှုပ်နှံမှုအပေါ် အငြင်းပွားမှုများကြီးမားလာ
စာမျက်နှာ - ၄

ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ဘယ်လိုရင်ဆိုင်ကြမလဲ
စာမျက်နှာ - ၆

နည်းပြရာထူး တစ်နေရာရရေး မန်ယူ အသင်းမှ ထွက်ခွာမည်ဟု ရိုင်ယန်ဂစ်ဖွင့်ဟ
စာမျက်နှာ - ၁၃

ဟိုပုံးမြို့နယ် ရွာသစ်-ကောင်စေတီ-ဟိုနား ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပြီးစီး

ဟိုပုံး မေ ၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် ရွာသစ်-ကောင်စေတီ-ဟိုနားကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ရာ ကျေးရွာချင်းဆက် မြေသားလမ်းအရှည် လေးမိုင်၊ အကျယ် ၁၈ ပေ ဖောက်လုပ်ရန် သတ်မှတ်ထားသော်လည်း ဒေသဦးစီးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဝင်းမြတ်ဂုဏ်ဆောင်ကုမ္ပဏီနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းအားဖြင့် အရှည် လေးမိုင်၊ အကျယ် ၂၄ ပေ ကျောက်ဖြူန်းများ ထပ်ပိုးခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရွာသစ်-ကောင်စေတီ-ဟိုနားကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်အသုံးပြုရန်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် စက်ယန္တရားမြေသယ်ယာဉ်သုံးစီးဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၄၇ ဒသမ ၆ ဖြင့် ဖောက်လုပ်ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။**(ဝဲပုံ)** **နန်းဦးခမ်း(ဟိုပုံး)**

ကြေးမုံစာတည်းရှုထောင့် ၅-၅-၂၀၁၄၊ တနင်္လာနေ့

မိုးသက်လေပြင်း

ယခုတလော မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသက်လေပြင်းကျရောက်မှုများ၊ မိုးသီးကြွေလေဆင်နှာမောင်းတိုက်ခတ်မှုသတင်းများ နေ့စဉ်လိုလိုဖတ်နေရသည်။ တစ်ဆက်တည်းမှာ အပူဒဏ်လွန်ကဲမှုအကျိုးဆက် သောက်သုံးရေရှားပါးပြတ်လပ်မှုများသည်လည်း နိုင်ငံအနှံ့မှာကြုံတွေ့လာနေရသည်။ မိုးနည်းရပ်ဝန်းတွင် သောက်သုံးရေရှားပါးမှု အမြဲကြုံနေရသော်လည်း ပင်လယ်နှင့်နီးမိုးများရာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ရေရှားပါးမှုသည် ယခုနှစ်အတွက်ထူးခြားဖြစ်စဉ်တစ်ရပ်ဟု ဆိုရမည်။ ပင်လယ်နှင့်လက်တစ်ကမ်းအကွာမှာ ရေကိုမြင်နေပါလျက် "ဖောင်စီးရင်းရေငတ်"အဖြစ်မျိုးကြုံနေရသည်။

'ကဆုန်ပူခြင်း တော်သလင်း"ဟုဆိုရိုးစကားရှိသည်။ မိမိတို့နိုင်ငံ၏အပူပြင်းဆုံးလနှစ်လ၊ နွေအကုန်မိုးရာသီကို ခြေလှမ်းပြင်စ ကဆုန်လသည် စပ်ကူးမတ်ကူးကာလ၏ သဘာဝအတိုင်း မငြိမ်မသက်မှုများရှိစမြဲ။ နိုင်ငံအနှံ့ကြုံတွေ့နေရသော မိုးသက်လေပြင်းတိုက်ခတ်မှုများက ငြင်းမရသည့်အချက်ဖြစ်သည်။ ယခုနှစ်ကဆုန်လ၏အပူရှိန်ကို ခရမ်းလွန်ရောင်ခြည်ကအားဖြည့်ပေးလိုက်သောအခါ မြင်းကိုချိတပ်ပေးလိုက်သလို ပူတယ်လေဆယ်နေကဲဖြစ်သွားရသည်။ အပူရှိန်မြင့်လေမိုးသက်လေပြင်း ပြင်းထန်လေဖြစ်ရာ တချို့နေရာများတွင် မိုးသက်လေပြင်းသည် တစ်နာရီမိုင် ၅၀ နှုန်းနှင့် မိုးသက်မုန်တိုင်းငယ်အဆင့်သို့ရောက်သွားရသည်။ ကဆုန်နေ၏အပူရှိန်မြင့်တက်လွန်းမှုသည် လေထု၊ မြေထုအပြင် ရေထုကိုလည်း ပူနွေးလာစေရာ ကောင်းသည့်လက္ခဏာများမဟုတ်ပါ။ ယခုနှစ်မိုးရာသီမုန်တိုင်းများပိုမိုဖြစ်ထွန်းလာနိုင်သည့် နိမိတ်ဆိုးများဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် သင်္ကြန်လွန်ပြီဆိုသည်နှင့် မိုးသံလေသံကြားလာရစမြဲဖြစ်ပါသည်။ မိမိတို့နိုင်ငံသားများ မိုးဒဏ်၊လေဒဏ်ကာကွယ်နိုင်ဖို့ နေအိမ်များပြင်ကြ၊ မိုးကြိုနှင့်အသင့်ရှိနေကြရပါပြီ။ လယ်သမားများသည်လည်း လုပ်ငန်းခွင်ဝင်ဖို့ ပြင်ကြဆင်ကြနှင့်လက်မလည်နိုင်အောင်အလုပ်များနေကြရပါပြီ။ ပြင်ပြီးဆင်ပြီးအသင့်ဖြစ်နေပြီးမှ မိုးသက်လေပြင်းဒဏ်ခံလာကြရခြင်းမှာ ကြုံရသူများအဖို့ "ကံဆိုးသူမောင်ရှင်"အဖြစ်မျိုးရောက်သွားရသည်။ ငွေကြေးတတ်နိုင်သူများအတွက် ပြန်လည်ပြုပြင်ကြရာတွင် အခက်မကြုံနိုင်လည်း သာမန်လက်လုပ်လက်စား ဆင်းရဲသူများအတွက်ကား "ရွာသားကူပါ၊ လူလျှောက်ပါ" ဘဝမျိုးရောက်သွားကြရသည်။ မြန်မာမှုနယ်ပယ်မှာ " လဲနေသူထူပေး၊ အားငယ်သူအားပေး" ကြစမြဲပင်။ လတ်တလော ဟင်္သာတဖြစ်စဉ်က သက်သေပြနေသည်။ ဟင်္သာတမြို့နယ် ခြင်းဘိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်းရှစ်ရွာတွင် မိုးသီးကြွေ၊ လေဆင်နှာမောင်းမွှေ၍ အိမ်ခြေ ၉၀ ကျော် ပျက်စီးသွားခဲ့ရမှုကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကျန်းမာရေးအထောက်အကူပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဟု သိရသည်။ ထိုမြို့နယ် ရပ်/ကျေး အာဏာပိုင်အဖွဲ့အစည်းများနှင့် ပြည်သူများကလည်း လက်ပိုက်ကြည့်နေလိမ့်မည်မဟုတ်ပါ။ ဝိုင်းဝန်းပေးသွားမည်သေချာသည်။

ယခုလိုသဘာဝတရား၏ နှောင့်ယှက်ဖျက်ဆီးခံရမှုသည် လူသားများအတွက် ယခုမှအသစ်အဆန်းမဟုတ်ပါ။ သမိုင်းဦးခေတ်မှသည် သူနိုင်ကိုယ်နိုင်အနိုင်ယူရင်း လူသားဘဝကိုရှင်သန်ဖွံ့ဖြိုးရပ်တည်လာခဲ့သည်မှာ ယနေ့ထိတိုင် ဖြစ်ပါသည်။ သို့သော် ထိုကာလကမ္ဘာ့ရာသီဥတုသည် ယခုလိုကမောက်ကမပရမ်းပတာမဟုတ်ခဲ့။ ဖြစ်ရိုးဖြစ်စဉ်ပုံမှန်ရှိနေ၍ ကြိုတင်ခန့်မှန်း ကြိုတင်ကာကွယ်နိုင်ခဲ့သည်။ ယခုကြုံနေရသော ရာသီဥတုမှာဖြစ်ရိုးဖြစ်စဉ်မဟုတ်။ သဘာဝမကျ ခန့်မှန်းရခက်နေသည်။ "ရန်ကုန်မိုးအစိုးမရ" ဆိုသလို ခုနေပူ၊ ခဏအတွင်းမိုးသားတွေတက်၊ ချက်ချင်းမိုးရွာ၊ ဣန္ဒြေမရဖြစ်နေသလိုမျိုး။ ကမ္ဘာ့ရာသီဥတု မညီမမျှ၊ ကမောက်ကမနှင့်မည်သို့ပင်ဖြစ်နေပါစေ ရင်ဆိုင်ကာအနိုင်ယူကြရမည်သာ။ ဤသည်ပင် လူသားမျိုးဆက်များရှင်သန်ဖွံ့ဖြိုးရေးအတွက် ဘဝပေးအသိနှင့်ဘဝပေးသင်ခန်းစာတစ်ရပ်ပင်ဖြစ်ပါသည်။

လောလောဆယ် မိမိတို့နိုင်ငံသားများအတွက်လည်း လက်တလောကြုံတွေ့နေရသည့် မိုးသက်လေပြင်းများ၊ ထိုမှတစ်ဆင့် တက်လာနိုင်သည့် မိုးသက်မုန်တိုင်းများကို မှုမမှန်သောသဘာဝတရား၏စိန်ခေါ်မှုတစ်ရပ်အဖြစ် လက်သင့်ခံပြီး တွန်းလှန်ကာကွယ်သွားရင်း အခြားတစ်ဖက်တွင်လည်း ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်သွားနိုင်ကြရပါမည်။ ဤသည်ပင် မိမိတို့နိုင်ငံသားများအတွက် သဘာဝကလက်ဆောင်ရထားသည့် စွမ်းရည်တစ်ရပ်ပင်မဟုတ်ပါလော။ ။

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေး ကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၄

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ သာသနာရေးဝန်ကြီးဌာန ရန်ကုန်ရုံးခွဲရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ သာသနာတော်နှင့်နိုင်ငံတော်အတွက် အကြီးမြင့်ဆုံးနှင့်အမြင့်မြတ်ဆုံးဖြစ်သည့် ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို မိမိတို့ကဏ္ဍအလိုက် တင်ပြကြရန်ဖြစ်ကြောင်း၊ ဂိုဏ်းပေါင်းစုံအစည်းအဝေး၌ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဓမ္မဝိနယများနှင့်အညီပြင်ဆင်မည့်လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားလွှာများနှင့် အခြေခံစည်းမျဉ်းများကို ဆရာတော်ကြီးများ ညှိနှိုင်းဆွေးနွေးရာတွင် သာသနာရေးဝန်ကြီးဌာနအနေဖြင့် အထောက်အကူလုပ်ပေးရန် ဖြစ်ကြောင်း၊ ယခုလုပ်ငန်းများကို အနှစ်သာရရှိရှိ လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် အလေးထားဆောင်ရွက်စေလိုကြောင်း၊ အစည်းအဝေးကြီးကို နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့က ဦးဆောင်ကျင်းပခြင်း ဖြစ်သည့်အတွက် အစည်းအဝေးကြီးကျင်းပပြီးစီးသည့်အခါ ပေါ်ထွက်လာသည့် ဆုံးဖြတ်ချက်၊ ပြင်ဆင်ချက်များကို အသက်ဝင်အောင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေရာထိုင်ခင်းကိစ္စ၊ ကြိုဆိုပင့်ဆောင်ရေးကိစ္စ၊ ဖိတ်ကြားရေးကိစ္စ၊ လုံခြုံရေးကိစ္စတို့သည် အရေးကြီးသည့်အတွက် ပေါင်းစပ်ဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းကော်မတီအချင်းချင်း ပူးပေါင်းညှိနှိုင်းပေါင်းစပ်ပေးရန်နှင့် ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည့်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍လိုအပ်သလို ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ထားမှုများကို ကဏ္ဍအလိုက် တင်ပြကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာအေးကုန်းမြေရှိ သံဃာ့ဆေးရုံကြီးသို့သွားရောက်၍ ဆရာတော်ကြီးများ သီတင်းသုံးရန် ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ထိုင်းအလွတ်တန်း ပြေးခုန်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်

နေပြည်တော် မေ ၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် မေ ၂ ရက် နံနက် ၁၀ နာရီက အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ထိုင်းနိုင်ငံ၌ ကျင်းပမည့် ထိုင်းအလွတ်တန်း ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပြေးခုန်ပစ်အဖွဲ့ အားကစားသမားများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစား အဆင့်အတန်း ပိုမိုမြင့်မားစွာ ရပ်တည်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိပါကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများသို့လည်း အတွေ့အကြုံကောင်းများ ရရှိစေရန် စေလွှတ်၍ ယှဉ်ပြိုင်လျက်ရှိရာ မေ ၆ ရက်မှ ၉ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် ထိုင်းအလွတ်တန်း ပြေးခုန်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း၊ ရွှေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ရန်လိုအပ်ကြောင်း၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ အောင်မြင်မှုဆုတံဆိပ်များကို ဆွတ်ခူးပေးခြင်းဖြင့် နိုင်ငံတော်နှင့် မြန်မာ့အားကစားကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ ရှေ့ဖုံးမှ

တွေ့ဆုံဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားရာ၌ ပြောကြားခဲ့သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံတွင် လက်ရှိစာရင်းဇယားများအရ အသက် (၁၅) နှစ်မှ (၂၉) နှစ်အရွယ်လူငယ်ပေါင်း ၁၆ သန်းခန့်ရှိပါကြောင်း၊ ယင်းလူငယ်မောင်မယ်များသည် တိုင်းပြည်၏ အဖိုးထိုက်တန်ဆုံးသော လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပြီး အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် အင်အားစုများပင်ဖြစ်ပါကြောင်း၊ ထိုလူငယ်အင်အားစုများကို "အရေအတွက်မှ အရည်အချင်းသို့"ဆိုသည့် စွမ်းရည်မြှင့်တင်မှုများ၊ လမ်းမှန်ရောက်ရှိရန် ပို့ဆောင်မှုများပြုလုပ်ပေးနိုင်လျှင် နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သည့် "ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်" တည်ဆောက်ရေးသည် မလွဲမသွေအောင်မြင်မှာပင်ဖြစ်ပါကြောင်း။

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"ဆိုသည့် စကားရှိပါကြောင်း၊ လူငယ်များသည် အနာဂတ်တွင် တိုင်းပြည်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများတွင်တာဝန်ယူသွားရမည့်သူများပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူငယ်တိုင်းသည် ကိုယ်ကာယကျန်းမာသူများ၊ ဉာဏစွမ်းရည်ထက်မြက်သူများ၊ အကျင့်စာရိတ္တကောင်းမွန်သူများ၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်သူများ၊ ဗဟုသုတပြည့်စုံသူများဖြစ်ရန် လိုအပ်ပါကြောင်း၊ တစ်နည်းအားဖြင့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဆိုသည့် ဗလငါးတန်ဖြင့်ပြည့်စုံနေရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပုဒ်မ ၃၃ တွင် လူငယ်များနှင့် ပတ်သက်၍ " နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်" ဟုဖော်ပြထားသကဲ့သို့ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ဃ)တွင်လည်း "ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ဖော်ဆောင်ရမည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်အနေဖြင့်လည်း အနာဂတ်နိုင်ငံ့သားကောင်းများဖြစ်လာမည့် ယနေ့လူငယ်မောင်မယ်များ လျှောက်လှမ်းသင့်သည့် လမ်းများချောမွေ့ရန် ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း၊ ယခုလို ဆောင်ရွက်နေခြင်းသည် အနာဂတ်အတွက် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှု၊ အမြော်အမြင်ကြီးသော ဆောင်ရွက်ချက်၊ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ခိုင်မာသော အာမခံချက်ဖြစ်သည်ကို တပ်မတော်အနေဖြင့် လေးနက်စွာခံယူပြီး မောင်တို့မယ်တို့ကို ယခုလိုတွေ့ဆုံဂုဏ်ပြုစကား ပြောကြားရခြင်းဖြစ်ပါကြောင်း။

မောင်တို့မယ်တို့အထဲမှ ဘက်စုံပညာထူးချွန်လူငယ်များသည် သက်ဆိုင်ရာကျောင်းအလိုက် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ထူးချွန်လူငယ်စစ်ဆေးမှုများကို အဆင့်ဆင့်စစ်ဆေးရွေးချယ်ခံခဲ့ရသူများပင်ဖြစ်ပါကြောင်း။

အလားတူ ထူးချွန်ကြက်ခြေနီလူငယ်များသည်လည်း ပြည်နယ်၊ တိုင်းဒေသကြီး ၁၄ခု၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ နေပြည်တော်ကောင်စီနယ်မြေ စုစုပေါင်း နယ်မြေ ၁၇ ခုနှင့်တက္ကသိုလ်၊ ကောလိပ် ၅၆ ခုတို့တွင် ဖွဲ့စည်းထားသည့်ကြက်ခြေနီအသင်းများမှ ရွေးချယ်ရေးမူ (၁၀) ချက်နှင့်အညီ အဆင့်ဆင့်ရွေးချယ်ခဲ့ပြီး သင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများ၊ သက်ဆိုင်ရာအဖွဲ့များတွင် တက်ကြွစွာဦးဆောင်ပါဝင်သူများ၊ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သူများပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့သည်လည်း ကြီးမားသော သမိုင်းအစဉ်အလာရှိသည့် အဖွဲ့ကြီးဖြစ်ပါကြောင်း။ ၁၉၂၀ ပြည့်နှစ်တွင်စတင်ထူထောင်ခဲ့သည့် ကင်းထောက်လုပ်ငန်းသည် နိုင်ငံရေး၊ စစ်ရေးမစွက်ဖက်သော မွန်မြတ်သည့် လူမှုရေးလုပ်ငန်းသက်သက်ဖြစ်ပြီး တာဝန်သိသောနိုင်ငံသားတစ်ယောက်ဖြစ်ရန် လေ့ကျင့်တည်ဆောက်ပေးသည့်လုပ်ငန်းဖြစ်၍ ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံသားတစ်ဦးချင်း၏ "တာဝန်သိမှု"၊ "ပူးပေါင်းဆောင်ရွက်တတ်မှု"တို့ကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ကင်းထောက်မောင်မယ်များကိုလည်း နိုင်ငံတစ်ဝန်းရှိ ကင်းထောက်သင်တန်းများ ဖွင့်လှစ်ပြီးဖြစ်သည့် အခြေခံပညာကျောင်းများမှ ကျောင်းအလိုက်စနစ်တကျ ရွေးချယ်ထားခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်၏ "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်" တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် ကျရာကဏ္ဍမှ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေသည့် တပ်မတော်အနေဖြင့်လည်း လူငယ်များ၏ အရည်အချင်း၊ အရည်အသွေးမြှင့်တင်ရေးအပိုင်းတွင် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်အခြေခံပညာကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများမှ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ တပ်မတော်သားများနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများထဲက ထူးချွန်ကျောင်းသားကျောင်းသူများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အတွက် ရေကြောင်းပညာနှင့် လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်မှ တာဝန်ယူပြီး ရေကြောင်းလူငယ်အခြေခံသင်တန်း၊ လေကြောင်းလူငယ်အခြေခံသင်တန်းတို့ကို တပ်မတော်ရေတပ်စခန်း၊ လေတပ်စခန်းရှိရာမြို့များတွင် ယခုနှစ်မှစပြီး ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်မှ လူငယ်များအား ယခုလို ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးခြင်းဖြင့် လူငယ်များ ဉာဏ်ရည်မြင့်မားရုံသာမက မိမိကိုယ်ကိုယုံကြည်အားကိုးသည့် စိတ်ဓာတ်များဖြင့် အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသူများ၊ အချင်းချင်းချစ်ကြည်ရင်းနှီးစွာ နေထိုင်တတ်သူများ၊ ဦးဆောင်မှုပေးနိုင်သူများ၊ အမိန့်နာခံတတ်သူများ၊ ပြုမူပြောဆိုကြံစည်မှုတို့တွင် စံနမူနာပြဖြစ်သူများ ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးစံများကို နှစ်သက်မြတ်နိုးထိန်းသိမ်းစောင့်ရှောက်တတ်သူများ၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ခိုင်မာစေရန်အတွက် အဘက်ဘက်က ယုံကြည်အားကိုးရသည့် နိုင်ငံ့အကျိုးပြု လူငယ်လူရွယ်များ ဖြစ်ပေါ်လာစေမှာလည်း ဖြစ်ပါကြောင်း။

ထူးချွန်လူငယ်မောင်မယ်များဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူလူထုက အားထားရမည့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးနိုင်မည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများဖြစ်ရန် စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်သွားကြပါဟု မှာကြားလိုပါကြောင်း၊ မောင်တို့မယ်တို့၏ ကြိုးပမ်းအားထုတ်မှုများသည် ပေါက်မြောက်အောင်မြင်ပြီး နိုင်ငံတော်၏ နယ်ပယ်အသီးသီးတွင် ထူးချွန်ထက်မြက်သော ခေါင်းဆောင်ကောင်းများ ဖြစ်ကြပါစေဟုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆုမွန်ကောင်းတောင်းပါကြောင်း၊ ဝမ်းမြောက်ဂုဏ်ယူစွာ ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များသည် ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် ဆက်သွယ်ရေးစက်များ၊ တပ်မတော် (လေ)တွင် အသုံးပြုနေသည့် လေယာဉ်ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(ရေ)မှ ထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ရွှေဖီဦးအသင့်ဖျော် လက်ဖက်ရည်ထုပ်များနှင့် စားသောက်ဖွယ်ရာများအား လက်ဆောင်ပေးအပ်ပြီး ဘက်စုံပညာထူးချွန်နှင့် ထူးချွန်ကြက်ခြေနီလူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြဝတီတေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့်ဖျော်ဖြေတင်ဆက်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ဘက်စုံပညာထူးချွန်၊ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များကကြည့်ရှုအားပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့်ကင်းထောက်လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံဂုဏ်ပြုပွဲအခမ်းအနားအပြီးတွင် ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များသည် တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ တပ်မတော်စစ်သမိုင်းပြတိုက်ရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်း၊ တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်းနှင့် ပြင်ပပြကွက်များဖြစ်သော တပ်မတော်(ကြည်း)မှ အမြောက်များနှင့် တိုက်ခိုက်ရေးယာဉ်များ၊ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်တပ်မတော်(လေ)မှ လေယာဉ်များ၊ ရဟတ်ယာဉ်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပန်ကြားနှိုးဆော်လွှာ

ပဋ္ဌမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ၁၁-၅-၂၀၁၄ ရက်နေ့မှ ၁၃-၅-၂၀၁၄ ရက်နေ့အထိ မြန်မာတစ်နိုင်ငံလုံးမှ ကိုယ်စားလှယ်သံဃာတော် အရှင်သူမြတ် ၂၅၅၈ ပါးဖြင့် ခမ်းနားထည်ဝါစွာကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော ဆရာတော်ကြီး ၂၅၅၈ ပါးတို့အား ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုပါက ကမ္ဘာအေးကုန်းမြေ သမဝါယမတန်ဆောင်း (အလှူခံဌာန)သို့ ၆-၅-၂၀၁၄ ရက်နေ့မှ ၁၀-၅-၂၀၁၄ ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

၁။ ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
ဖုန်း-၀၉-၈၆၀၂၄၂၇၊ ၀၁-၂၃၀၁၂၁၃

၂။ ဦးအောင်ကျော်စိုး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
ဖုန်း-၀၉-၄၉၂၀၆၈၆၂၊ ၀၁-၂၁၁၃၇၂

၃။ ဦးဇော်ဇော်ဦး၊ ညွှန်ကြားရေးမှူး၊ သာသနာရေးဝန်ကြီးဌာန၊ ကမ္ဘာအေးကုန်းမြေ
ဖုန်း-၀၉-၈၆၃၄၁၃၁၊ ၀၁-၆၅၂၆၂၉

၄။ ဦးသိန်းဦး၊ အတွင်းရေးမှူး၊ ဂေါပကအဖွဲ့၊ ကမ္ဘာအေးစေတီတော်
ဖုန်း-၀၁-၆၆၀၀၀၂၊ ၀၁-၆၆၂၈၈၂

အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်သင်တန်းဖွင့်လှစ်ခြင်း

နေပြည်တော် မေ ၄

ဓမ္မဗျူဟာသာသနမာမကအဖွဲ့(နေပြည်တော်)မှကြီးမှူး၍ကျင်းပသည့် အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်သင်တန်းကို ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ အထက(၅) နေပြည်တော်တွင် မေ ၄ ရက်မှစတင်၍ ဆရာ ဆရာမများက သင်ကြားပို့ချလျက်ရှိပြီး သင်တန်းသား သင်တန်းသူဦးရေ ၁၂၀ တက်ရောက်လေ့လာသင်ကြားလျက်ရှိသည်။ သင်တန်းကာလမှာ မေ ၄ ရက်မှ ဒီဇင်ဘာလအထိ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဓမ္မဒါနအဖြစ် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အာဖရိကဒေသ၌ တရုတ်ရင်းနှီးမြှုပ်နှံမှုအပေါ် အငြင်းပွားမှုများကြီးမားလာ

ပေကျင်း မေ ၄

အာဖရိကဒေသ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံခြင်းများအပေါ် အငြင်းပွားမှုများမြင့်တက်လာခြင်းသည် ဖွံ့ဖြိုးလျက်ရှိသော နှစ်နိုင်ငံဆက်ဆံရေးကို ကြီးမားစွာထိခိုက်လာကြောင်း၊ ယမန်နှစ်က နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် ဒေါ်လာဘီလီယံ ၂၀၀အထိ ရောက်ရှိခဲ့ကြောင်း ဝန်ကြီးချုပ်လီကွေ့ကျန်းက တနင်္ဂနွေနေ့တွင် အာဖရိကခရီးစဉ်မစမီ ပြောကြားခဲ့သည်။

ကင်ညာ၊ အန်ဂိုလာ၊ နိုင်ဂျီးရီးယားနှင့် အီသီယိုးပီးယားနိုင်ငံများသို့ မေ ၄ ရက်မှ ၁၁ ရက်နေ့အထိ ကြာမြင့်သောခရီးစဉ်မထွက်ခွာမီ ဝန်ကြီးချုပ်က ပြောကြားရာမှာ အာဖရိကရှိ တရုတ်ကုမ္ပဏီများသည် ဒေသဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် လိုအပ်သကဲ့သို့ ဒေသခံပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်လည်း တာဝန်ယူရမည်ဟုဆိုသည်။

တရုတ်စီးပွားရေးလုပ်ငန်းများသည် အာဖရိက၌ အခြေခံအဆောက်အအုံများ၊ သတ္တုတွင်းများနှင့် စွမ်းအင်ကဏ္ဍများတွင် ကြီးမားစွာ ရင်းနှီးမြှုပ်နှံထားသကဲ့သို့ ရေနံနှင့်ကြေးနီကဲ့သို့သော အဓိက ကုန်ပစ္စည်းများပိုမိုရရှိရန် ကြိုးစားလျက်ရှိသည်။

သို့သော် တရုတ်ကုမ္ပဏီများသည် ဒေသခံဝန်ထမ်းများအပေါ်၌ တရားမျှတမှုကင်းမဲ့စွာဆက်ဆံကြသည်ဟု စွပ်စွဲမှုများရှိနေသည်။ ချဒ်နှင့်နိုင်ဂျာ၌ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းနှစ်ခုမှ ရေနံအလုပ်သမားများသည် လစာပေးမှုမညီမျှသည့်အတွက် မတ်လတွင် သပိတ်မှောက်ခဲ့ကြသည်။

၂၀၀၉ ခုနှစ်တွင် အာဖရိက၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် အမေရိကန်ပြည်ထောင်စုကို ကျော်ဖြတ်ခဲ့သည့် တရုတ်နိုင်ငံ၏ ကုမ္ပဏီပေါင်း ၂၅၀၀ ကျော်သည် အာဖရိကတွင် စီးပွားရေးရှာလျက်ရှိသည်။

၂၀၁၃ ခုနှစ်၌ တရုတ်နှင့်အာဖရိကနိုင်ငံများအကြား နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် ဒေါ်လာဘီလီယံ ၂၁၀ ကျော်လွန်ခဲ့သော်လည်း ပေကျင်းသည် ဒေသခံများအတွက် အလုပ်အကိုင်များ၊ ဈေးကွက်များဖန်တီးပေးရေးထက် သယံဇာတကုန်ကြမ်းများရယူရေးကိုသာ ကြိုးပမ်းခြင်းကြောင့် အာဖရိက၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေခဲ့သည်ဟု စွပ်စွဲကြသည်။ **ရိုက်တာ။**

ဘင်္ဂလားဒေ့ရှ်တွင် မိုးကြိုးပစ်ရှစ်ဦးသေဆုံး၊ ၁၅ ဦးဒဏ်ရာရ

ဒါကာ မေ ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ သီးခြားခရိုင်များတွင် မိုးကြိုးပစ်ရာရှစ်ဦးသေဆုံး၍၁၅ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ မေ ၄ ရက် သတင်းတွင် ဖော်ပြသည်။

မိုးကြိုးပစ်ခံရသူအများစုမှာ စိုက်ခင်းထဲတွင် အလုပ်လုပ်နေသော လယ်သမားများဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ဘက်မှ ကီလိုမီတာ ၁၀၀ခန့်ကွာဝေး သော တမ်ဂေးလ်ဒေသရှိ ဘောလုံးကွင်းထဲ တွင် ကစားနေသော ကျောင်းသားများအနက် မိုးကြိုးထိမှန်ခံရမှုကြောင့် ကျောင်း သားတစ်ဦး သေဆုံး၍ ငါးဦးဒဏ်ရာရရှိ ကြောင်း သတင်းတွင် ဖော်ပြသည်။

ဒဏ်ရာရရှိသွားသော ကျောင်းသားများအား တမ်ဂေးလ်ဒေသရှိ ဆေးရုံသို့တင်၍ ကုသပေးလျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်ပိုင်းရှိ မီဟာပါခရိုင်၊ ကီရိုရီဂန်ဂျီခရိုင် အရှေ့မြောက်ပိုင်း၊ နော့ခ်ခါလီ ခရိုင်အရှေ့တောင်ပိုင်းရှိ ဒီဂျက်ပါလ်ခရိုင်တို့တွင် မိုးကြိုးပစ်ခံရ၍ ဒဏ်ရာရရှိကြကြောင်း သတင်းတွင် ပါရှိသည်။ **ဆင်ဟွာ။**

ဟွန်ဒူးရပ်စ်တွင် ကလေးခုနစ်ယောက် အသတ်ခံရမှု စစ်ဆေးလျက်ရှိ

တီဂူစီဂါပါ မေ ၄

ကလေးခုနစ်ယောက်သည် ဒုစရိုက်ဂိုဏ်းများသို့ ဝင်ရောက်ရန် ငြင်းဆိုကြပြီးနောက် သတ်ဖြတ်ခြင်းခံရသည်ဟု ယူဆရသော ဖြစ်စဉ်ကို ဟွန်ဒူးရပ်စ်အာဏာပိုင်များ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နောက်ဆုံးဖြစ်ခဲ့သည့်အမှုမှာ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရဟန်တူသော ခုနစ်နှစ်အရွယ်ကလေးတစ်ယောက်၏ အလောင်းကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းနေ့မတိုင်မီနေ့ကလည်း ၎င်း၏ အစ်ကိုတော်စပ်သူ ၁၃နှစ်အရွယ် ကလေးတစ်ယောက်သေဆုံးနေသည်ကို တွေ့ခဲ့ရသည်။

စက်မှုမြို့တော် စန်ပီဒရိုဆူလာ၏ လမ်းလူဆိုးဂိုဏ်းများကြီးစိုးရာနယ်မြေတွင် ဖော်ပြပါ အမှုအခင်းအားလုံးဖြစ်ခဲ့သည်။ ကမ္ဘာပေါ်တွင် လူသတ်မှုနှုန်းအမြင့်မားဆုံးနိုင်ငံများတွင် ဟွန်ဒူးရပ်စ်နိုင်ငံ ပါဝင်သည်။

ဟွန်ဒူးရပ်စ်နိုင်ငံ၏ အဓိကလူဆိုးဂိုဏ်းကြီးနှစ်ဂိုဏ်းဖြစ်သည့် "မာရာ၁၈"နှင့် မာရာ ဆဲလ်ဗာထရူချာ"တို့အကြား အမြဲတမ်းတိုက်ခိုက်နေသဖြင့် ထောင်ပေါင်းများစွာသော အသက်များဆုံးရှုံးခဲ့ရကြောင်း သတင်းများက ဖော်ပြသည်။

ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးသူများက အဆိုပါ သတ်ဖြတ်မှုများ၏နောက်တွင် လမ်းလူဆိုးဂိုဏ်းများရှိနေသည်ဟု ၎င်းတို့ ယုံကြည်ကြောင်း ပြောကြားသည်။ **ဘီဘီစီ။**

မေ ၁ ရက်က အဘူဂျာမြို့တွင် ဖြစ်ပွားသည့် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုမြင်ကွင်း။

နိုင်ဂျီးရီးယားတွင် ကမ္ဘာ့စီးပွားရေးဖိုရမ် မကျင်းပမီ ဗုံးပေါက်ကွဲမှုနှင့် စပ်လျဉ်း၍ လူအချို့ကို ဖမ်းဆီး

အဘူဂျာ မေ ၄

နိုင်ဂျီးရီးယားနိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ် မစတင်မီရက်များအတွင်းက မြို့တော်အဘူဂျာတွင် ဖြစ်ပွားခဲ့သည့် ဗုံးဖောက်ခွဲမှုများနှင့် ပတ်သက်၍ လူအချို့ကို နိုင်ဂျီးရီးယားလုံခြုံရေးတပ်ဖွဲ့က ထိန်းသိမ်းထားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ထိန်းသိမ်းထားသူအများစုမှာ နိုင်ငံခြားသားများဖြစ်သည်ဟုသာ ပြောကြားခဲ့ပြီး အသေးစိတ် အချက်အလက်များကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိပေ။

ကမ္ဘာ့စီးပွားရေးဖိုရမ်ကျင်းပမည့်ရက်များအတွင်း အစိုးရရုံးများ၊ စာသင်ကျောင်းများအား ပိတ်ထားရန် နိုင်ဂျီးရီးယားအစိုးရတာဝန်ရှိသူများက အမိန့်ထုတ်ပြန်ထားသည်။ ယင်းဖိုရမ်သို့ ကင်ညာ၊ ဆီနီဂေါနှင့် ရဝမ်ဒါနိုင်ငံများမှ သမ္မတများတက်ရောက်မည်ဖြစ်ပြီး တရုတ်နိုင်ငံဝန်ကြီးချုပ် လီကွေ့ကျန်းလည်း တက်ရောက်မည်ဖြစ်သည်။

နိုင်ဂျီးရီးယားအစိုးရသည် ၎င်းနိုင်ငံအတွင်း ပျံ့နှံ့စွာဖြစ်ပွားနေသည့် ဆူပူအုံကြွမှုများကို ထိရောက်စွာကိုင်တွယ်ရန် ဖိအားပေးခံနေရသည်။

လွန်ခဲ့သည့် ရက်သတ္တပတ် နှစ်ပတ်အလွန်က နိုင်ဂျီးရီးယားနိုင်ငံတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် လူ ၇၅ ဦးသေဆုံးခဲ့ပြီးနောက် ဖြစ်ပွားခဲ့သည့် မေ ၁ ရက် ဗုံးဖောက်ခွဲတိုက်ခိုက်မှု၌ လူ ၁၉ ဦးသေဆုံးခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးခွဲတိုက်ခိုက်မှု ဖြစ်စဉ်များအား လုပ်ဆောင်ခဲ့သည်ဟု မည်သည့်စစ်သွေးကြွအုပ်စုကမျှ ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း ယင်းဖြစ်စဉ်များနှင့်ပတ်သက်၍ ဘိုကိုဟာရမ်စစ်သွေးကြွများတွင် တာဝန်ရှိကြောင်း စွပ်စွဲပြစ်တင်ခဲ့သည်။ **ဘီဘီစီ။**

အီရတ်နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွား ၁၆ ဦးသေဆုံး၊ ၁၆ ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံတစ်ဝန်းတွင် မေ ၃ ရက်က အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားရာ ၁၆ဦး သေဆုံး၍ ၁၆ ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးဘက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက မေ ၄ ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြောက်ဘက်မှ ကီလိုမီတာ ၂၀၀ ခန့်ကွာဝေးသော ဘိုင်ဂျီမြို့အနီး အဓိကကျသောလမ်းမကြီးတွင် မောင်းနှင်လာသော ကားတစ်စီးကို သေနတ် သမားများက ကြားဖြတ်တိုက်ခိုက်ရာ တပ်ဖွဲ့ဝင်လေးဦးသေဆုံးကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြောက်ဘက်မှ ကီလိုမီတာ ၃၀ ခန့်ကွာဝေးသော တာမီရတ်ဒေသတွင် အစိုးရ ကျောထောက်နောက်ခံပြု ရှာဝါပြည်သူ့စစ်အဖွဲ့ဝင်အုပ်စုရှိရာ လုံခြုံရေးစစ်ဆေးရေးဂိတ် သို့ သေနတ်သမားများ ရောက်ရှိလာပြီး ပစ်ခတ်ရာသုံးဦးသေဆုံး၍ ငါးဦးဒဏ်ရာရရှိကြောင်း ဒဏ်ရာရသူ ငါးဦးအနက် သုံးဦးမှာ ဖြတ်သွားဖြတ်လာများဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားသည်။

အန်ဘာပြည်နယ်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သေနတ်သမားများ ဘဂ္ဂဒက် အနောက်ဘက်မှ ကီလိုမီတာ ၅၀ ခန့်ကွာဝေးသော ဖော်လူဂျာမြို့ရှိ စစ်ဘက်ဆိုင်ရာအခြေစိုက်စခန်းတွင် ပစ်ခတ်မှုများဖြစ်ပွားရာစစ်သွေးကြွခုနစ်ဦး သေဆုံးသည်။ **ဆင်ဟွာ။**

ဆလိုဗီယာနက်မြို့ရှိ ရုရှားလိုလားသူများ ခြေကုပ်စခန်း ယူကရိန်းတပ်များ ဝိုင်းရံထား

ကီယက် မေ ၄

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ ဆလိုဗီယာနက်မြို့၌ ရုရှားလိုလားသူများ၏ အခိုင်အမာခြေကုပ်စခန်းကို အစိုးရတပ်ဖွဲ့များက ဝိုင်းရံထားကြောင်း တနင်္ဂနွေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လက်ရှိအနေအထားမှာ ဆလိုဗီယာနက်မြို့ ပတ်ဝန်းကျင်ရှိ မြို့ငယ်လေးများ၌ ခွဲထွက်ရေးသမားများ ထိန်းချုပ်ထားသည့် အစိုးရအဆောက်အအုံများကို ပြန်လည်သိမ်းယူရန်အတွက် တပ်ဖွဲ့များ စုစည်းနေ ဖွယ်ရာရှိသည်ဟုဆိုသည်။

ယူကရိန်းအစိုးရတပ်ဖွဲ့များသည် ဆလိုဗီယာနက်မြို့၏ ဝင်လမ်းထွက်လမ်းများကို ပိတ်ဆို့ထားဟန်ရှိကြောင်း ဘီဘီစီသတင်းထောက်က ပြောကြားသည်။

မြို့တွင်း၌ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလာမည်ဟု မျှော်လင့်ထားကြောင်း၊ စိုးရိမ်ထိတ်လန့်လျက်ရှိကြောင်း ဆလိုဗီယာနက်မြို့သားတစ်ဦးက ဘီဘီစီသို့ ပြောကြားခဲ့သည်။ **ဘီဘီစီ။**

ဆလိုဗီယာနက်မြို့၌ ယူကရိန်းတပ်ဖွဲ့ဝင်များက လမ်းမတစ်ခုကို ပိတ်ဆို့ထားစဉ်။

အကြမ်းဖက်မှုရေယဉ်ကြောမှာ ကမ္ဘာကြီးမျောပါ

ကိုရင်ဩ

၂၀၁၁ ခုနှစ် မေ ၂ ရက်က အမေရိကန်ရေတပ်၏ အထူးစစ်ဆင်ရေးလုပ်ငန်းများဆိုင်ရာ တပ်ဖွဲ့ဖြစ်သော နေဗီဆီးလ်(Navy SEALs)တပ်ဖွဲ့က အထူးစစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့ရာတွင် အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်ကို အသေဖမ်းဆီးရမိခဲ့သည်။ ပါကစ္စတန်နိုင်ငံ အက်ဘော့တာဘတ်မြို့ရှိ ဘင်လာဒင်၏နေအိမ်ကို အမေရိကန်အထူးတပ်ဖွဲ့ဝင်များက လျှပ်တစ်ပြက် စီးနင်းဝင်ရောက်ကာ ဖမ်းဆီးရာမှ ၎င်းမှာ သေဆုံးခဲ့ရသည်။

ယနေ့ကာလတွင် ဘင်လာဒင်သေဆုံးခဲ့ရသည်မှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ဘင်လာဒင် သေဆုံးရခြင်းတည်းဟူသော အကြောင်းတရားအရ မည်ကဲ့သို့သော အပြောင်းအလဲများဖြစ်ပေါ်ခဲ့ပါသနည်း။ ၎င်း၏ ဦးဆောင်မှုအောက်ရှိ အယ်လ်ခိုင်ဒါအဖွဲ့မှာလည်း မည်သို့ ပြောင်းလဲသွားခဲ့ပါသနည်း စသည်ဖြင့် စဉ်းစားစရာပင်ဖြစ်သည်။

ဘင်လာဒင် သေဆုံးရခြင်းသည် အယ်လ်ခိုင်ဒါအဖွဲ့အတွက် သမ္မာရင့်ခေါင်းဆောင်တစ်ဦး ဆုံးရှုံးရမှုဖြစ်သကဲ့သို့ ဝါဒသဘောတရားရေးရာအရလည်း ထိခိုက်ရမှုဖြစ်သည်ဟု ယူဆသူများ ရှိပေလိမ့်မည်။

ဘင်လာဒင် လုပ်ကြံသတ်ဖြတ်ခံရချိန်မှာ "အာရပ်နွေဦး"ဟု ပြောစမှတ်ပြုကြရသော တော်လှန်ရေးအသွင်ဆောင်သည့် လူထုအုံကြွမှုများ အာရပ်ကမ္ဘာတွင် ဆက်တိုက်ဖြစ်ပွားနေချိန်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်ခဲ့သော အာရပ်နွေဦး လှုပ်ရှားမှုများသည် ယခုအခါ အားပျော့သွားပြီဖြစ်သော်လည်း အယ်လ်ခိုင်ဒါအဖွဲ့နှင့် ယင်းအဖွဲ့နှင့် ဆက်နွှယ်သော အဖွဲ့များ ခေါင်းထောင်နေဆဲဖြစ်သည်ကို တွေ့ရသည်။

ဘင်လာဒင်သေဆုံးသွားသော်လည်း ကမ္ဘာတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ အကျိုးဆက်အားဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့များက ငွေကြေးအမြောက်အမြားကို ပုံအောသုံးစွဲနေရသည်။ အိုစမာဘင်လာဒင်၏ စံအိမ်ကို လျှပ်တစ်ပြက် စီးနင်းသည့်စစ်ဆင်ရေးမှာ မိနစ် ၄၀ မျှသာ ကြာမြင့်ခဲ့သော်လည်း ၎င်းကို ဖမ်းဆီးရမိနိုင်ရန် ၁၀ နှစ်နီးပါးကြာမျှ ကြိုးပမ်းခဲ့ရာတွင် ဒေါ်လာငွေ သန်းပေါင်းများစွာ ကျခံသုံးစွဲခဲ့ရသည်။

ဘင်လာဒင် အရှောင်အတိမ်းကောင်းခဲ့ပုံမှာလည်း အများသူငါ အံ့အားသင့်စရာဖြစ်သည်။ ဘင်လာဒင် ပုန်းအောင်းရာ အက်ဘော့တာဘတ်မြို့သည် ပါကစ္စတန်ကြည်းတပ်၏ အခြေစိုက်စခန်းတည်ရှိရာမြို့ဖြစ်သည့်အပြင် ၎င်းနေထိုင်ခဲ့ရာ စံအိမ်မှာ ပါကစ္စတန် စစ်တက္ကသိုလ်မှ သုည ဒသမ ၈ မိုင်(၁ ဒသမ ၃ ကီလိုမီတာ)မျှသာ ကွာဝေးသော နေရာတွင် တည်ရှိသည်။

အက်ဘော့တာဘတ်မြို့၌ အိုစမာဘင်လာဒင် နေထိုင်ခဲ့သည့် စံအိမ်

{ဘင်လာဒင်မရှိတော့သော်လည်း အယ်လ်ခိုင်ဒါအဖွဲ့သည် ပြိုကွဲသွားခြင်းမရှိပေ။ ဘင်လာဒင်၏ မူဝါဒလမ်းစဉ်ကို ယုံကြည်သူများ ရှိနေသရွေ့ မျိုးဆက်သစ် အကြမ်းဖက်အုပ်စုများ ရှိနေပေဦးမည်။ အကြမ်းဖက်မှု ရေယဉ်ကြောတွင် ကမ္ဘာကြီး ဆက်လက် မျောပါနေဆဲဖြစ်}

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ နယ်မြေအတွင်း ဝင်ရောက်ကာ ဘင်လာဒင်အား သတ်ဖြတ်ခဲ့ခြင်းသည် အငြင်းပွားပြောဆိုစရာ ဖြစ်ခဲ့ရသည်။ ၎င်းအား လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းသည် တရားဥပဒေအရလည်းကောင်း၊ နီတိကျင့်ဝတ်အရလည်းကောင်း ညီညွတ်မှုရှိ၊ မရှိ အငြင်းပွားကြရသည်။

ဘင်လာဒင်အား ပြစ်မှုဆိုင်ရာဥပဒေအရ အမေရိကန်တရားရုံးတစ်ရုံးက ၎င်း၏ မျက်ကွယ်တွင် စွဲချက်တင်ထားပြီးဖြစ်ရာ စစ်အင်အားသုံး၍ ၎င်းကို သတ်ဖြတ်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှုမရှိဟု ယူဆရဖွယ်ရှိသည်။

သို့ရာတွင် ဘင်လာဒင်သည် အမေရိကန်ပြည်ထောင်စုအား လက်နက်စွဲကိုင်ကာ ပုန်ကန်နေသူတစ်ဦးဖြစ်သဖြင့် အမေရိကန်ဥပဒေနှင့် နိုင်ငံတကာဥပဒေတို့အရ ယင်းသို့သတ်ဖြတ်ခြင်းသည် အပြစ်မရှိဟုလည်းယူဆနိုင်သည်။

အခြား အငြင်းပွားစရာ ပြဿနာတစ်ရပ်မှာ ဘင်လာဒင်သေဆုံးမှုနှင့် သက်ဆိုင်နေသော ဓာတ်ပုံ သို့မဟုတ် ဒီအင်န်အေ အထောက်အထား တစ်ရပ်ရပ်ကို ပြည်သူလူထုထံသို့ ထုတ်ပြန်ခြင်းမပြုရန် အမေရိကန်အစိုးရက တားမြစ်ခဲ့ခြင်းဖြစ်သည်။

စီအိုင်အေက ဦးဆောင်သော Operation Neptune Spear စစ်ဆင်ရေးအတွင်း ဘင်လာဒင်သေဆုံးခဲ့ရပြီးနောက် အရှေ့အလယ်ပိုင်းဒေသ၏ နိုင်ငံရေးရှုခင်း အကြီးအကျယ် ပြောင်းလဲသွားခဲ့သည်ကို ကျွန်ုပ်တို့ တွေ့မြင်ရသည်။ ဘင်လာဒင်၏ ရန်သူဟောင်းများအနက် လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီနှင့် ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလားတို့ နှစ်ဦးစလုံး ရာထူးမှ ဖြုတ်ချခံခဲ့ကြရသည်။ ကဒါဖီဆိုလျှင် နောက်ပိုင်း အသတ်ခံခဲ့ရသည်အထိ ကြုံတွေ့ခဲ့သည်။

ဘင်လာဒင်၏ ရန်သူဟောင်းတစ်ဦးဖြစ်သော အီဂျစ်သမ္မတ ဟိုစနီမူဘာရက်မှာလည်း ၁၉၈၁ မှ ၂၀၁၁ ခုနှစ် အထိ သမ္မတအဖြစ် စိုးစံခဲ့ပြီးနောက် အကျဉ်းသားဘဝသို့ ရောက်ရှိခဲ့သည်။

ဘင်လာဒင် ခေတ်လွန်ကာလ အထူးခြားဆုံး အပြောင်းအလဲတစ်ရပ်မှာ ဆီးရီးယား၌ ပြည်တွင်းစစ်ဖြစ်ပွားခြင်းဖြစ်သည်။ အာဏာရ ဘတ်ပါတီအစိုးရအဖွဲ့ကို သစ္စာခံသော တပ်ဖွဲ့များနှင့် သမ္မတ ဘရှားအယ်လ်-အာဆတ် ဆယ်စုနှစ်လေးစုကြာမျှ အုပ်စိုးမှုကို ဆန့်ကျင်သော အတိုက်အခံများအကြား တိုက်ခိုက်ခြင်းဖြစ်သည်။

ဘင်လာဒင် ခေတ်လွန်ကာလတွင် အမေရိကန်က ပါကစ္စတန်ရှိ အယ်လ်ခိုင်ဒါ ထိပ်ပိုင်းခေါင်းဆောင်များအား မောင်းသူမဲ့လေယာဉ်ဖြင့် ချေမှုန်းတိုက်ခိုက်မှုကို တိုးမြှင့်ပြုလုပ်ခဲ့ခြင်းသည် ယင်းအဖွဲ့အတွင်း ဗဟိုဦးစီးစနစ်အားပျော့သွားသည်ကို ထင်ဟပ်နေသည်ဟု ယူဆရဖွယ်ရှိသည်။

အယ်လ်ခိုင်ဒါအဖွဲ့၏အင်အားသည် တစ်နေရာတည်းတွင် စုစည်းမနေတော့ဘဲ အဘက်ဘက်သို့ ပျံ့နှံ့သွားသည့် လက္ခဏာအဖြစ် အကြမ်းဖက်အုပ်စုသစ်များ ပေါ်ထွက်လာသည်။ ဆီးရီးယားနိုင်ငံမှ အယ်လ်နူဆာရာတပ်ဦးအမည်ရှိ အဖွဲ့နှင့် ဆိုမာလီနိုင်ငံမှ အယ်လ်ရှာဘတ်အဖွဲ့တို့သည် အယ်လ်ခိုင်ဒါအဖွဲ့၏ လက်အောက်ခံအဖွဲ့များအနက် အကြီးဆုံးအဖွဲ့များအဖြစ် ရပ်တည်လာသည်။

ဘင်လာဒင် မရှိတော့သော်လည်း အယ်လ်ခိုင်ဒါအဖွဲ့သည် ပြိုကွဲသွားခြင်းမရှိပေ။ ဘင်လာဒင်၏ မူဝါဒလမ်းစဉ်ကို ယုံကြည်သူများ ရှိနေသရွေ့ မျိုးဆက်သစ် အကြမ်းဖက်အုပ်စုများ ရှိနေပေဦးမည်။ အကြမ်းဖက်မှုရေယဉ်ကြောတွင် ကမ္ဘာကြီး ဆက်လက်မျောပါနေဆဲဖြစ်သည်ဟု တွေးတောစရာဖြစ်ရပါသည်။ ။

ကလေးငယ်များ၏ စိတ်ကူးပုံရိပ်ထဲက ပန်းချီပြိုင်ပွဲ

ရန်ကုန် မေ ၄

ကလေးငယ်များ၏ အိပ်မက်နှင့် စိတ်ကူးပုံရိပ်တို့ကို ထုဆစ်ပုံဖော်ခဲ့သည့် Dream Car အမည်ရှိ ပထမအကြိမ် စိတ်ကူးပုံရိပ် မော်တော်ကားပန်းချီပြိုင်ပွဲတစ်ရပ်ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Aye & Sons Services Ltd.Brand Car Show ၌ ကျင်းပသည်။

စိတ်ကူးပုံရိပ် မော်တော်ကားပန်းချီပြိုင်ပွဲသည် TOYOTA Dream Car Art ၏အဌမအကြိမ်မြောက် ပြိုင်ပွဲဖြစ်ပြီး တစ်နိုင်ငံလုံးရှိ ကလေးငယ်များ၏ စိတ်ကူးပုံရိပ်ထဲမှ မော်တော်ကားပန်းချီအနေဖြင့် ပုံဖော်၍ ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

ဆုများပေးအပ်ချီးမြှင့်

အဆိုပါ မော်တော်ကားပန်းချီပြိုင်ပွဲသည် ကလေးငယ်များ၏ တီထွင်ဖန်တီးမှုနှင့် ကားအကြောင်းစိတ်ဝင်စားမှုရှိစေရေးတို့ကို တွန်းအားပေးသောပြိုင်ပွဲဖြစ်ပြီး အသက်(၈)နှစ်မှ (၁၅)နှစ်အတွင်းရှိ ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်ပြီး ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသော ကလေးငယ်များကို သရုပ်ဆောင်အဆိုတော် ချစ်သုဝေနှင့် ပန်းချီဆရာ ငြိမ်းချမ်းဆုတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

(ကိုကြီးကျော်)

ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဘယ်လိုရင်ဆိုင်ကြမလဲ

ဒေါက်တာကံညွန့်

ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူးပြီး ဂျပန်နိုင်ငံ Yokohama မြို့မှာ ခြောက်ရက်ကြာ ကျင်းပခဲ့တဲ့ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဘယ်လိုကြိုတင်ကာကွယ်ကြမလဲဆိုတဲ့ အစည်းအဝေးကြီးကတော့ ပြီးစီးသွားပါပြီ။ ဒီအစည်းအဝေးကြီးကို ကမ္ဘာ့ကုလသမဂ္ဂက ဖွဲ့စည်းပေးထားတဲ့ (IPCC) ခေါ်တဲ့ Intergovernmental Panel On Climate Change အဖွဲ့ကြီးက ဦးဆောင်ကျင်းပခဲ့တာပါ။ ကမ္ဘာအရပ်ရပ်က သိပ္ပံပညာရှင်တွေနဲ့ အစိုးရကိုယ်စားလှယ်ပေါင်း ၅၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ ဒီအစည်းအဝေးကြီးအပြီးမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ရာသီဥတုပြောင်းလဲမှုဟာ ကမ္ဘာလူသားတွေအတွက် စီးပွားရေးကပ်ဆိုက်မှု၊ ဆင်းရဲမွဲတေမှုနှင့် သောက်သုံးရေနှင့် စားနပ်ရိက္ခာရှားပါးမှုတို့ကို အကြီးအကျယ်ရင်ဆိုင်ရလိမ့်မယ်လို့ သတိပေးထုတ်ပြန်လိုက်ပါတယ်။ သူတို့အဆိုအရ ရာသီဥတုပူပြင်းလာမှုကိုသာမန်ထက်ပိုပြီး ၂ ဒီဂရီစင်တီဂရိတ်အထိသာရှိအောင် ထိန်းထားရန်ဖြစ်ပြီး ဒါကို 2 Degree Target လို့သတ်မှတ်ပြီး ဆောင်ရွက်ကြဖို့ နှိုးဆော်ထားပါတယ်။ အကယ်၍သာ ဒီထက်ပိုပြီး 4°C ထိတက်လာရင် အလွန်စိုးရိမ်ဖွယ်အခြေအနေလို့လည်း ထောက်ပြထားပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ၁၉၉၇ ခုနှစ်က ဂျပန်နိုင်ငံ ကျိုတိုမြို့မှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာဆွေးနွေးပွဲတစ်ခုမှာလည်း ဆွေးနွေးခဲ့ကြပါတယ်။ ဒီဆွေးနွေးပွဲက ကာဗွန်ဒိုင်ခာတ်ထွက်ပေါ်လာမှုကို ထိန်းချုပ်ဖို့ နိုင်ငံတကာသဘောတူချက်တစ်ရပ်ကို 1997 Kyoto Protocol ဆိုပြီး ထုတ်ပြန်နိုင်ခဲ့ကြပေမယ့် ကမ္ဘာ့ကာဗွန်ဓာတ်အထုတ်အများဆုံး စက်မှုနိုင်ငံကြီးနှစ်ခုဖြစ်တဲ့ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ မပါဝင်ခဲ့ကြတာကြောင့် အထမမြောက်ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် 1997 Kyoto Protocol ကို ယခု ၂၀၁၅ မှာ ထပ်မံဆွေးနွေးမယ့်ဆုံးဖြတ်ချက်တွေနဲ့ အစားထိုးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီဆွေးနွေးပွဲမတိုင်ခင် ၂၀၀၇ ခုနှစ်က Working Group (၃) ခုခွဲပြီး သုံးသပ်ထားတဲ့ အစီရင်ခံစာတွေကို စုပေါင်းပြီး ၂၀၁၅ မှာ အပြီးသတ်ညှိနှိုင်းကြမှာဖြစ်ပါတယ်။ Group I ရဲ့ အစီရင်ခံစာကို ပြီးခဲ့တဲ့ စက်တင်ဘာလမှာလည်းကောင်း၊ Group II နဲ့ III ရဲ့ အစီရင်ခံစာတွေကို လာမည့်ဧပြီလဘာလင်မှာ ကျင်းပမယ့် ဆွေးနွေးပွဲမှာလည်းကောင်း၊ လာမယ့် အောက်တိုဘာလမှာ ကိုပင်ဟေဂင်မှာ ကျင်းပမယ့် ဆွေးနွေးပွဲမှာလည်းကောင်း အသီးသီးတင်ပြကြဖို့ သတ်မှတ်ထားကြပါတယ်။

ကိုယ့်အရပ် ကိုယ့်ဒေသမှာ သစ်ပင်သစ်တောတွေကို မပြုန်းတီးအောင်ကာကွယ်ပေးခြင်း၊ သစ်ပင်စိုက်ခြင်း၊ စွမ်းအင်အတွက် သဘာဝက ထုတ်ယူနိုင်တဲ့ ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်တို့ကို အသုံးပြုခြင်း၊ ကလိုရိုဖလူရိုကာဗွန်အပါအဝင် အိုဇုန်းလွှာပျက်စီးစေတဲ့ ဓာတ်ငွေ့များထွက်ပေါ်မယ့် စက်ရုံ အလုပ်ရုံတွေကို ကိုယ့်တိုင်းပြည်အတွက် လုံလောက်ရုံသာ တည်ဆောက်ခြင်းတို့ဖြင့် ကာကွယ်ထားသင့်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုဟာ ရေခဲတောင်တွေ ပျော်ကျလာမှု၊ တချို့သမုဒ္ဒရာတွေထဲမှာရှိတဲ့ ရေခဲပြင်တွေ ပျော်ကျလာမှုတွေကြောင့် ပင်လယ်ရေပြင်မြင့်တက်လာခြင်း၊ တချို့နေရာတွေမှာ ရေကြီးခြင်း၊ တချို့နေရာတွင် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းကြောင့်စိုက်ပျိုးသီးနှံ အထွက်နှုန်းကျဆင်းလာခြင်း၊ သက်ရှိသတ္တဝါများမျိုးသုဉ်းပျောက်ကွယ်ခြင်းတို့ကြောင့် စားနပ်ရိက္ခာရှားပါးမှုနှင့် ကြုံတွေ့လာနိုင်ခြင်း၊ ရာသီဥတုဒဏ်ကြောင့် လူအများရောဂါဘယထူပြောလာခြင်း၊ အပူဒဏ်မြင့်တက်လာမှုကြောင့် နေ့လယ်နေ့ခင်းအလုပ်ချိန်တွင် လူအများ အလုပ်မလုပ်နိုင်ခြင်းစတဲ့ ဆိုးကျိုးတွေကို ခံရနိုင်မယ်လို့သိပ္ပံပညာရှင်တွေက မှန်းဆထားခဲ့ကြပါတယ်။

သူတို့ထောက်ပြထားတဲ့ အချက်တွေထဲမှာ ကမ္ဘာ့လေထုထဲမှာ သစ်ပင်သစ်တောတွေက ထွက်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နဲ့ ပင်လယ်ရေမျက်နှာပြင်က ထွက်လာတဲ့ Water vapour, Methane နဲ့ Nitrous Oxide ဓာတ်ငွေ့တွေကသာ ကမ္ဘာကြီးအပူရှိန်ကို ထိန်းနိုင်စွမ်းရှိကြပြီး စက်ရုံအလုပ်ရုံနဲ့ လူသုံးကုန်ပစ္စည်းတွေက ထွက်လာတဲ့ CFC ခေါ်တဲ့ ကလိုရိုဖလူရိုကာဗွန်၊ HFC ခေါ်တဲ့ ဟိုင်ဒရိုဖလူရိုကာဗွန်၊ PFC ခေါ်တဲ့ ပါဖလူရိုကာဗွန်၊ SF 6 ခေါ်တဲ့ ဆာလ်ဖာဟက်ဆာဖလူရိုက်တို့ဟာ ကမ္ဘာကြီးကိုဒုက္ခပေးနေတဲ့ ဓာတ်ငွေ့တွေဖြစ်ပြီး ရာသီဥတုကို ပြောင်းလဲစေပြီး ကမ္ဘာကြီးပူနွေးလာမှု၊ ဖန်လုံအိမ်အာနိသင်တိုးပွားလာမှုတို့ကို ဖြစ်စေတာလို့ဆိုပါတယ်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ ကမ္ဘာကြီးပူနွေးလာမှုဟာ အအေးလွန်လို့သေရတဲ့ လူတွေအတွက် (Excess Winter Death EWDs) သေနှုန်းလျော့သွားနိုင်မလားလို့လည်း မျှော်လင့်လာကြပါတယ်။ အင်္ဂလန်နိုင်ငံက လေ့လာချက်တစ်ခုကတော့ လွန်ခဲ့တဲ့ ၁၉၅၀ ခုနှစ်က အင်္ဂလန်နိုင်ငံနဲ့ (Wale) ဝေးလ်နိုင်ငံမှာ အအေးလွန်တဲ့ဒဏ်ကြောင့် လူပေါင်း ခြောက်သောင်းလောက် အသက်ဆုံးရှုံးခဲ့ရပြီး ၂၀၁၂-၂၀၁၃ ခုနှစ်မှာတော့ သုံးသောင်းတစ်ထောင်ခန့်သာ အသက်ဆုံးရှုံးရတယ်လို့ ဆိုပါတယ်။

ဥရောပနိုင်ငံတွေက လေ့လာချက်တစ်ခုမှာတော့ ၂၀၀၃ ခုနှစ်မှာ ကျရောက်ခဲ့တဲ့ ပြင်းထန်တဲ့အပူလှိုင်းဒဏ်ကြောင့် ဗြိတိန်နိုင်ငံက လူသုံးထောင်အပါအဝင် ဥရောပနိုင်ငံအားလုံးမှာ လူပေါင်း ခုနစ်သောင်း အသက်ဆုံးရှုံးခဲ့ရတယ်လို့ ဆိုပါတယ်။ ဒီအတောအတွင်း နီပေါနိုင်ငံက ဧဝရက်တောင်မှာ ရေခဲတောင်ပြိုကျလို့ လူ ၁၃ ဦး သေဆုံးရပြီး လူပေါင်း ၈၀ ကျော် ပိတ်မိနေတဲ့သတင်းကိုလည်းကြားလိုက်ရပါတယ်။ ရေခဲတောင်ပြိုကျတာဟာ ပင်လယ်ရေပြင်အထက် အမြင့်ပေ ၆၀၀၀ လောက်မှာဖြစ်ပြီး ယခုလိုအဖြစ်မျိုးဟာ ဧဝရက်တောင်ရဲ့သမိုင်းမှာ ပထမဦးဆုံးဖြစ်တာလို့ သိရပါတယ်။ ရာသီဥတုပြောင်းလဲလာပြီး ကမ္ဘာကြီးပူနွေးလာမှုရဲ့ အကျိုးသက်ရောက်မှုကြောင့်လားဆိုတာ စဉ်းစားစရာဖြစ်နေပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အစီရင်ခံစာမှာတော့ အပူလှိုင်းကြောင့်ဖြစ်ရတဲ့ ကျန်းမာရေးထိခိုက်မှုဟာ အအေးလွန်မှုကြောင့်ဖြစ်ရတဲ့ ထိခိုက်မှုထက်ပိုဆိုးတယ်လို့ဆိုပါတယ်။ ဒါကြောင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမယ့် ကမ္ဘာကြီးပူနွေးလာမှုဟာ အအေးဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားရတဲ့ ဥရောပနိုင်ငံတွေအတွက်တော့ အနည်းငယ်သက်သာနိုင်စရာရှိတယ်လို့ဆိုပါတယ်။ ဒီအကြောင်း အင်္ဂလန်နိုင်ငံထုတ် Nature Climate Change ဂျာနယ်မှာဖော်ပြထားတာကိုလည်း တင်ပြလိုက်ရပါတယ်။

ရာသီဥတုပြောင်းလဲလာမှုဒဏ်ကြောင့် လူသားတွေရဲ့ ကျန်းမာရေးထိခိုက်လာနိုင်တဲ့ အခြေအနေကိုလည်းတင်ပြလိုပါတယ်။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် (၁)စားနပ်ရိက္ခာရှားပါးမှု၊ (၂)တချို့နေရာမှာ ရေကြီးရေလျှံဖြစ်မှု၊ (၃)တချို့နေရာမှာ မိုးခေါင်ရေရှားပြီး ပူပြင်းတဲ့ရာသီဥတုဒဏ်ကို ခံရမှုတွေနဲ့ (၄) ပူပြင်းတဲ့ နေရောင်ခြည်နဲ့အတူ ခရမ်းလွန်ရောင်ခြည်ရဲ့ဒဏ်ကို ခံရနိုင်မှုတို့နဲ့ ပတ်သက်နေပါတယ်။ ဒါကြောင့် ဒီအချက်လေးချက်နဲ့ ဆက်နွှယ်နေတဲ့ အစာရေစာဝဖြိုးအောင် မစားရလို့ဖြစ်တဲ့ ရောဂါဘယတွေ၊ ရေကြီးရေလျှံဖြစ်တဲ့အရပ်တွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဝမ်းပျက်ဝမ်းလျှောနဲ့တခြားဝမ်းရောဂါတွေ၊ ပူပြင်းတဲ့ရာသီဥတုဒဏ်ကြောင့်ဖြစ်ပေါ်နိုင်တဲ့ အပူလှိုင်းရိုက်ခတ်မှု (Heat stroke)၊ သက်ကြီးရွယ်အိုတွေ အသက်ဆုံးရှုံးရမှု၊ အပူဒဏ်နှင့်အတူ ခရမ်းလွန်ရောင်ခြည်သင့်မှုကြောင့် အရေပြားယားယံမှု၊ အရေပြားကင်ဆာဖြစ်မှု၊ မျက်ခမ်းကင်ဆာဖြစ်မှု၊ မျက်စိကွယ်စေသော အတွင်းတိမ်ရောဂါ၊ မျက်စိအတွင်းအာရုံလွှာရောင်ရမ်းတဲ့ရောဂါ စတဲ့ရောဂါတွေဖြစ်လာနိုင်ပါတယ်။ အဆိုးဆုံးဖြစ်လာနိုင်တာကတော့ အာဟာရချို့တဲ့မှုနဲ့အတူ ဖြစ်ပေါ်လာတဲ့ရောဂါတွေကြောင့် ကမ္ဘာအရပ်ရပ်က နဂိုဆင်းရဲတဲ့နိုင်ငံတွေဟာ ကုန်ထုတ်လုပ်မှုကျဆင်းပြီး လူနေမှုဘဝပိုမိုနိမ့်ကျသွားနိုင်ခြင်းဖြစ်ပါတယ်။

ယခုလောလောဆယ်မှာတော့ ပြည်သူများအနေနဲ့ ကျန်းမာရေးဌာနက ထုတ်ပြန်ထားတဲ့ အပူဒဏ်ကာကွယ်နည်းလမ်းတွေကို အထူးသတိထားလိုက်နာဖို့လိုပါတယ်။ အပူဒဏ်ကိုခံရတာမှာ သက်ကြီးရွယ်အိုတွေနဲ့ကလေးသူငယ်တွေက ပိုပြီးခံရတတ်တာမို့ သူတို့တွေကို ပိုပြီးဂရုတစိုက်စောင့်ရှောက်ဖို့ လိုအပ်ပါတယ်။ ကျန်းမာရေးဌာနက ထုတ်ဝေတဲ့ လိုက်နာရမယ့်အချက်တွေကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေအပြင် အသံလွှင့်ဌာနတွေ၊ ရုပ်မြင်သံကြားတွေအားလုံးက လူထုသိနိုင်အောင် ပညာပေးလွှင့်ထုတ်နေဖို့လိုကြောင်း တင်ပြလိုပါတယ်။

ဒါကြောင့် နိုင်ငံအသီးသီးက အစိုးရတိုင်းမှာ ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းသိမ်းဖို့တာဝန်ရှိတယ်လို့ ထောက်ပြထားပါတယ်။ နိုင်ငံအသီးသီးက သစ်တောထိန်းသိမ်းမှုမလုပ်ဘဲ သစ်ပင်တွေခုတ်လဲပြီး စက်ရုံတွေဆောက်ကြရင် ကမ္ဘာကြီးရဲ့အပူချိန်ဟာ ယခုထက် 4°C ကိုကျော်လွန်ပြီးရောက်သွားနိုင်မယ်လို့ဆိုပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုရဲ့ဒဏ်ကို အဆိုးဆုံးခံရမယ့်နိုင်ငံတွေထဲမှာ အာရှပစိဖိတ်ဒေသထဲက နိုင်ငံတွေပါဝင်နေပါတယ်။

ဒါကြောင့် ကိုယ့်အရပ် ကိုယ့်ဒေသမှာ သစ်ပင်သစ်တောတွေကို မပြုန်းတီးအောင်ကာကွယ်ပေးခြင်း၊ သစ်ပင်စိုက်ခြင်း၊ စွမ်းအင်အတွက် သဘာဝက ထုတ်ယူနိုင်တဲ့ ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်တို့ကို အသုံးပြုခြင်း၊ ကလိုရိုဖလူရိုကာဗွန်အပါအဝင် အိုဇုန်းလွှာပျက်စီးစေတဲ့ ဓာတ်ငွေ့များထွက်ပေါ်မယ့် စက်ရုံ၊ အလုပ်ရုံတွေကို ကိုယ့်တိုင်းပြည်အတွက် လုံလောက်ရုံသာ တည်ဆောက်ခြင်းတို့ဖြင့် ကာကွယ်ထားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

မညှိုးသည့်ပန်း

❖ ကမ္ဘာ့ကြက်ခြေနီ
စတင်တည် ဒူးနန့် ။
စိတ်ထားဖြူကူညီရိုင်းတော့
နိုင်ငံတိုင်းပြန့်။
❖ လူမျိုးဘာသာ
ဂိုဏ်း၊ ဝါဒမရွေး။
အန္တရာယ်စက်ကွင်းက
ချက်ချင်းကူဖေး။
❖ ဒုက္ခရောက်သူ
ဖေးကူလို့ပြုစု။
ကိုယ်ချင်းစာမေတ္တာထား
သနားကြင်နာမှု။
❖ လေ၊ မီး၊ ငလျင်
ရေကြီးလျှင်အရောက်သွား။
ကိုယ်ကျိုးမပါ
သယ်ပိုးတာလူထုတွက်
ကြက်ခြေနီများ။
❖ လူ့တိုင်းတစ်ခွင်
မြှင့်တင်ကြကျန်းမာရေး။
မဖြစ်ခင်ကြိုတင်တား
ရောဂါများဘေး။
❖ ဟင်နရီဒူးနန့်
သင်းပျံ့တဲ့ သူ့နာမည်
လူသားဂုဏ်ရည်။
သူက စတည်
ကြက်ခြေနီလုပ်ငန်း။
ဤလူ့ကမ္ဘာ
လက်ဆင့်ကာ မြေမှာပျိုးတော့
မညှိုးသည့်ပန်း။ ။

(မေလ ၈ ရက် ကမ္ဘာ့ကြက်ခြေနီနေ့ဂုဏ်ပြုလျက်)

မောင်ကျေးဇူး

မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန် ရှင်းလင်းထုတ်ပေး

ရန်ကုန် မေ ၄

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုး စီမံချက်အပါအဝင် ပြည်ပမှဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက်အထိ လ ၃၀ ကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၂၈၃၁၂၂ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၃၈၆၉၉၃ ဒသမ ၄၂ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၄၁၉၅၇၇ ဒသမ ၂၇ ကျပ်သန်း စုစုပေါင်း ၈၀၆၅၇၀ ဒသမ ၆၉ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန် (CD) နှင့် ကုန်သွယ် လုပ်ငန်းခွန်(CT) များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက်ယာဉ်အိုယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၈၅၃၃၄ စီး၊ ကားအရောင်းပြခန်းများအတွက် ၆၅၉၃၉ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၃၀ စီး၊ ပြင်ပနေအလုပ်လုပ်သူများ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်/ခရီးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၁၂၅၈၆၇ စီးတို့ဖြစ်ကြောင်း သိရသည်။

(သိန်းဌေး)

စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သောက်သုံးရေရရှိရေးလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် အဖွဲ့ဝင်များနှင့်အတူ မေ ၃ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့(ပွိုင့်) ကမ်းခြေ၌ AMC ကုမ္ပဏီက စစ်တွေမြို့ ကမ်းနားပတ်လမ်း ကွန်ကရစ်လမ်း ဖောက်လုပ်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် စစ်တွေမြို့ ပြည်သူလူထု သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးထားသော ကျေးပင်ကြီးရပ်ကွက်နှင့် မင်းဂံရပ်ကွက်အတွင်းရှိ အဝီစိတွင်းများ တူးဖော်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ယာပုံ)** ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် နွေရာသီရေလုံလောက်စွာ ရရှိရန်အတွက် ကန် ၁၀၀၊ တွင်း ၂၀၀ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရေတွင်း ရေကန်များ ဆက်လက်တူးဖော်သွားမည် ဖြစ်သည်။

စစ်တွေ၊ ရသေ့တောင်၊ မောင်တော၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ၊ မာန်အောင်နှင့် တောင်ကုတ်မြို့နယ်တို့တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး မူလရန်ပုံငွေဖြင့် ရေကန် ၃၄ ကန်၊ ရေတွင်းတစ်တွင်း၊ ရေသွယ်တန်းခြင်း ရှစ်ခုအတွက် ငွေကျပ် ၂၈၅ သန်း သုံးစွဲခဲ့ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ထောက်ပံ့ရန်ပုံငွေဖြင့် ကယ်ဆယ်ရေးစခန်းများတွင် ရေကန် ၄၁ ကန်၊ ရေတွင်း ၃၇ တွင်း၊ အဝီစိတွင်း ၉၂ တွင်း တူးဖော်ခဲ့ပြီး ငွေကျပ် ၁၄၁ ဒသမ ၈၉ သန်း စုစုပေါင်းငွေကျပ် ၄၂၆ ဒသမ ၈၉ သန်း သုံးစွဲခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ) သို့ သွားရောက်၍ သင်တန်းနည်းပြများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းကျောင်းဝင်း အတွင်း၌ အဆောက်အအုံအသစ် ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုသတ်မှတ်ပေးခဲ့ပြီး စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာနှင့် ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂျပန်အထက်လွှတ်တော်အမတ်နှင့်အဖွဲ့ မင်္ဂလာမန္တလေးအိမ်ရာစီမံကိန်းလေ့လာ

မန္တလေး မေ ၄

ဂျပန်အထက်လွှတ်တော်အမတ် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.shinba ka zu ya ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် မေ ၂ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် နယူးစတားလိုက်ကုမ္ပဏီ၊ CAD ဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မင်္ဂလာ မန္တလေးအိမ်ရာ စီမံကိန်းလုပ်ငန်းကို လာရောက်ကြည့်ရှုလေ့လာသည်။**(ယာပုံ)**

အစီအစဉ်အရ မင်္ဂလာမန္တလေးအိမ်ရာ စီမံကိန်းရှင်းလင်းဆောင်တွင် နယူးစတားလိုက်ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်ဝင်းက ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မင်္ဂလာမန္တလေးအိမ်ရာစီမံကိန်းလုပ်ငန်းများ တည်ဆောက်ပြီးစီးမှုနှင့်လုပ်ငန်းများအား ပုံစံငယ်ဖြင့် ရှင်းလင်းပြသပြီး သိလိုသည်များမေးမြန်းရာ ပြန်လည်ဖြေကြားသည်။

မင်္ဂလာမန္တလေး အိမ်ရာစီမံကိန်းကို မန္တလေးမြို့တွင် ပထမဆုံးနိုင်ငံတကာအဆင့်မီတည်ဆောက်ခဲ့ပြီး ယာဉ်စီးရေ ၇၀၀ တစ်ပြိုင်တည်း ရပ်နားနိုင်သော ယာဉ်ရပ်နားနေရာ၊ ကွန်ဒိုတိုက်ခန်းများ၊ လုံးချင်းအိမ်ရာများ၊ Ocean စူပါမားကက်၊ ဘဏ်လုပ်ငန်းများ၊ ဈေးဝယ်စင်တာ၊ ကလေးကစားကွင်း၊ MCDC ဟိုတယ်၊ နိုဗိုတယ်ဟိုတယ်တို့ပါဝင်ပြီး တည်ဆောက်ရေးလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးလျက်ရှိသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံနှင့် အစိုးရချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူအချင်းချင်း တိုက်ရိုက်ဆက်ဆံပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လိုကြောင်း ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. shinba ka zu ya က မင်္ဂလာမန္တလေးအိမ်ရာ စီမံကိန်းသို့ ရောက်ရှိစဉ် ပြောကြားခဲ့ပြီး နယူးစတားလိုက်ကုမ္ပဏီ၊ CAD ဆောက်လုပ်ရေးကုမ္ပဏီတို့နှင့်လည်း ဂျပန်နိုင်ငံမှ Itabashi Medical System (IMS)တို့ ပြည်ကြီးတံခွန်မြို့နယ်တွင် ခုတင်(၃၀၀)ဆံ့ ဆေးရုံ တည်ဆောက်ရေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

2014 ASEAN Summit အခမ်းအနားတွင် BMW မော်တော်ယာဉ်များ ပံ့ပိုးကူညီမည်

နေပြည်တော် မေ ၄

၂၀၁၄ ခုနှစ်မေလတွင် ကျင်းပမည့် ASEAN Summit အခမ်းအနားသို့ တက်ရောက်ကြမည့် နိုင်ငံ့ခေါင်းဆောင်ကြီးများနှင့် ဝန်ကြီးများအစည်းအဝေးကာလတွင် အသုံးပြုနိုင်ရန်အတွက် BMW Asia နှင့် BMW ယာဉ်များ တင်သွင်းဖြန့်ချိခွင့် မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော Prestige Automobiles Company တို့မှ ပထမအသုတ်အနေဖြင့် အဆင့်မြင့် BMW မော်တော်ယာဉ်အစီး ၇၀ စီစဉ်ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ ASEAN Summit အခမ်းအနားသို့ တက်ရောက်ကြမည့် ASEAN နိုင်ငံ့ခေါင်းဆောင်ကြီးများနှင့် ဝန်ကြီးများ အစည်းအဝေးကာလတွင် အသုံးပြုရန် BMW 7 Series, 5 Series Executive Sedan နှင့် BMW X5 Sports Activity Vehicle တို့အား ပထမအသုတ်အနေဖြင့် မော်တော်ယာဉ် အစီး ၇၀ ပံ့ပိုးကူညီမည်ဖြစ်ပြီး လွှဲပြောင်းပေးအပ်မည့် အခမ်းအနားကို မေ ၄ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန နေပြည်တော်၌ ကျင်းပရာ အာဆီယံထိပ်သီးအစည်းအဝေးကျင်းပရေး ပို့ဆောင်ရေးဆပ်ကော်မတီအတွင်းရေးမှူး ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထူးက လက်ခံသည်။**(အပေါ်ပုံ)**

BMW သည် ယခုကဲ့သို့ ထင်ရှားအရေးပါသော ASEAN Summit အခမ်းအနားနှင့် သင့်တော်လိုက်ဖက်မှုရှိသည့် အဆင့်မြင့်မော်တော်ယာဉ်များအား ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်များတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့၌ ကျင်းပခဲ့သည့် ASEAN Summit အခမ်းအနားတွင် ပံ့ပိုးခဲ့ပြီး သုံးနှစ်ဆက်တိုက် ဆောင်ရွက်ခွင့်ရရှိခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျေးရွာများသို့ သတင်းစာများ နှစ်ပြတ်လှူဒါန်း

နေပြည်တော် မေ ၄

မြန်မာ့အလင်း နေ့စဉ်သတင်းစာများနှင့် ကြေးမုံနေ့စဉ်သတင်းစာများကို အလှူရှင်၏ ဆန္ဒအရ စဉ့်ကိုင်၊ မြင်းခြံနှင့် တောင်သာမြို့နယ်များ အတွင်းရှိ ကျေးရွာများသို့ ၂၀၁၄ ခုနှစ် မေ ၁ရက်မှ ၂၀၁၅ ခုနှစ် မေလအထိ နှစ်ပြတ် လှူဒါန်းခြင်းကို ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ကိုယ်ပွားသတင်းစာတိုက်၌ ကျင်းပသည်။

ထိုသို့လှူဒါန်းရာတွင် ဦးထွန်းနိုင်-ဒေါ်မိုးမိုး ရွှေမြေအောင်(ခြံမြေတိုက်) အကျိုးဆောင်လုပ်ငန်းက စဉ့်ကိုင်မြို့နယ် အတွင်းရှိ ကျေးရွာများအတွက် တန်ဖိုးငွေကျပ် ၅၄ သိန်း (စောင်ရေ ၃၀၀) ကိုလည်းကောင်း၊ ဦးထွန်းထွန်းစိုး ရတနာမိုးကုမ္ပဏီဥက္ကဋ္ဌက တောင်သာမြို့နယ်နှင့် မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် တန်ဖိုးငွေကျပ် သိန်း ၁၁၀ ဖိုးကိုလည်းကောင်း မန္တလေး ကိုယ်ပွားသတင်းစာတိုက် စာတည်းမှူးထံမှ ဝယ်ယူလှူဒါန်းခဲ့သည်။

လှူဒါန်းမှုနှင့် ပတ်သက်ပြီး "မိမိကဲ့သို့ စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသူတစ်ဦးအနေဖြင့် အခုလို လှူဒါန်းနိုင်တဲ့ အခြေအနေတစ်ခုမှာ ကျေးရွာပြည်သူများ အသိပညာ ဗဟုသုတများစွာ ရရှိစေရန်အတွက် သတင်းစာ ဖတ်ရှုနိုင်ကြစေရေးကို ဆောင်ရွက်ပေးရခြင်းအတွက် များစွာဝမ်းသာမိကြောင်း၊ အလှူများစွာရှိတဲ့ အထဲက ကျေးရွာပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရေးအတွက် သတင်းစာဖတ်ရှုနိုင်စေရေးကို အဓိကထားပြီး သတင်းစာလှူဒါန်းရခြင်း အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့လို ဘဝကိုကြိုးစားရုန်းကန်နေကြတဲ့သူတွေအနေနဲ့ စာပေတွေ၊ သတင်းစာနဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေက အသိပညာရရှိစေလိုတဲ့ အတွက်နဲ့ သတင်းစာဖတ်ပြီး အသိပညာဗဟုသုတ ရရှိစေဖို့အတွက် လှူဒါန်းခဲ့ရတဲ့အတွက် များစွာဝမ်းမြောက်မိပါကြောင်း"ဟု အလှူရှင် ဦးထွန်းထွန်းစိုးက ပြောကြားသည်။

ထိုသို့လှူဒါန်းပြီး သတင်းစာများအား မေ ၁ ရက်မှ စတင်ကာ သက်ဆိုင်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများက တာဝန်ခံလျက် အလှူရှင်မှ လှူဒါန်းသည့် ကျေးရွာများသို့ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။ လှူဒါန်းမှုများတွင် အဓိကအားဖြင့် ကျေးရွာအတွင်းရှိ စာကြည့်တိုက်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဝတ်အသင်းများနှင့် ဓမ္မာရုံများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝေဖြိုးအောင်)**

❁ ကျော်ဖုံးမှ

ဖော်ဆောင်သွားမယ်ဆိုလျှင် နယ်မြေဒေသတစ်ခုဟာ ခေတ်သစ် စနစ်သစ်မှာ အချိန်အတိုင်းအတာတစ်ခုအတွင်း သိသိသာသာ တိုးတက်လာမယ်ဆိုတာကို တွေ့မြင်ခံစားရသည်။

အလားတူ နိုင်ငံ့စွမ်းဆောင်ရည်ဆုတစ်ခုဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးစံပြကျေးရွာဆုအတွက် လယ်ယာစိုက်ပျိုးရေး၏ စိုက်စွမ်းအား၊ မွေးမြူရေးကဏ္ဍ၏ ထုတ်လုပ်မှု၊ သမဝါယမကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အပါအဝင် အကဲဖြတ်အမှတ်ပေးရွေးချယ်ရာ၌ နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာများအနက် မွန်ပြည်နယ် ရေးမြို့နယ်မှ အစင်စံပြကျေးရွာကို စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ အသေးစား၊ အလတ်စားကုန်ထုတ်လုပ်မှုကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများကိုသာမက ကိုယ်ထူကိုယ်ထစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ၂၄ နာရီ အသုံးပြုနိုင်သည့်အပြင် စွန့်ဦးတီထွင်လုပ်ငန်းများ ထွန်းကားသည့်အတွက် ရွေးချယ်ခဲ့သည်။

အစင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးက “ရွာသားတွေရဲ့ စုပေါင်းအားနဲ့ ရွာလမ်းတွေကို တက်ညီလက်ညီနဲ့ ပြင်ဆင်ဖောက်လုပ်ခဲ့တဲ့အပြင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရရှိတဲ့လျှပ်စစ်မီးကို ကျွန်တော်တို့ရွာသာမက အခြားရွာတွေကိုပါ ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်၊ ကျေးရွာအတွက် အကျိုးပြုလုပ်ငန်းတွေကို ရွာလူကြီးတွေနဲ့တိုင်ပင်ပြီး စုပေါင်းလုပ်ဆောင်ပါတယ်၊ ရှေ့ဆက်ပြီးတော့လည်း ကျွန်တော်တို့ ရွာကို ယခုထက် ပိုမိုတိုးတက်အောင်နဲ့ နိုင်ငံအကျိုးရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာပါ” ဟု ပြောကြားသည်။

စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမား ဆုကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ရွေးချယ်ခဲ့သည့်အပြင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်တိုင်စွန့်ဦးတီထွင်ဆောင်ရွက်သည့်အပြင် ဒေသနှင့်နိုင်ငံအကျိုးစီးပွားအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုများကြောင့် ၂၀၁၄ ခုနှစ်အတွက် ထူးချွန်တောင်သူလယ်သမားအဖြစ် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် သံတဲကျေးရွာမှ လယ်သမားကြီး ဦးကျော်ဇောအား ရွေးချယ်ခဲ့သည်။

ထူးချွန်တောင်သူလယ်သမား ဦးကျော်ဇောက “နိုင်ငံတော်သမ္မတရဲ့ နိုင်ငံ့စွမ်းဆောင်ရည် ဆုကို တောင်သူလယ်သမား သားသမီးတစ်ဦးအနေနဲ့ ရရှိတဲ့အတွက် အလွန်ဝမ်းသာဂုဏ်ယူပါတယ်၊ တက္ကသိုလ်ပညာသင်ကြားခဲ့ပြီး ဥပစာသိပ္ပံအောင်တော့ မိဘလက်ငုတ်ဖြစ်တဲ့ စိုက်ပျိုးရေးကို ဝင်လုပ်ပါတယ်။

စိုက်ပျိုးရေးစလုပ်တဲ့အချိန်တုန်းက မျိုးကောင်းမျိုးသန့်ဆိုတာ မရရှိခဲ့ပါဘူး၊ ဒါကြောင့် ပြောင်းနဲ့ စပါးမျိုးကောင်းမျိုးသန့်ရရှိအောင် တီထွင်ခဲ့ပါတယ်၊ ပြီးတော့ နိုင်ငံခြားကို သွားရောက်လေ့လာပြီး နိုင်ငံခြားကုန်သည်တွေနဲ့ ဆက်သွယ်ပြီးတော့ ပြောင်းစပ်မျိုးကို ငါးနှစ်လောက် စမ်းသပ်စိုက်ပျိုးပြီး အောင်မြင်လာတဲ့အတွက် ရှစ်သုံးလုံး ပြောင်းစပ်မျိုးကို ထုတ်လုပ်ပါတယ်။

နောက်ပြီး D12 လို့ခေါ်တဲ့ ရှမ်းပေါ်ကျွဲစပါးစပ်မျိုးကိုလည်း ထုတ်လုပ်ခဲ့ပါတယ်၊ လယ်ယာလုပ်ကိုင်တဲ့ပစ္စည်းအနေနဲ့ ကျွန်တော်တို့ နိုင်ငံက ကျွဲ၊ နွားနဲ့လုပ်ကိုင်နေရတော့ ဒါကို စက်မှုအနေနဲ့ တည်ထောင်ဖို့ ဂျပန်ကို တစ်နှစ်လောက် သွားရောက်ပညာသင်ကြားခဲ့ပါတယ်။

ဦးဖေဝင်း

လက်ရှိမှာတော့ မြေပဲခွဲစက်၊ ပြောင်းခြွေစက်၊ စပါးခြွေစက်နဲ့ ပြောင်းအခြောက်ခံစက်တို့ကို တီထွင်ခဲ့ပါတယ်၊ အဓိကလိုအပ်ချက်ကတော့ အရင်းအနှီးပါပဲ၊ နောက်ပြီး အတတ်ပညာ အသိပညာလေ့လာမှု အားကောင်းဖို့လည်းလိုပါတယ်”ဟု ပြောပြခဲ့သည်။

မွေးမြူထုတ်လုပ်ထူးချွန်ဆုအတွက် စံသတ်မှတ်(၁၄)ချက်ဖြင့် ရွေးချယ်ခဲ့ရာတွင် ရရှိသည့် ထူးခြားအကျိုးအမြတ်များကို ပြည်သူ့အပေါ် တာဝန်ကျေပွန်မှု သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်နိုင်မှုနှင့် စွန့်ဦးတီထွင်မွေးမြူထုတ်လုပ်မှု စသည်တို့ကိုအခြေခံ၍ ရှုထောင့်ပေါင်းစုံမှ အကဲဖြတ်ရွေးချယ်ခဲ့ရာတွင် မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုရသူများအနက် ရှမ်းပြည်နယ် တောင်ကြီးမြို့ နမ့်ကွတ်ကျေးရွာမှ ဒေါက်တာသိန်းစိန်လည်းပါဝင်ခဲ့သည်။

ဒေါက်တာသိန်းစိန်က “မွေးမြူရေးလုပ်ငန်းကို လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကတည်းက စတင်လုပ်ကိုင်ခဲ့ပါတယ်၊ လုပ်ကိုင်တဲ့နေရာမှာလည်း စည်းစနစ်တကျနဲ့ အောင်မြင်အောင် လုပ်ကိုင်ပါတယ်၊ ရှေ့ဆက်ပြီးတော့လည်း မွေးမြူရေးလုပ်ငန်းကို ဒီထက်ပိုပြီး တိုးတက်အောင် နှစ်စဉ်လုပ်ဆောင်သွားမယ်လို့ ခံယူထားပါတယ်၊ မွေးမြူထုတ်လုပ်မှု ထူးချွန်းလုပ်ငန်းရှင်ဆုကို ရတဲ့အတွက်လည်း အလွန်ဝမ်းသာပါတယ်၊ နောင်မှာလည်း ဒီထက်ပိုပြီးတော့ အောင်မြင်အောင် ကြိုးစားပြီး ဆောင်ရွက်သွားမှာပါ”ဟု ပြောကြားသည်။

အလားတူ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု ရရှိသည့် ယူနိုက်တက်ကေအမ်ကေနှင့် ယူနိုက်တက်မြိတ်ကုမ္ပဏီနှစ်ခု၏ ဒါရိုက်တာ ဦးခင်မောင်ကျော်က “ဆုက တွင်းထွက်ပစ္စည်း မွေးမြူထုတ်လုပ်စွမ်းဆောင်ဆုဖြစ်ပါတယ်။ အခုလိုချီးမြှင့်ပေးတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်၊ အခုကြိုးစားမှုက နိုင်ငံတကာ level နဲ့ ယှဉ်မယ်ဆိုရင် အများကြီးလိုပါသေးတယ်။ ကျွန်တော်တို့ ဒီထက်မက ကြိုးစားသွားမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်” ဟု ပြောကြားသည်။

နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှုအကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆုကို နိုင်ငံတစ်ဝန်းမှ တင်ပြလာသည့် အသင်းအဖွဲ့ ၁၅ ဖွဲ့အနက်မှ အကောင်းဆုံးအဖွဲ့ ငါးဖွဲ့ ထပ်မံရွေးချယ်ပြီး ဆုရွေးချယ်ရေးအဖွဲ့က ကဏ္ဍ(၇)ရပ်အပေါ်အခြေခံ၍ အကဲဖြတ်အမှတ်ပေးရွေးချယ်ခဲ့ကြသည်။

ထိုသို့ ရွေးချယ်ရာတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအနေဖြင့် ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ အမျိုးသမီးနှင့် မသန်စွမ်းသူများနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်ဒုက္ခများ ကြုံတွေ့ပါကတက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊ ရပ်ရွာအတွင်း လူမှုရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လူမျိုးဘာသာမခွဲခြားဘဲ ကူညီဆောင်ရွက်ပေးခြင်း၊ အခမဲ့နာရေးကူညီမှုများဆောင်ရွက်ခြင်း။

ပညာရေးကဏ္ဍအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ဝေးလံခေါင်ဖျားဒေသများတွင် ပညာရေးအခြေခံ အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း၊ ချို့တဲ့ကလေးသူငယ်များနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို စဉ်ဆက်မပြတ် လှူဒါန်းထောက်ပံ့ခြင်း၊ ကျောင်းပြင်ပပညာရေးနှင့် သက်မွေး

ဦးဝေဖြိုးအောင်

ပညာများ သင်ကြားပေးခြင်း။

ကျန်းမာရေးအနေဖြင့် ဆေးရုံဆေးခန်းများ ဆောက်လုပ်လှူဒါန်းခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကဏ္ဍတွင် အခြားသော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ အပါအဝင် ကဏ္ဍစုံ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း စသည်တို့အပေါ် အကဲဖြတ်အမှတ်ပေးရွေးချယ်ခဲ့ရာ၌ ၂၀၁၄ ခုနှစ်အတွက် ထူးဖောင်ဒေးရှင်းက ဆုရရှိခဲ့သည်။

ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတေဇက “ဒီဆုက ထူးဖောင်ဒေးရှင်းအနေနဲ့ ရတဲ့ဆုပါ၊ ကျွန်တော်တစ်ယောက်တည်း စွမ်းဆောင်ချက်မဟုတ်ပါဘူး၊ ကုမ္ပဏီဝန်ထမ်းအားလုံးရဲ့ ကြိုးပမ်းမှုကြောင့်ရတာပါ၊ ဝန်ထမ်းအားလုံးအတွက်လည်း ပီတိဖြစ်ပါတယ်၊ ကျွန်တော့်အနေနဲ့ တိုင်းပြည်ထဲက လိုအပ်တဲ့နေရာမှာ ရရှိလာတဲ့အကျိုးအမြတ်တွေ အသုံးပြုလှူဒါန်းသွားမယ်ဆိုပြီး ဆုံးဖြတ်ထားပါတယ်။

ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်သာမကဘူး၊ မြန်မာပြည်တစ်ပြည်လုံးမှာ ပရဟိတလုပ်ငန်းတွေကို လုပ်ဆောင်သွားဖို့ ရှိပါတယ်၊

ဦးခင်ဦး

လုပ်လည်း လုပ်နေပါတယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးဘက်မှာလည်း စလုပ်နေပါပြီ၊ ကချင်ပြည်နယ်က ကျွန်တော့်အတွက် အမှတ်တရဖြစ်စေတဲ့နေရာဖြစ်တော့ နည်းနည်းပိုလုပ်သလိုဖြစ်နေပါတယ်”ဟု ပြောပြသည်။

၂၀၁၄ ခုနှစ်အတွက် အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူဆုကိုရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့မှ စက်ခေါင်းမောင်း(၂) ဦးခင်ဦးက “၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်က အမှတ်(၆၀)အစုန် လူစီးလော်ကယ်ရထားကို တာဝန်ယူမောင်းနှင်ရတဲ့ စက်ခေါင်းမှူးဖြစ်ပါတယ်၊ အဲဒီနေ့က မိုးရာသီဖြစ်တဲ့အတွက် မိုးရွာပြီး မှောင်နေပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်ဟာ ရထားကို ထိန်းထိန်းသိမ်းသိမ်း မောင်းနှင်နေရင်းနဲ့ အန္တရာယ်အနေအထားဖြစ်နိုင်တဲ့ တံတားပေါ်က သံလမ်းရဲ့အနေအထားဟာ မူမမှန်ဘူးဆိုတာကို သွားတွေ့ရပါတယ်၊ တွေ့တဲ့အခါမှာ ရထားကို တွဲဆိုင်းဘရိတ်နဲ့ စက်ခေါင်းဘရိတ်ကို ပူးပေါင်းအသုံးပြုပြီးတော့ ကြိုးစားပြီး ရပ်တန့်ခဲ့ရပါတယ်။

ဒါကြောင့် ရထားဟာ အန္တရာယ်တံတားမရောက်ခင် ပေနှစ်ဆယ်လောက်အကွာမှာ ရပ်တန့်သွားပါတယ်၊ ခရီးသွားပြည်သူတွေရဲ့ အသက်ကို ကယ်တင်ပေးနိုင်ခဲ့တဲ့အပြင် တိုင်းပြည်ဘဏ္ဍာငွေများ လေလွင့်မှုမရှိအောင် ကာကွယ်ပေးနိုင်တာကြောင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုတံဆိပ်များနဲ့ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့တဲ့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်း စီမံထူးချွန်ဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ တာဝန်ယူထမ်းဆောင်ရတဲ့ ရထားနဲ့ ခရီးသည်တွေအပေါ် ထိခိုက်ဒဏ်ရာမရရှိဘဲ လိုရာခရီးကို ရောက်ရှိအောင် အမြဲကြိုးစားပြီး သယ်ယူပို့ဆောင်မောင်းနှင်သွားမှာပါ”ဟု ပြောကြားသည်။

နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းရည်ဆုအတွက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၈၅ ဦးအနက် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ မိမိပါဝင်သည့် အားကစားအသင်းနှင့် မိမိ၏ အောင်မြင်မှုကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ အားကစားနည်းအလိုက် သစ္စာရှိမှု၊ ဇွဲလုံ့လဝီရိယရှိမှုတို့အပေါ် ထူးချွန်စွာ ပါဝင်ဆောင်ရွက်ခြင်း။

အားကစားစည်းမျဉ်းစည်းကမ်းနည်းဥပဒေတို့အပေါ် ထိန်းသိမ်းလိုက်နာရာတွင် စံပြဖြစ်ခြင်း စသည့်အချက်များအပြင် အားကစားသမားများ၏ မိခင်ဒေသအစိုးရအဖွဲ့မှ ထောက်ခံတင်ပြခြင်းနှင့် အားကစားနည်းဆိုင်ရာ နည်းပညာအဖွဲ့၏ အကဲဖြတ် အမှတ်ပေးခြင်း၊ ပြည်တွင်း၌ ကျင်းပခဲ့သည့် အားကစားပွဲများအပြင် ကမ္ဘာ့အဆင့် အိုလံပစ်နှင့် အာရှအားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့မှုတို့ပါဝင်သည့် အချက်(၁၉)ချက်ဖြင့် အကဲဖြတ်အမှတ်ပေးရာတွင် ဝုရှူးအားကစားသမား မောင်ဝေဖြိုးအောင်က ရရှိခဲ့သည်။

မြန်မာနိုင်ငံ ဝုရှူးအဖွဲ့ချုပ်မှ လက်ရွေးစင် အားကစားသမား မောင်ဝေဖြိုးအောင်က “ဒီလိုဆုရရှိအောင် ပင်ပန်းဆင်းရဲခံပြီးတော့မှ

ဦးစိုးနိုင်

ဒီလိုမျိုးဆုရတာပါ၊ ဒါပေမယ့် ပင်ပန်းဆင်းရဲခံမှု တစ်မျိုးတည်းနဲ့လည်း ဒါမျိုးရနိုင်ပါဘူး၊ ကြိုးစားမှုတစ်ခုလည်း ပါပါတယ်၊ ကြိုးစားမှုအတိုင်းအတာတစ်ခုအထိရောက်ရှိမှ ဒီလိုမျိုးရရှိနိုင်တာပါ။ နိုင်ငံတော်သမ္မတကပေးတဲ့ စွမ်းဆောင်ရည်ဆုကိုရရှိတဲ့အတွက် ကျွန်တော့်ဘဝနဲ့ တစ်ခါပဲကြုံရတာလေ၊ တော်ရုံတန်ရုံနဲ့လည်း ရဖို့မလွယ်ပါဘူး။

ဆုရတဲ့အတွက်လည်း ကျွန်တော့်ရင်ထဲမှာ အတိုင်းမသိဝမ်းသာပါတယ်၊ အဓိကကတော့ လူတစ်ယောက်ကြိုးစားအားထုတ်မှုမှာ လျှောက်ရမယ့်လမ်းစမပျောက်ဖို့ပါပဲ၊ ကျွန်တော်လျှောက်မယ့်လမ်းကို ကောင်းကောင်းမွန်မွန်လျှောက်မယ်၊ တစ်သမတ်တည်း လျှောက်သွားမယ်ဆိုရင် အောင်မြင်မှုက လက်တစ်ကမ်းမှာပဲရှိပါတယ်”ဟု ရင်တွင်းက စကားသံကို ကြားရသည်။

အလားတူ နိုင်ငံ့ဂုဏ်ဆောင်အားကစားစွမ်းဆောင်ရည်ဆုတစ်ခုဖြစ်သည့် အသင်းအဖွဲ့လိုက်ဆုကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့မှု၊ အားကစားနည်းအလိုက် သစ္စာရှိမှု၊ ဇွဲလုံ့လဝီရိယရှိမှုတို့အပြင် ကမ္ဘာ့အဆင့်နှင့် အာရှအဆင့်ပြိုင်ပွဲများ၌ ဆုတံဆိပ်ရရှိခဲ့မှုတို့အပါအဝင် အခြေခံအချက်(၁၉)

ဦးကျော်ဇော

ချက်ဖြင့် ရွေးချယ်ခဲ့သည်။

ထိုသို့ရွေးချယ်ရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၀ ခု ပေးအပ်ရာတွင် လေးခုရရှိခဲ့ပြီး အောင်မြင်မှုရာခိုင်နှုန်း လေးဆယ်ဖြင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က တတိယဆု၊ ရွှေတံဆိပ် ရှစ်ခု ပေးအပ်ရာတွင် ခြောက်ခုရရှိပြီး အောင်မြင်မှု ၇၅ ရာခိုင်နှုန်းရရှိခဲ့သည့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်က ဒုတိယဆု၊ ရွှေတံဆိပ် ၁၇ ခုတွင် ၁၄ ခုရရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၈၂ ဒသမ ၃၅ ဖြင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ ရိုးရာလှေလှော်အသင်းက ပထမဆု ရရှိခဲ့သည်။

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်က “ကျွန်တော်တို့ အားကစားကတော့ ၁၉၅၃ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့တာပါ၊ မြန်မာနိုင်ငံမှာ နှစ်ပေါင်းထောင်ချီပြီး ခေတ်စားလာတဲ့ ရိုးရာအားကစားနည်းဖြစ်ပါတယ်၊ ကျွန်တော်တို့က နိုင်ငံတကာကို ထိုးဖောက်ဖို့အတွက် ကြိုးစားတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံရဲ့ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးမှာ အိမ်ရှင်အားသာချက်အနေနဲ့ အာဆီယံ ၁၁ နိုင်ငံဆွေးနွေးတဲ့အခါမှာ ခြောက်နိုင်ငံက ပါဝင်ခိုင်းတဲ့အတွက် အဲဒီပြိုင်ပွဲမှာ ရွှေခြောက်ခုရရှိတဲ့အထိ အောင်မြင်မှုရရှိခဲ့ပါတယ်။

ဒီအားကစားနည်းက ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်နဲ့ မြန်မာ့အားကစားကိုလည်း မြင့်တင်ပေးပါတယ်၊ ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှုအားကစားနည်းကို မြင့်တင်ရာရောက်ပါတယ်၊ ကြိုးစားဖို့လည်း အင်အားတစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကပေးတဲ့ဆုကို ရရှိတဲ့အတွက် ကျွန်တော်တို့ရဲ့ ရိုးရာအားကစားနည်းကို ကမ္ဘာသိအောင် ကြိုးစားသွားမယ်လို့ ကတိပေးပါတယ်” ဟု ၎င်း၏ ခံယူချက်ကို ပြောကြားသည်။

အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆုကို အသင်း၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသခံများ အလုပ်အကိုင်နှင့် လူမှုစီးပွားရေးအဆင်ပြေမှုရှိအောင် စွမ်းဆောင်နိုင်ခြင်း၊ အများပြည်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအကြား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးနိုင်ခြင်း၊ ဈေးကွက်အသစ်များ တိုးချဲ့နိုင်ခြင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ လူမှုစီးပွားနှင့် ဝန်ဆောင်မှုကဏ္ဍများဆောင်ရွက်ပေးခြင်း စသည်တို့အပေါ် မူတည်၍ အသင်းအဖွဲ့လေးဖွဲ့ကို အကဲဖြတ်အမှတ်ပေးရာတွင် သတ်မှတ်ချက်များဖြင့် ကိုက်ညီသော **မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း**က ပထမဆုရရှိခဲ့သည်။

ပို့ကုန်ထူးချွန် လုပ်ငန်းရှင်ဆုအတွက် လုပ်ငန်းရှင် ရှစ်ဦးအား ပဏာမရွေးချယ်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပို့ကုန်အများဆုံးတင်ပို့သည့်ကုမ္ပဏီနှင့် အခွန်ငွေအပြည့်အဝထမ်းဆောင်ထားသည့်ကုမ္ပဏီဖြစ်ခြင်း၊ မိမိလုပ်ငန်းနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအာဏာပိုင်၊ သက်ဆိုင်ရာအသင်းအဖွဲ့တို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီဖြစ်ခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော ကိုယ်ပိုင်စက်ရုံရှိသည့် လုပ်ငန်းရှင်ဖြစ်ခြင်း။

သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိ

ဦးဇော်မြင့်သိန်း

စေရေး ဆောင်ရွက်ထားခြင်း၊ ကုန်ပစ္စည်းစတင် ထုတ်လုပ်သည်မှ တင်ပို့သည်အထိ ပါဝင်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်ဖြစ်ခြင်းတို့အပေါ် မူတည်ရွေးချယ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးမှ နယူးဂိုးလ်ဂိတ် ၁၉၉၁ ကုမ္ပဏီမှ ဦးအုန်းဆိုင်အား ကုန်ပစ္စည်းများ စတင်ထုတ်လုပ်သည်မှ ကုန်ချောပြုပြင်ထုတ်လုပ်တင်ပို့သည်အထိ Supply Chain တစ်ခုလုံးအား အစအဆုံးပါဝင်ဆောင်ရွက်လုပ်ကိုင်သည့်အပြင် အတိုးနှုန်းသက်သာစွာဖြင့် စိုက်စရိတ်ချေးငွေထုတ်ပေးခြင်းတို့အပါအဝင် ထူးချွန်စွာဆောင်ရွက်ခဲ့သည့်အတွက် ပထမဆု ပေးအပ်ခဲ့သည်။

တန်ဖိုးမြင့်ထုတ်ကုန် ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုအတွက် ပဏာမတင်ပြလာသည့် လုပ်ငန်းရှင် ၁၂ ဦးအနက် ကုန်ထုတ်လုပ်ရာတွင် အလေအလွင့် ထွက်ရှိလာမှုကို ပြန်လည်အသုံးပြုနိုင်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိခြင်း၊ ထိရောက်သော အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်း၊ ကုန်ရောင်းဝင်ငွေနှင့် အကျိုးအမြတ်ရရှိမှုအခြေအနေ။

လူမှုဖူလုံရေး ထည့်ဝင်မှုရှိခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားမှုရှိခြင်း၊ ဝန်ထမ်းသက်သာ

ဦးအောင်ကိုဝင်း

ချောင်ချိရေးအတွက် ဆောင်ရွက်ပေးနိုင်မှုရှိခြင်း၊ လုပ်သားများ၏ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရှိခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့နိုင်ခြင်းနှင့် အနာဂတ်တွင်ရရှိမည့် အကျိုးအမြတ်များအပေါ် မူတည်ပြီး လုပ်ငန်းရှင်လေးဦး ထပ်မံရွေးချယ်ခဲ့သည်။

၎င်းတို့အနက် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့် ထိုင်းနိုင်ငံတို့အား ယှဉ်ပြိုင်၍ ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ ဟင်းသီးဟင်းရွက်ခြောက်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲတင်ပို့ ရောင်းချကာ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရရှိအောင်ဆောင်ရွက်နိုင်သည့်အပြင် Supply Chain တစ်ခုလုံးကို ဦးဆောင်ပါဝင်ဆောင်ရွက်နိုင်သည့်အတွက် ရှမ်းပြည်နယ် ဟဲဟိုးမြို့နယ်မှ ဦးရဲမြင့်မောင်ကို ရွေးချယ်ခဲ့သည်။

ယခုနှစ်အတွက် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန်ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆုကိုရရှိသည့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် **ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်**က “အခွန်ဘဏ္ဍာကို နှစ်စဉ်ထမ်းဆောင်ခဲ့ပါတယ်၊ နှစ်တိုင်းလည်း မပျက်မကွက် ထမ်းဆောင်နေပါတယ်၊ ကျွန်တော် ဒီလိုဆောင်ရွက်နိုင်ခဲ့တာကလည်း ကုမ္ပဏီမှာရှိတဲ့ ဒါရိုက်တာအဖွဲ့၊ အုပ်ချုပ်မှုအဖွဲ့နဲ့ ဝန်ထမ်းတွေအားလုံးရဲ့ ကြိုးစားဆောင်ရွက်မှုလို့ ပြောရမှာပါ၊ ဒီလိုဆုချီးမြှင့်ခံရတဲ့အတွက်လည်း ကုမ္ပဏီနဲ့ ဝန်ထမ်းအားလုံးရဲ့ ကိုယ်စားဝမ်းသာပါတယ်၊ ဆက်လက်ကြိုးစားဆောင်ရွက်ဖို့လည်း အင်အားသစ်တွေ ဖြစ်လာပြီး ရှေ့ဆက်ပြီးအခုထက်ပိုမိုပြီး နိုင်ငံဘဏ္ဍာကို ဖြည့်တင်းနိုင်အောင် ဆောင်ရွက်သွားမှာပါ”ဟု ပြောကြားသည်။

ထို့အပြင် နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆုကို ရရှိခဲ့သည့် နှစ်ပေါင်း(၇၀)ကျော် ပရဟိတလုပ်ငန်းများကို အစဉ်တစိုက် အခက်အခဲများကြားက မပျက်မကွက်လုပ်ကိုင်နေသည့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် နိုင်ငံတော်သို့ အခွန်ဘဏ္ဍာများ နှစ်စဉ် တိုးတက်ထမ်းဆောင်ခဲ့သည့် ကမ္ဘောဇဘဏ်တို့မှ တာဝန်ရှိသူများ၏ ဝမ်းသာပီတိအသံကို အခုလို ကြားခဲ့ရသည်-

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က “ဇီဝိတဒါန သံဃာ့ဆေးရုံကြီးရဲ့ သက်တမ်းဟာ (၇၄) နှစ်ရှိပါပြီ၊ နိုင်ငံတော်က အခုလို အသိအမှတ်ပြုတော့ အင်မတန်ဝမ်းသာပါတယ်။

လက်ရှိမှာ နိုင်ငံခြားအဖွဲ့အစည်းတစ်ခုနဲ့ MoU ထိုးထားပြီး အတွင်းတိမ်လူနာတွေကို ခွဲစိတ်ပေးနေပါတယ်၊ ၂၀၁၃ ခုနှစ်မှာ လူနာ ၅၀၀၀ ခွဲစိတ်ပေးပြီးပါပြီ၊ ၂၀၁၄ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်မှာ ဆက်ပြီးခွဲစိတ်ပေးမှာပါ၊ နောက်ပြီး အလှူရှင်တစ်ယောက်လှူထားတဲ့ ပုလဲမြို့သစ်မှာလည်း ဆေးပေးခန်းဆောက်ပြီး အဲ့ဒီမှာရှိတဲ့ သံဃာတော်တွေ၊ သီလရှင်တွေနဲ့ မရှိဆင်းရဲသား လူပုဂ္ဂိုလ်တွေအားလုံးကို ဒီနှစ်ထဲမှာ ဆေးကုသဖို့ စီစဉ်ထားပါတယ်”ဟု ပြောကြားသည်။

ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက “အခုလို နိုင်ငံတော်သမ္မတရဲ့ နိုင်ငံ့စွမ်းဆောင်ရည်ဆုဖြစ်တဲ့ နိုင်ငံတော်နဲ့ ပြည်သူများရဲ့ လူမှုရေးအကျိုးပြု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု ရရှိတဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိ

ဒေါက်တာသိန်းစိန်

ပါတယ်၊ မနှစ်က ငွေကျပ်သန်းခြောက်ထောင်ကျော် ပေးဆောင်ပြီး နိုင်ငံတော်အခွန် သယ်ပိုးထမ်းဆောင်သောဆုကို ရရှိခဲ့ပါတယ်။

ဒီနှစ်မှာတော့ ငွေကျပ်တစ်ဆယ်ဘီလီယံကျော် ပေးဆောင်ခဲ့တဲ့အတွက် အထူးဂုဏ်ထူးဆောင် စွမ်းဆောင်ရည်ဆုကို နိုင်ငံတော်အခွန်ဘဏ္ဍာအများဆုံးသယ်ပိုးထမ်းဆောင်သော လုပ်ငန်းရှင်ဆုထပ်မံရရှိတာဖြစ်ပါတယ်၊ လာမယ့်နှစ်မှာ ငွေကျပ် ၁၇ ဘီလီယံ ကျော်ပေးဆောင်ဖို့ ကြိုးစားနေတဲ့အပြင် နောက်နှစ်အတွက်လည်း ငွေကျပ် ၂၂ ဘီလီယံကျော် ကြိုတင်ပေးဆောင်ထားပါတယ်။

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ကျရာကဏ္ဍကနေပြီး အခွန်များကို ကျေပွန်အောင်ပေးသွင်းသွားမှာပါ၊ နောက်ပြီး ဘာသာရေး၊ လူမှုရေး၊ ပညာရေးနဲ့ အားကစားကဏ္ဍတွေမှာ နိုင်ငံတော်နဲ့ ပူးပေါင်းပြီး တတ်နိုင်တဲ့ဘက်က စဉ်ဆက်မပြတ် ပံ့ပိုးကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ နိုင်ငံတကာနဲ့လည်း ရင်ပေါင်တန်းနိုင်တဲ့ လုပ်ငန်းတွေကို ကြိုးစားဆောင်ရွက်နေပါတယ်၊ ဆုရရှိမှုထက် နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် အခွန်ဘဏ္ဍာကို ဖြည့်တင်းပေးချင်တာက အဓိကပါ၊ နိုင်ငံတော်က ခုလိုဆုချီးမြှင့်တဲ့အတွက် အထူးဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့သည်။

ဦးတေဇ

ယနေ့ကျင်းပသည့် အခမ်းအနားသည် တစ်ဦးတစ်ယောက်၊ ကုမ္ပဏီတစ်ခုတည်းကို ချီးမြှောက်ခြင်းမဟုတ်သည့်အပြင် ပြည်သူအများကိုလည်း ကောင်းသည့်နေရာတွင် စံနမူနာပြအတုယူစေရန်နှင့် နောင်အနာဂတ်တွင် ယခုထက်ပိုပြီး နိုင်ငံအကျိုးပြုပြည်သူများ၏အကျိုးကို ဘက်ပေါင်းစုံကနေ ဆတက်ထမ်းပိုးတိုးပြီး စွမ်းဆောင်နိုင်ကြစေရန် အလေးအနက်ထားကျင်းပခဲ့ခြင်းဖြစ်သည်ကို ကြားသိရသည်။

ပြည့်ဦးနှောက်နှင့် တူသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည့်ဝမ်းစာကို ဖြည့်တင်းပေးနေကြသည့် တောင်သူလယ်သမား ဦးကြီးများ၊ ပြည့်ဘဏ္ဍာကို ဖြည့်ဆည်းပေးနေသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အခွန်တာဝန်တွေကို မကွယ်မဝှက်ထမ်းဆောင် အကျိုးပြုမည့်သူများ၊ ချို့တဲ့သည့်နေရာနှင့် နွမ်းပါးသည့်ပြည်သူများကို အမြဲအပြတ်လှူဒါန်းထောက်ပံ့ကြမည့်သူများ၊ ပြည့်ဂုဏ်ကို ဆောင်ကြမည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၊ ပြည်သူများ၏ ဘေးအန္တရာယ်အခက်အခဲကို အသက်နဲ့ရင်းပြီး စွမ်းစွမ်းတမံ ကယ်တင်စောင့်ရှောက်ကြသူများ၊ ပြည့်ခြေပြည့်လက်များနှင့် တူသည့် ကာယ၊ ဉာဏအခွန်အားများဖြင့် တာဝန်ထမ်းရွက်နေကြသည့် ဝန်ထမ်းများနှင့် ပြည့်ခွန်အားဖြစ်သည့် ပြည်သူ ပြည်သားများကို သိကြား၊ လ၊ နေ၊ မြေ၊ လေ၊ ပင်လယ် မြစ်ကဲ့သို့ မင်းကောင်းမင်းမြတ်များ၏ ကျင့်စဉ်ကျင့်ရပ်များနှင့်အညီ နိုင်ငံတော်က ယခုလို ဂုဏ်ပြုမြှောက်စားထောက်ပံ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးလမ်းသည် ယခုထက် သာယာဝပြော စည်ပင်လှပစေမည်ကို မှန်းမျှော်ကြည့်ရင်း တင်ပြလိုက်ရပါသည်။ ။

■■■

မင်းဘိသိက်ခံဂါထာတော်ကြီးအဖွင့်နိဒါန်း



ဆရာအောင်ကျော်စံရေးသားသော မဟာကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ မင်းဘိသိက်ခံဂါထာတော်ကြီးအဖွင့်နိဒါန်းနှင့်ရတနာမြတ်သုံးပါးကို ပူဇော်ခြင်းစာအုပ် ထွက်ရှိလာသည်။ ဆရာတော်ကြီးပူဇော်လေ့ရှိသော မင်းဘိသိက်ခံဂါထာတော်ကြီးအဓိပ္ပာယ်၊ မင်းဘိသိက်ခံဘုရားရှိခိုး၊ မင်းဘိသိက်ခံဆိုသည်မှာ စသည့်အကြောင်းအရာပေါင်းမျိုးစုံကို စိတ်ဝင်စားဖွယ်ရေးသားထားသည်။ မင်းဘိသိက်ခံ ဂါထာတော်ကြီးသည် လောကီအကျိုးပေးကိုသာမက ပါရမီကျင့်စဉ်စခန်း၊ ပညာကျင့်စဉ်လမ်းတွင် အထူးပူဇော်ရမည့် ဂါထာတော်ကြီးဖြစ်သည်။ ပါရမီစခန်းကို လျှောက်လှမ်းနေကြသော သူတော်ကောင်းကြီးများ၊ မင်းဘိသိက်ခံဂါထာတော်ကြီးမှရရှိသည့်အကျိုးများကား ပုထုဇဉ်တို့ ဉာဏ်မမီနိုင်အောင်ရပါသည်ဟု ဆိုထားသည်။ မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ပထမထပ်-ဝဲ၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှတန်ဖိုး ကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားသည်။

မသိမဖြစ် Android အခြေခံအသုံးများ

အေခိုင်မြင့်ရေးသားသော မသိမဖြစ် Android အခြေခံသုံးများ စာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် Android ဖုန်းများနှင့်အင်တာနက် လွယ်လင့်တကူအသုံးပြုနည်းများ၊ တယ်လီဖုန်းအချင်းချင်း သီချင်းတွေမျှဝေသုံးနည်း၊ ဖုန်းက ဘက်ထရီတွေအရမ်းစား၊ အင်တာနက်ချိတ်၊ ငွေဖြည့်ကတ်ကို အခြားဖုန်းအတွင်းထည့်သွင်းပေးနည်း၊ ဖုန်းနှင့် Sim Card လုံခြုံရေးစနစ်၊ ဖုန်းအသုံးပြုရာတွင် လေးလာလျှင် ပေါ့အောင်လုပ်နည်း၊ Viber အသစ်လေးနဲ့ ကမ္ဘာပတ်သုံးခြင်း၊ စကားမပြောချင်သောဖုန်းတွေကို ပိတ်ထားနည်း၊ ဖုန်းအတွင်းသို့ ငွေဖြည့်ကတ်တိုက်ရိုက်ပြောင်းထည့်ခြင်း စသည့် အကြောင်းအရာပေါင်း မြောက်မြားစွာပါဝင်သည်။ စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်-ဝဲ၊ ၃၉လမ်း (ထက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

ကောင်းကျိုးဝေဆာ နဝင်းပညာဓာတ်ယတြာများ

ဂမ္ဘီရဆရာလှမျိုး(B.Sc)ရေးသားပြုစုသည့် (၇)နေ့သားသမီးများအားလုံးအတွက် ကောင်းကျိုးဝေဆာ နဝင်းပညာဓာတ်ယတြာများစာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် အခန်းဆက်ဆောင်းပါးများ၊ ကိုယ်တိုင်လက်တွေ့ဆောင်ရွက်နေသော နဝင်းပညာဓာတ်ယတြာအကြောင်းများကို စုစည်းတင်ပြထားခြင်းဖြစ်ပြီး မြန်မာ့ရိုးရာဗေဒင်ပညာကို စိတ်ဝင်စားသူများ၊ လေ့လာလိုက်စားလိုသူများနှင့် (၇)နေ့သားသမီးများ၏ တစ်သက်တာ လောကီကောင်းကျိုးများ၊ ဗဟုသုတများရစေနိုင်သော စာအုပ်ဖြစ်သည်။

ထိုစာအုပ်ကို ဒုတိယအကြိမ်အဖြစ် လာဘ်မိုးဆွေစာပေက ထုတ်ဝေပြီး ကြံတိုင်းအောင်စာပေ၊ ဖုန်း-၀၉-၄၂၀၀၄၇၈၆၉ က တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

ဘဝရိပ်ရောင် ဝတ္ထုတိုစု

(Shade of Life-Selected Short Stories)

ဘဝအထွေထွေထဲမှ ဆင်ခြင်စရာ၊ ပြုံးချင်စရာ၊ ကြေကွဲစရာ၊ အတုယူစရာ အဖြစ်အပျက်များကို ရသမြောက်ရေးဖွဲ့ထားသော ဝတ္ထုတိုများကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

မဂ္ဂဇင်းများတွင် ဖော်ပြပါရှိပြီးဖြစ်သော ဝတ္ထုတို ကိုးပုဒ်ကို စုစည်းထားခြင်းဖြစ်သည်။ ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆုနှစ်ကြိမ်တိုင် ရရှိခဲ့ဖူးသော ဆရာမကြီးဒေါ်ကြူကြူသင်း၏ ၂၆ အုပ်မြောက်စုစည်းမှုဖြစ်သည်။ “ရန်အောင်”စာပေတိုက်မှ တစ်ပြည်လုံးသို့ဖြန့်ချိထားပြီး တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

❒ **မန္တလေးမှ**

စာတွေ၊ တိုင်စာတွေ တော်တော်များများရောက်ရှိလာမယ်လို့ထင်တယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ကလည်း ချက်ချင်းအကြောင်းကြားထားတဲ့နေရာကို သွားရောက်စစ်ဆေးပြီး ဝန်ဆောင်မှုပေးမှာပါ။ ဒါပေမယ့် လူများမယ်ဆိုရင်တော့ အစဉ်လိုက်တိုင်းသွားမှာပေါ့။ ဒီနေ့အကြောင်းကြားလို့ ဒီနေ့ရောက်မလာဖြစ်ဖူးဆိုရင်လည်း နားလည်ပေးကြဖို့ မျှော်လင့်ပါတယ်။ အခုလည်း အင်တာနက်လိုင်းတွေမြန်အောင် လုပ်ဆောင်နေပါတယ်။ ဖုန်းနဲ့အသုံးပြုတဲ့ သူတွေလည်း အင်တာနက်လိုင်းအသုံးပြုရ မြန်ဆန်အောင် ဆက်သွယ်ရေးတာဝါတိုင်တွေနဲ့ ဆက်သွယ်ရေး စခန်းတွေတိုးချဲ့တည်ဆောက်နေပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ (၀၀၂)

ခရီးသွားဆောင်းပါး

အလည်တစ်ခေါက်တော့သွားစေချင်

ဇော်မြင့်ဝင်း

"သင်္ကြန်နွှေဦး တူးပို့ . . . တူးပို့ " ဆိုသော မရိုးနိုင်သော သင်္ကြန်သီချင်းများနှင့် ယခုနှစ်သင်္ကြန်ကာလတွင် တောရော/မြို့ပါမကျန် ရေပက်မဏ္ဍပ်တိုင်းလိုလို ခေတ်စားခဲ့သော "ပေါ် . . . ပေါ့ . . . ပေါ်၊ ပေါ် . . ပေါ့ . . ပေါ် မလုံမလုံ" ဆိုသော တေးသံများသည် တစ်နှစ်တာအိပ်စက် အနားယူသွားခဲ့ပြီဖြစ်သလို ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကြီးလည်း ပြီးစီးခဲ့ပြီဖြစ်သည်။

သင်္ကြန်နှစ်ကူးကာလတွင် ရုံးပိတ်ရက် ရက်ရှည်ရခဲ့ကြသဖြင့် တချို့က ရေသဘင်ပွဲ ပျော်ရွှင်စွာဆင်နွှဲရင်း သင်္ကြန်ကာလကို မြူးတူးပျော်ရွှင်စွာ ကျော်လွှန်ခဲ့ကြသည်။ တချို့က တရားရိပ်သာဝင်ခြင်း၊ ဒုလ္လဘရဟန်းခံခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်းများဖြင့် ကုသိုလ်ဘာဝနာပွားများကာ သင်္ကြန်ကာလကို ဖြတ်သန်းခဲ့သည်။ တချို့က ဘုရားဖူးထွက်ခြင်း ဒေသန္တရဗဟုသုတရှာဖွေခြင်းစသည့် ခရီးသွားလာကြခြင်းဖြင့် သင်္ကြန်ရုံးပိတ်ရက်များကို ကုန်လွန်စေခဲ့သည်။

ယခုနှစ် သင်္ကြန်ကာလတွင် အနယ်နယ်အရပ်ရပ်သို့ ဘုရားဖူးခရီးထွက်သူများအနက် ထားဝယ်မြို့ "ရှင်ကိုးရှင် ဘုရားဖူး" ထွက်ကြသူများသည် ယခင်နှစ်များထက် ပိုမိုများပြားလာကြောင်း တွေ့ရှိရသည်။ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာခြင်း၊ လုံခြုံရေးစိတ်ချရခြင်းတို့ကြောင့် ဖြစ်ဟန်တူသည်။

ရှင်ကိုးရှင်ဘုရားသည် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ထားဝယ်မြို့တွင် တည်ရှိသည်။ ရန်ကုန်မှ ထားဝယ်သည် ခရီးမိုင်ပေါင်း ၃၈၄ မိုင်ကျော် ကွာဝေးလှ၏။ ဘုရားဖူးယာဉ်ကြီးများသည် ရန်ကုန်-ပဲခူး-ကျိုက်ထို- မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ရေးတို့ကို ကျော်ဖြတ်၍ အကွေ့အကောက် ၁၀၀ ကျော်ရှိသော မလွှဲတောင်ကြီးကို ဖြတ်ကျော်ကာ ထားဝယ်မြို့သို့ ၁၈ နာရီခန့် စီးနင်းလိုက်ပါကြရသည်။

မိမိတို့စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်သည် ဘုရားဖူးခရီးစဉ်စတင်ထွက်ခွာသည့်အချိန်မှစ၍ ထားဝယ်မြို့အလှ ဖော်ကျူးထားသည့် "လှမ်းခဲ့ထားဝယ်မြေ" ဓမ္မ သီချင်းခွေဖြင့် စတင်မိတ်ဆက်ပေးတော့သည်-

တောင်များပတ်လည် . . . . . . ဝိုင်းလို့ လှပနေ
မြန်မာပြည် တောင်ဘက်ပိုင်း . . . . . . တိုင်းတနင်္သာရီ
ယဉ်ကျေးလှတဲ့ စရိုက်များ မပျက်ပေ
ဖော်ရွေစွာ အသံဝဲဝဲ တို့ထားဝယ်တွေ
တန်ခိုးကြီးဘုရားများ ဖူးမယ်လေ
လိုက်ပို့ပါမယ် ရှင်ကိုးရှင်
အစားအသောက်ဆန်းတွေ မြည်းစမ်းသုံးဆောင်ပေ
. . . .
အလှဆုံးကမ်းခြေလေးတစ်ခု မဝေးလှပေ
နေဝင်ချိန်ပန်းချီကားတစ်ခု မောင်းမကန်ပေ
ဝင်ခဲ့ပေါ့ ရေပူစမ်းလေး တစ်ခုရှိတယ်
ရှင်မော်အငူ ရေများနဲ့ဝိုင်းရံနေ
ဘီးကလေးစီး လျှောက်လည်မယ်
နည်းနည်းလှမ်းတော့ ဆိုင်ကယ်လေးနဲ့
ကမ်းရိုးတန်းဒေသအလှ မငြိမ်းနိုင်ဖွယ်
အလည်တစ်ခေါက်တော့ အရောက်လာပါလေ
ကြိုဆိုနေမယ် အရိုးသားဆုံးပဲ
စိတ်ချမ်းမြေ့ အပန်းဖြေစေမယ်
ပျူပျူငှာငှာ ရင်းနှီးအပြုံးနဲ့
ဟေ ဟေ့ ဟေ့ ဟေ . . . လှမ်းခဲ့ထားဝယ်မြေ
ဟေ ဟေ့ ဟေ့ ဟေ . . . လှမ်းခဲ့တော့ကွယ်

တေးရေး/ တေးဆို ခိုင်မြဲသာမှ ထားဝယ်အလှ ဖော်ကျူးထားသည့် သီချင်းစာသားများအား အသံလေးဝဲဝဲဖြင့် မြူးမြူးကြွကြွ သီဆိုထားရာ ဘုရားဖူးခရီးသည်များ ရုပ်မြင်သံကြားစက်မှတစ်ဆင့် ထားဝယ်အလှ ကြိုတင်ကြည့်ရှုခွင့်ရခဲ့သည်။

ထားဝယ်မြို့သို့ ရောက်ရှိပြီးနောက်တစ်နေ့တွင် မျှော်ရစ်ဘုရားသို့ သွားရောက်ဖူးမြော်ကြရသည်။ တောအထပ်ထပ်၊ ရွာအသွယ်သွယ်ဖြတ်၍ ပင်လယ်ကမ်းဘေးမှ သွားကြရသဖြင့် ပင်လယ်ကမ်းခြေအလှ၊ ကျွန်းကြီးများအလှ၊ လှိုင်းလုံးကြီးများရိုက်ခတ်သည့် စီးချက်ကျကျတေးသံသာများကို ခံစားကြည့်ရှုကြရသည်။ ဘုရားပေါ်မှ နေ၍ ပင်လယ်မှလာသော လေကောင်းလေသန့်များကို တစ်ဝကြီးရှူရှိုက်ကြရသည်။ မျှော်ရစ်ဘုရားသည် ပင်လယ်တွင်းသို့ ထိုးထွက်နေသော အငူပေါ်တွင် တည်ထားသည့် ဆံတော်အစစ်ကိန်းဝပ်ရာ စေတီဖြစ်သည်။ နတ်-နဂါးများ ရစ်ပတ်စောင့်ရှောက် ကိုးကွယ်ပူဇော်သဖြင့် နဂါးရစ်စေတီဟုလည်း ခေါ်ဆိုကြ၏။ အလောင်းစည်သူမင်း ဖောင်စကြာဖြင့် လှည့်လည်လာစဉ် သိကြားမင်းက လမ်းညွှန်ပြသဖြင့် တက်ရောက်ဖူးမြော်ခဲ့ပြီး ဆံတော်ဌာပနာတိုက်ပေါ်၌ စေတီတစ်ဆူ တည်လေသည်။ ယင်းနေရာတွင် ဘုရင့်နောက်ပါတချို့ တိုင်းပြည်ကိုလွမ်းဆွတ်ညည်းညူသံကို ဘုရင်ကြားသိလျှင် ထိုသူတို့အား ရာဇဒဏ်ချမှတ်ပြီး ဖောင်စကြာ ထွက်သွားရာ ငေးမျှော်လျက်ကျန်ရစ်ကြရသဖြင့် မျှော်ရစ်ဘုရားဟုခေါ်တွင်ကြောင်း မှတ်သားသိရှိခဲ့ရသည်။ မျှော်ရစ်ဘုရားမှ ဘုရားဖူးပြီးနောက် မျှော်ရစ်ဘုရားနှင့် ၁၀ မိုင်ခန့်ကွာဝေးသော မောင်းမကန်ကမ်းခြေသို့ အပန်းဖြေသွားရောက်ကြသည်။ မောင်းမကန်ကမ်းခြေသည် သင်္ကြန်ကာလဖြစ်သည်နှင့်အညီ ခရီးသွားဧည့်များ၊ မြို့ခံရေပက်ခံထွက်သူများ၊ အပန်းဖြေသူများနှင့် စည်ကားပြည့်နှက်လျက်ရှိသည်။ ပင်လယ်မှ လိမ့်လိမ့်လာသော ရေလှိုင်းခေါင်းဖြူကြီးများ ကမ်းခြေသို့ တရွေ့ရွေ့တက်လာသည့် အလှ၊ သဲသောင်ပြင်ဖွေးဖွေးတစ်လျှောက် မြူးတူးပျော်ရွှင်စွာ အပန်းဖြေနေကြသည့်အလှ၊ ကမ်းခြေသို့ ပုတ်တင်လိုက်သည့် ရေလှိုင်းကြီးများပေါ်တွင် အသက်ကယ်ဘောများဖြင့် ရေလှိုင်းစီးပျော်မြူးနေကြသူများဖြင့် အလွန်စည်ကားလျက်ရှိသည်ကို တွေ့ရ၏။

ကောဇာသက္ကရာဇ် ၅၁၇ ခုနှစ်တွင် အလောင်းစည်သူမင်းကြီးသည် ဖောင်တော်ဖြင့် ထားဝယ်ဒေသသို့ ရောက်ရှိခဲ့ရာ လှပသာယာသော ပင်လယ်ကမ်းခြေအရောက်တွင် ဖောင်တော်ကိုရပ်နားဆိုက်ကပ်ထား၏၊ မောင်းမမိဿံအခြွေအရံများရေချိုးပြီး ရေချိုးရရန် ကမ်းသို့တက်ကာ ရေကန်တူးဖော်ခဲ့ကြသည်ကို အစပြု၍ မောင်းမကန်ဟု အခုတိုင် ခေါ်ဆိုကြခြင်းဖြစ်ပါသည်။

မောင်းမကန်သို့ အလည်အပတ်ရောက်သူတိုင်း သဲသောင်ပြင်တွင် လမ်းလျှောက်ခြင်း၊ မြင်းစီးခြင်း၊ စက်ဘီးစီးခြင်း၊ လေကောင်းလေသန့်များ တစ်ဝရှူကြခြင်း၊ ပင်လယ်ရေလှိုင်းများစီး၍ ရေချိုးကြခြင်း၊ သဘာဝပန်းချီကားတစ်ချပ်သဖွယ်ဖြစ်သော မောင်းမကန်နေဝင်ချိန် ဆည်းဆာအလှကို ခံစားကြည့်ရှုခြင်း၊ ဒေသထွက်ပင်လယ်စာများ စားသုံးပြီး အပန်းဖြေခြင်းဖြင့် "နွမ်းသမျှ အပန်းဖြေ မောင်းမကန်ကမ်းခြေ" ဟု တင်စားပြောဆိုကြ၏။ ပင်လယ်မှ တလိမ့်လိမ့်တက်လာသော ရေလှိုင်းဖြူကြီးများ၏အလှ၊ တိုက်ခတ်လာသော လေနုအေးများကြောင့်စိတ်ကြည်လန်းဆန်းမှု၊ ကမ်းခြေတွင် ဗောများငှားကာ ရေလှိုင်းစီး၍ ပျော်ရွှင်မြူးထူးနေသည့် အမြင်အာရုံများသည် ငေးမောနေသူများအား ရေထဲသို့ မဆင်းဆင်းအောင်ဆွဲဆောင်နေသကဲ့သို့ ဖြစ်နေ၏။ ရေထဲဆင်းတော့မှ ရေကလည်းအေး၊ လှိုင်းကြီးများကကမ်းစပ်သို့ တွန်းပုတ်နေသည့်ခံစားရမှုသည် ရေထဲမှပြန်မတက်ချင်လောက်အောင် ပျော်ရွှင်မှုကို ရရှိစေသဖြင့် "မောင်းမကန်ရေချိုး ဆွေမျိုးကို မေ့တယ်" ဟု တင်စားပြောဆိုကြသည်ကိုလည်း သိရှိခဲ့ရသည်။

မောင်းမကန်မှ အပန်းဖြေပြီး နောက်နေ့တွင် ရှင်ကိုးရှင်ဘုရားသို့ စတင်ဖူးမြော်ကြရသည်။ ရှင်ကိုးရှင်ဟူသည်မှာ "တောင်သုံးတောင်၊ တောသုံးတော၊ မြို့သုံးဆူ အောင်နိမိတ်ယူ" ဟု အဆိုအရလည်းကောင်း၊ " ဟေမာဂီရိမြို့တြိ မှတ်ဘိ ရှင်ကိုးရှင်" ဟူသော သံပေါက်လင်္ကာအရလည်းကောင်း၊ "ရှင်ကိုးရှင်ဝါ" ဘုရားကိုးဆူအဖြစ် တန်ခိုးထင်ရှားကျော်ကြားလှပေသည်။

တောင်သုံးတောင်အရ တောင်ပေါ်ရှိ ဘုရားသုံးဆူမှာ

၁။ ရှင်ဆံတော် (ကလိန်အောင်ဆံတော်ရှင်)
၂။ ရှင်မျှော်တောင်စေတီ
၃။ ရှင်တောင့်ပုံစေတီတို့ ဖြစ်သည်။

တောသုံးတောအရ တောရွာရှိ ဘုရားသုံးဆူမှာ

၁။ ရှင်ဓာတ်ဝဲ စေတီ
၂။ ရှင်ဇလွန် စေတီ
၃။ ရှင်တောက်တိန် စေတီတို့ ဖြစ်ကြသည်။

မြို့သုံးဆူအရ မြို့မရပ်ကွက်နှင့် ကျေးရွာရှိ ဘုရားသုံးဆူမှာ

၁။ ရှင်ပင်ခရုစေတီ
၂။ ရှင်ဥသြစေတီ
၃။ ရှင်မုတ္ထီးရုပ်ပွားတော်မြတ်များ ဖြစ်ပါသည်။

ရှင်ကိုးရှင်တန်ခိုးကြီးဘုရားများအား အဓိဋ္ဌာန်ပြုရှိခိုးပူဇော် ဆုတောင်းပါက ဆုတောင်းပြည့်ကြောင်း သိရှိရပါသည်။ ရှင်ကိုးရှင်ဘုရားများအပြင် ထားဝယ်မြို့တွင်း ဘုရားကြီးအားလည်း သွားရောက်ဖူးမြော်ကြရသည်။ ဘုရားကြီးဝင်းအတွင်း ရွှေတောင်စားစေတီတော်နှင့် လောကမာရဇိန်ဘုရားကြီးကိုလည်း ဖူးမြော်ခဲ့ရ၏။ ဘုရားကြီးဝင်းအတွင်းရှိ များပြားလှသော သာသနိကအဆောက်အအုံများအနက် ပရမတ္ထသိမ်တော်ကြီးအတွင်း ဉာဏ်တော်လေးပေခန့်ရှိ ရုပ်တော်မူဆင်းတုတော်တစ်ဆူ ပူဇော်ထားသည်ကို ဖူးတွေ့ရပါသည်။ ၎င်းရုပ်တော်မူဆင်းတုတော်မှာ ခြေနင်းပါ ရုပ်တော်မူရုပ်ပွားတော်ဖြစ်ပြီး ရှားပါးသည့် ပုံတော်ဖြစ်ကာ ရှေးဟောင်းလက်ရာဖြစ်ကြောင်းလည်း သိရှိခဲ့ရသည်။

ထားဝယ်မြို့တွင်းဘုရားများဖူးမြော်ရာတွင် စပါးတောင်ခြေရင်းရှိ ကမ္ဘာပေါ်တွင် အကြီးဆုံးသော လောကသရဖူလျောင်းတော်မူဘုရားကြီးကိုလည်း ဖူးမြော်ခဲ့ရသည်။ လျောင်းတော်မူဘုရားကြီး၏ ရောင်လျှံတော်ထိပ်မှ ခြေဖျားတော်ထိ ဉာဏ်တော်အလျား ၁၆၂ တောင်ရှိကာ တြင်းကြေ၊ နဝင်းကြေ တည်ထားခြင်းဖြစ်၏။ ပလင်တော်အလျား အတောင် ၂၀၀၊ အနံအတောင် ၄၀၊ အောက်ခြေမှအမြင့် ၅၂ တောင်ရှိကြောင်း သိရှိခဲ့ရသည်။ မိမိတို့သွားရောက်ဖူးမြော်စဉ်အတွင်း လျောင်းတော်မူရုပ်ပွားတော်ကြီး၏ ယာဘက်မျက်လုံးတော် ထောင့်စွန်းတွင် ကြီးမားသော ပျားအုံကြီးစွဲနေသည်ကို ဘုရားဖူးများ အံ့သြစွာ တွေ့ရှိခဲ့ကြသည်။

နှစ်ဆန်းတစ်ရက် နံနက်ပိုင်းတွင် ရှင်ဆံတော် (ကလိန်အောင်ဆံတော်ရှင်) ဖူးမြော်ပြီး ထားဝယ်မှတစ်ဆင့် ရေးမြို့သို့ ဆက်လက်ထွက်ခွာခဲ့၏။ ရေးမြို့တွင် ရေးကိုရင်လေးတည်ထားသည့် လေးမျက်နှာဘုရားကြီးမှာလည်း အဝေးမှပင် ဖူးမြော်နိုင်ပြီး အံ့သြဖွယ်ရာ သာသနိကအဆောက်အအုံများကိုလည်း တွေ့ခဲ့ရ၏။ ရေးမြို့မှတစ်ဆင့် ကျိုက်ခ္မီရေလယ်ဘုရားသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ဒေသဓလေ့များအရ နှစ်ဆန်းတစ်ရက်နေ့တိုင်အောင် သင်္ကြန်ရေပက်ကစားကြ၏။ တစ်မြို့လုံး၊ တစ်ရွာလုံးနီးပါး ညဥ့်နက်သန်းခေါင်ကျော်တိုင် ရေပက်ကစားကြသည်။ ရေပက်ကစားရာ နေရာတိုင်းလိုလို ကားများကိုတား၍ ငွေဖလားဖြင့် အလှူခံကြ၏။ ပြီးလျှင် ရေပက်ကြ၏။ တချို့က အမွှေးနံ့သာများရော သွေးထားသော သနပ်ခါးများဖြင့် လိမ်းချယ်ပေးကြသည်။ ဘုရားဖူးကားများသည် မှန်လုံကားများဖြစ်၍ ခရီးသည်များအား ရေပက်မရဖြစ်ကာ ကားကြီးကိုသာ သနပ်ခါးများဖြင့် သုတ်လိမ်းပေးခဲ့ကြသည်ကို တွေ့ရှိခဲ့ရ၏။ နေရာတိုင်း ဆောင်းဘောက်စ်ကြီးများဖွင့်၍ မြူးထူးကခုန်နေကြသည်ကို တွေ့ကြရ၏။ သင်္ကြန်သီချင်းအစုံစုံကိုလည်း ကြားကြရ၏။ အများစုဖွင့်ကြသည့် သီးချင်းသံမှာ "ပေါ် . . ပေါ့ . . ပေါ် . . ပေါ် . . ပေါ့ . . ပေါ် . . မလုံ . . . မလုံ" ဆိုသည့် မြူးမြူးကြွကြွ သီချင်းသံပင်ဖြစ်သည်။

နှစ်ဆန်း နှစ်ရက်နေ့ နံနက်ပိုင်းတွင် ကျိုက်ခ္မီရေလယ်ဘုရားမှ စက်စဲကမ်းခြေသို့ အပန်းဖြေထွက်ခဲ့ကြ၏။ စက်စဲကမ်းခြေရှိ ရေလှိုင်းများမှာ အနည်းငယ်နောက်ကျိသဖြင့် ရေထဲဆင်းရန် ဆွဲဆောင်နိုင်မှုအားနည်းကြောင်း တွေ့ခဲ့ရ၏။ စက်စဲကမ်းခြေသဲသောင်ပြင်မှာ ပြန့်ပြူးညီစွာ ကျယ်ကျယ်ပြန့်ပြန့်ရှိသဖြင့် လမ်းလျှောက်သူများ၊ ဆိုင်ကယ်အငှားစီးသူများ၊ မြင်းစီးသူများ၊ အုန်းရေသောက် အပန်းဖြေသူများ များသည်ကိုတွေ့ခဲ့ရသည်။ စက်စဲမှတစ်ဆင့် မုဒုံ၊ ကမာဝက်ရွာ ဓာတ်တော်ကျောင်းသို့ ဝင်ရောက်ဖူးမြော်ခွင့်ရကြသည်။ ကမာဝက် ဓာတ်တော်ကျောင်းမှတစ်ဆင့် မုဒုံဝင်း စိန်တောရဆရာတော်ကြီး တည်ထားကိုးကွယ်သည့် ကမ္ဘာ့အကြီးဆုံး ဇိနသုခ ရန်အောင်ချမ်းသာဘုရားကြီး လျောင်းတော်မူ ရုပ်ပွားတော်ကြီးကို ဖူးမြော်ခဲ့ရသည်။ ထိုမှတစ်ဆင့် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကို ဝင်ရောက်ဖူးမြော်ကြရသည်။ ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီးသည် မွန်ပြည်နယ် ကျိုက်မရောမြို့ ဆရာတော် ဦးခေမာ ဘုရားကျောင်းကြီးအတွင်း တင့်တယ်သပ္ပာယ်စွာ ကိန်းဝပ်တော်မူလျက်ရှိသည်။ ဘုရားဒါယိကာမမှာ ဘုရင်မကြီး ရှင်စောပုဖြစ်သည်။ ကျိုက်မရောဆုတောင်းပြည့် ဆင်းတုတော်သည် မြန်မာပြည်အနှံ့ ဗုဒ္ဓဆင်းတုတော်များနှင့်မတူ တစ်မူထူးခြားစွာ ဖူးတွေ့ရ၏။ ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီး၏ ရုပ်ပွားတော်မှာ ခြေတွဲလျားချ၊ လက်ဘေးနှစ်ဖက်ထောက် ထိုင်တော်မူရုပ်ပွားဆင်းတုတော်ကြီးအဖြစ် ဖူးတွေ့ရသည်။

ကျိုက်မရောမှတစ်ဆင့် ကျိုက်သလ္လံစေတီ၊ နွားလပို့တောင်များသို့ ဆက်လက်သွားရောက်ဖူးမြော်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လာခဲ့ကြသည်။ ငါးညအိပ်ခြောက်ရက်အပြန်ခရီးတွင် ခရီးပန်းလာကြသဖြင့် ဘုရားဖူးခရီးသည်အားလုံး မှေးစက်အနားယူရင်း လိုက်ပါလာရာ ရန်ကုန်မြို့အဝင် မင်္ဂလာဒုံခရေပင်လမ်းခွဲအရောက် ကားပေါ်ပါအသံချဲ့စက်မှ "ကြိုဆိုနေမယ် အရိုးသားဆုံးနဲ့ စိတ်ချမ်းမြေ့ အပန်းဖြေစေမယ်" ဟု ခရီးသွားလမ်းညွှန်၏ နှုတ်ဆက်သံကြားရတော့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီဖြစ်ကြောင်း သိရှိလိုက်ရပါတော့သည်။ ။

ဆိုင်ကယ်ဝယ်မည်ပြောပြီး မောင်းယူထွက်ပြေး

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်(၁၁)ရပ်ကွက်---လမ်းနေ ဦး--၏နေအိမ်သို့ အမည်မသိလူငယ်နှစ်ဦး ရောက်ရှိလာပြီး ဦး--ပိုင်ဆိုင်သောဆိုင်ကယ်အားဝယ်မည်ဟု ယုံကြည်အောင်ပြော၍ အစမ်းမောင်းကြည့်မည်ဟုဆိုကာ မောင်းယူထွက်ပြေးသွားသော ဖြစ်ရပ်တစ်ခု ဧပြီ ၃၀ ရက် ည ၇ နာရီခန့်က ဖြစ်ပွားခဲ့၍ လှိုင်မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ ယင်းည၌ပင် တိုင်ကြားခဲ့ရာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် ဆိုင်ကယ်အား အလျင်အမြန်ပြန်လည်သိမ်းဆည်းရမိရေးအတွက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်။ အလစ်သုတ်သွားသော ဆိုင်ကယ်မှာ ၃၇ယ/၁၃၆၈၉ (Yamahar FinoEye 2013) ယိုးဒယားနိုင်ငံထုတ် ဖြူနက်ပြာအရောင်ဖြစ်သည်။ မှုခင်းများလျင်မြန်စွာဖော်ထုတ်နိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ၎င်းဆိုင်ကယ်အား တွေ့ရှိပါက ဒုရဲအုပ် ဦးစိန်ကိုကို ဖုန်း-၀၉-၄၂၀ ၀၄၆၄၉၈သို့ ပြည်သူများမှပူးပေါင်းကူညီအကြောင်းကြားပေးစေလိုကြောင်း သိရသည်။ **(ဝရဇိန်)**

ပင်လည်ဘူးမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းများ ပြိုကျပျက်စီး

ပင်လည်ဘူး မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် မေ ၂ ရက် ညနေ ၅ နာရီခွဲက လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုကြောင့် စာသင်ကျောင်းများပြိုကျခြင်း၊ အမိုးလန်ပျက်စီးခြင်း၊ လျှပ်စစ်မီးတိုင်များ ကျိုးကျခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါ လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုကြောင့် အင်ကုန်းကျေးရွာ မူလတန်းကျောင်းဆောင်ပြိုကျပြီး ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်အမိုးများ ပျက်စီးကာ သွယ်တန်းဆဲလျှပ်စစ်မီးတိုင်များ ကျိုးကျပျက်စီးခဲ့သည်။

အလားတူ ဆိုင်ယားကြီးကျေးရွာ အမက၊ မြို့မ(၁)အမကနှင့် မြို့မ(၂) အမကကျောင်းတို့၌ ကျောင်းဆောင်အမိုးများ ပျက်စီးပြီး မြို့နယ်ဘောလုံးကွင်းအုတ်တံတိုင်းပြိုကျပျက်စီးခဲ့သည်။

လေဘေးဒဏ်သင့်ကျေးရွာများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်နှင့် ဌာနဆိုင်ရာများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများက ပျက်စီးမှုများကို စုပေါင်းရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စာတည်းမှူးထံသို့ ရောက်လာသော ပေးစာများ

အမှိုက်ကန်အား ဖျက်သိမ်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် ဆည်မြောင်းလမ်းရှိ အမှိုက်ကန်မှအမှိုက်များသည် အနံ့ဆိုးများစွာထွက်ရှိခြင်းကြောင့် ပတ်ဝန်းကျင်ရှိနေထိုင်သွားလာသူများအား များစွာအနှောင့်အယှက်ဖြစ်၍ ကျန်းမာရေးအတွက်လည်း မသင့်တော်ဖြစ်နေပါသဖြင့် အဆိုပါအမှိုက်ကန်အားဖျက်သိမ်းပေးပြီး ပလတ်စတစ်အမှိုက်ကန်များဖြင့် အစားထိုးပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **(ပတ်ဝန်းကျင်နေထိုင်သူများ)**

တရားမဝင်ခြံဝင်းနှင့် လမ်းပိတ်ဆို့မှုများအား ရှင်းလင်းပေးပါ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၆၄)ရပ်ကွက် ပြည်ထောင်စုလမ်းမရှိ ရွှေဘုရင်အိမ်ရာတွင် တိုက်မျက်နှာစာလမ်းအား ပိတ်ဆို့လျက်တရားမဝင် ခြံဝင်းခတ်ထားလျက်ရှိပါသည်။ အများပြည်သူအသုံးပြုသည့်တိုက်လှေခါးရှေ့ဝ၌လည်း မီးစက်ပျက်ကြီးတစ်ခုဖြင့် လမ်းပိတ်ဆို့ထားပါ၍ ကားများလှေခါးဝသို့တိုင် ဝင်/ထွက်သွားလာ၍ မလွယ်ကူပါသဖြင့် သက်ဆိုင်ရာမှရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

(တိုက်ခန်းနေသူများ)

ငါးမုန့်လုပ်ငန်းကြောင့် ညှော်နံ့မခံနိုင်

အလုံမြို့နယ် စောရန်ပိုင်(မြောက်)ရပ်ကွက် ငုဝါလမ်း အမှတ်(၂၀၁)၏အနောက်ဘက်တွင်အဆောက်အအုံဆောက်လုပ်၍ ငါးမုန့်လုပ်ငန်း၊ ဖိနပ်သဲကြိုးလုပ်ငန်းများ လုပ်ကိုင်နေပါသဖြင့် အိမ်အတွင်းသို့ မီးခိုးများ၊ ပြာများ၊ ညှော်နံ့များဝင်ရောက်ခြင်းကို နေ့စဉ်ခံစားနေရပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(ရပ်ကွက်သားများ)

(၁၆၇)လမ်း၏ပျက်စီးမှုများ ဆောင်ရွက်ပေးပါရန်

ရန်ကုန်မြို့ တာမွေမြို့နယ် (၁၆၇)လမ်းအတွင်း သား၊ ငါးဈေးသည်များသည် နေအိမ်များရှေ့ပိတ်ဆို့ ရောင်းချနေ၍ သား၊ ငါးညှီနံ့ဆိုးများ တစ်လမ်းလုံးနေ့စဉ်ခံစားနေရ၍ ကျန်းမာရေး ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခြင်း၊ ကလေးသူငယ်များသွေးလွန် တုပ်ကွေးများဖြစ်ပေါ်နေခြင်း၊ လမ်းမြေများအပေါ်တွင် ဈေးဆိုင်များအခိုင်အမာဆောက်လုပ်၍ လမ်းနယ်ကျဉ်းမြောင်းကာ ယာဉ်အသွားအလာမတော်တဆထိခိုက်မှုရှိသဖြင့် လမ်းဥပစာ ထိခိုက်ပျက်စီးနေခြင်း၊ လမ်းအတွင်း စည်းကမ်းမဲ့ အမှိုက်ပုံကြီးများနှင့် ဈေးသည်များ၏ စွန့်ပစ်ခြင်းကြောင့် ရေမြောင်းများပိတ်ဆို့ကာ လမ်းများ မြင်မကောင်းအောင် ဗွက်ထပျက်စီးနေခြင်းတို့ကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

(လမ်းသူလမ်းသားများ)

ရပ်ကွက်အတွင်းမှ အထည်ချုပ်လုပ်ငန်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်

မရမ်းကုန်းမြို့နယ်(၂)ရပ်ကွက် ဗဟိုလမ်းအမှတ်(၃၅၈)၏ ကျောခြင်းကပ်မဟာဗန္ဓုလလမ်း (၂)ရပ်ကွက် မရမ်းကုန်း၌ အိမ်နှစ်လုံးတွင် ပါဝါမီတာမပါဘဲ မော်တာဖြင့် တစ်အိမ်လျှင် အလုပ်သမား၃၈ ဦး၊ နောက်တစ်အိမ်တွင် ၂၀ ဖြင့် အထည်ချုပ်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ မီးများရှော့ဖြစ်လျှင် တဝုန်းဝုန်းနှင့် ပြေးသံသာကြားရသည်။ အလွန်ကြောက်နေရပါသည်။ အိမ်မှာလည်းသစ်သားများဟောင်းဆွေးနေ၍ မီးအန္တရာယ်စိုးရိမ်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ **(မီးဘေးစိုးရိမ်သူ)**

လူနေရပ်ကွက်အတွင်းမှ သစ်စက်ဖြေရှင်းပြီးစီး

၂၈. ၄. ၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၄) ကော်လံ(၅)တွင် စာတည်းမှူးထံပေးစာများ ကဏ္ဍပါ "လူနေရပ်ကွက်အတွင်းရှိ သစ်စက်ရွှေ့ပြောင်းပေးစေချင်" ခေါင်းစဉ်ဖြင့် ရပ်ကွက်အတွင်းနေထိုင်သူများမှတင်ပြသည့် ပေးစာနှင့်ပတ်သက်၍ ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီက မေ ၁ ရက်မှစတင်၍ သစ်ခွဲစက်လုပ်ငန်းအား ရပ်ဆိုင်းထားပြီးဖြစ်ပါကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီ

မြိတ်မြို့မြစ်ကမ်းဘေးတွင် ဆိုက်ကပ်ထားသော ကင်းမွန်မီးထွန်းလှေ ပေါ်ဆ မီးလောင်

မြိတ် မေ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းနယ်မြေ သဲကွင်းမြစ်ကမ်းဘေးတွင် ဆိုက်ကပ်ထားသော လှေပိုင်ရှင် ဒေါ်အုန်းမြင့်၊ စက်လှေတာဝန်ခံ ကိုဆန်းအောင်(ခ)ဦးပိန်စော (၄၂)နှစ်မှ တာဝန်ယူထားသော အလျား ၃၉ ပေ၊ အနံ ၆ ပေရှိ အောင်မြတ်အောင်ကင်းမွန်မီးထွန်းလှေပေါ်တွင် ထမင်းချက်စားပြီးအပြင်ထွက်သွားရာ မေ ၂ ရက် ည ၆ နာရီခွဲတွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မြိတ်မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ်လေးစီး၊ အရန်မီးသတ်စခန်းများမှ မီးသတ်ယာဉ် ၁၁ စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး၊ အရန် ၇၀ နှင့် ရဲတပ်ဖွဲ့ဝင် ၂၀ တို့စုပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၆ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အောင်မြတ်အောင်စက်လှေအလျား ၃၉ ပေ၊ အနံ ၆ ပေ လှေပေါ်ရှိ ပစ္စည်းများ၊ သိဒ္ဓိအောင်စက်လှေပေါ်ရှိ အခြားပစ္စည်းများနှင့်အနီးရှိ ကူးတို့လှေများ မီးလောင်ခဲ့သဖြင့် ဆုံးရှုံးမှုတန်ဖိုးကျပ် ၁၇၄၅၀၀၀ ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။ အဆိုပါ မီးလောင်မှုကို မြိတ်မြို့နယ်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

ပုလောမြို့ ရှပ်ပုံကျေးရွာတွင် ကလေးငယ်နှစ်ဦး အစာအဆိပ်သင့်၍ သေ

ပုလော မေ ၄

ပုလောမြို့ရှပ်ပုံကျေးရွာတွင် ကလေးငယ်နှစ်ဦးသည် မေ ၁ ရက် မွန်းလွဲ ၂ နာရီခွဲက အစာအဆိပ်သင့်၍ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှပ်ပုံကျေးရွာအထဲစုရပ်နေ ဦးဝင်းလှိုင်၏ သားမောင်ဆန်းကိုဖြိုးသည် ညီများဖြစ်သော မောင်ချစ်လင်းနိုင်နှင့် မောင်စည်သူဖြိုးတို့နှင့်အတူ နေအိမ်တွင် ထမင်းကိုထမင်းရည်ဖြင့်ဖျော်ပြီး ဟင်းချိုမငါးငါးခြောက်ဖုတ်ဖြင့် စားခဲ့သည်။

ညနေ ၃ နာရီခန့်တွင် မောင်ချစ်လင်းနိုင်နှင့် မောင်စည်သူဖြိုးတို့မှာ ဗိုက်အောင့်လာသဖြင့် ပုလောမြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ဆေးကုသမှုခံယူစဉ် ဆေးရုံ၌ပင် သေဆုံးသွားခဲ့ကြသည်။ ကလေးနှစ်ဦး သေဆုံးရခြင်းမှာ အစာဆိပ်သင့်၍ သေဆုံးရခြင်းဖြစ်ကြောင်း တာဝန်ကျဆရာဝန်၏ ပြောပြချက်အရသိရသည်။ **(ပုလောပြန်/ဆက်)**

GOLDEN STAR

MAY 9,12

တား
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
TOYOTA HILUX VIGO (CHAMP)
(SMART CAB 2014)
BRAND NEW (ရှင်ကွဲ)
ပစ္စည်းအားလုံးစုံ
Ph : 09-43755555, 09-250666861

သင့်သွေးဖြင့် အသက်ကယ်ပါ

UNIQUE STAR TRAVELS

FOREVER

ပထမဆုရရှိသော ကံကြီးကျေးရွာအသင်းကို တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။

အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် မေ ၄

နေပြည်တော် တပ်ကုန်းမြို့နယ် ပထမအကြိမ် မြို့နယ်အုပ်ချုပ်ရေးမှူးဒိုင်း အမျိုးသား ဘော်လီဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် တပ်ကုန်းမြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်အဖြစ် ကံကြီး ကျေးရွာအသင်းနှင့် ကြက်သွန်ခင်း ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကံကြီးကျေးရွာ အသင်းက သုံးပွဲဖြင့် အပြတ်အသတ် အနိုင်ရရှိသွားသည်။ ထို့နောက် ဆုပေးပွဲ အခမ်းအနား ဆက်လက်ကျင်းပရာ ဒုတိယဆုရရှိသွားသော ကြက်သွန်ခင်း ကျေးရွာအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကို ဘော်လီဘော ဆပ်ကော်မတီအဖွဲ့မှ တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ပထမဆုရရှိသော ကံကြီးကျေးရွာ အသင်းကို အားကစားဖြစ်မြောက်ရေးဆပ်ကော်မတီအဖွဲ့မှ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး ငွေသားဆုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဒိုင်း တို့ကို တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးလူက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲကို သက်ဆိုင်ရာမှ တာဝန်ရှိသူများ၊ တပ်ကုန်းမြို့နယ်အတွင်းရှိ ဘော်လီဘော ဝါသနာရှင်ပရိသတ်များ ကွင်းလုံးပြည့် လာရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ဇင်ဘိုမင်း(ကြေးမုံ)

Terminator ဇာတ်ကားတွင် ပါဝင်လာမည့် သရုပ်ဆောင်သစ် မတ်စမစ်သ်

ဗြိတိန်သိပ္ပံရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် Doctor Who မှ သရုပ်ဆောင် မတ်စမစ်သ်က Terminator ဇာတ်ကား၏ ပဉ္စမမြောက် ဇာတ်လမ်းတွဲဖြစ်သည့် Terminator: Genesis ဇာတ်ကားတွင် အဓိကဇာတ်ကောင်သစ်တစ်ဦးအဖြစ် ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

မတ်စမစ်သ်သည် ယင်းဇာတ်ကားတွင် ဂျွန်ကွန်နာအဖြစ် သရုပ်ဆောင်မည့် ဩစတြေးလျသရုပ်ဆောင် မင်းသား ဂျေဆွန်ကလပ်နှင့်အပြိုင် သရုပ်ဆောင်ရမည်ဖြစ်ပြီး အခြားသောဝါရင့်သရုပ်ဆောင်များဖြစ်ကြသည့် မင်းသားကြီးအာနို၊ မင်းသမီး အမ်မီလီယာကလပ်နှင့် အာရှကြယ်ပွင့် လီပြောင်ဟွန်းတို့လည်း လက်တွဲပါဝင်ကြမည်ဖြစ်သည်။

အဆိုပါ Terminator: Genesis ဇာတ်ကားသစ်ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖြန့်ချိပြသရန်စီစဉ်ထားကြောင်း ပါရာမောင့်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်ပြန်ထားသည်။

Doctor Who ဇာတ်ကားဖြင့် အောင်မြင်မှုများစွာရရှိခဲ့သည့် မတ်စမစ်သ်သည် ယင်းဇာတ်ကားဖြင့်ပင် သရုပ်ဆောင်ပိုင်းဆိုင်ရာဆုများစွာ ရရှိခဲ့ပြီး ယခု Terminator ဇာတ်ကားတွင်လည်း ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

iHeart Radio ဂီတဖျော်ဖြေပွဲတွင် မိုက်ကယ်ဂျက်ဆင်၏ တေးသီချင်းများ ပြန်လည်ဖော်ထုတ်

ကမ္ဘာ့ဂီတလောက၏ ပေါ့ပ်ဘုရင်တစ်ပါးအဖြစ် တင်စားကြသည့် တေးသံရှင် မိုက်ကယ်ဂျက်ဆင်၏ တေးသီချင်းများကို ၎င်းကွယ်လွန်သည့် ၂၀၀၉ ခုနှစ်မှစတင်ကာ မကြားရတော့သော်လည်း ယခုအခါ မေ ၁ ရက်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပခဲ့သည့် iHeartRadio ဂီတဖျော်ဖြေပွဲတွင် ၎င်း၏ Love Never Felt So Good သီချင်းကို ပြန်လည်ဖော်ထုတ်ခဲ့ကြောင်း သိရသည်။

အဆိုပါသီချင်းသည် မိုက်ကယ်ဂျက်ဆင်ကွယ်လွန်ပြီးမှ ထွက်ရှိလာခဲ့သော တေးအယ်လ်ဘမ်မှ သီချင်းတစ်ပုဒ်ဖြစ်ပြီး ယင်းသီချင်းကို digital service providers များမှတစ်ဆင့် ရရှိနိုင်ပြီဖြစ်ကြောင်း၊ ယင်းသီချင်းကို တေးသံရှင် ဂျက်စတင်တင်မ်ဘာလိတ်နှင့် စုံတွဲသီဆိုထားသည့် ပုံစံဖြင့်လည်း ရရှိနိုင်ပြီဖြစ်ကြောင်းနှင့် ယခင်ကပရိသတ်များနှင့်မရင်းနှီးသေးသည့် ၁၉၈၃ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်းထွက်ရှိခဲ့သော တေးသံရှင် မိုက်ကယ်ဂျက်ဆင်၏ သီချင်းသစ် ရှစ်ပုဒ်လည်း ပါဝင်ကြောင်း သိရသည်။

ပေါ့ပ်ဂီတလောကတွင် အောင်မြင်မှုများကို ဆယ်စုနှစ်လေးခုကြာ သိမ်းပိုက်ထားနိုင်ခဲ့သည့် တေးသံရှင်မိုက်ကယ်ဂျက်ဆင်သည် ၂၀၀၉ ခုနှစ် ဇွန်လကကွယ်လွန်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် Michael အမည်ဖြင့် ၎င်း၏ တေးသီချင်းအယ်လ်ဘမ်သစ်တစ်ခုထွက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

မန္တလေး မေ ၄

(၆၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုစုပေါင်းသွေးလှူဒါန်းပွဲကို မေ ၃ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၉)လမ်း၊ (၈၁) လမ်းနှင့် (၈၂)လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင်ကျင်းပရာ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂၀ တို့က စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းပွဲတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်မြမွန်နှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက မှတ်တမ်းရေးသွင်းခြင်း၊ သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးဖောက်ယူခြင်းများ ဆောင်ရွက်ကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ အမှတ်(၁)တိုင်းဒေသကြီးနှင့်ပြည်နယ် မီးသတ်ဦးစီးဌာနများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန်လှမြင့်၊ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ အားဖြည့်အစားအစာများကို ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)



မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ

စာရေးဆရာ အဆိုကျော် အကယ်ဒမီ(သုမောင်)-ကျောင်းဆရာမ(ငြိမ်း)ဒေါ်အေးအေးမေတို့၏ သားကြီး

မောင်ဖိုးသောကြာ B.A(Music)

နှင့်

ရန်ကုန်မြို့နေ

ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း)(ဆုဖြိုးရဲကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ)-ဒေါ်သီတာလှိုင်(ဆုဖြိုးရဲကုမ္ပဏီဒါရိုက်တာ)တို့၏သမီးထွေး

မလှိုင်ရတနာဆု B.A(English)

တို့၏ ၁၆-၃-၂၀၁၄ ရက် ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့သော ကွန်တော်/ကွန်မတို့၏ မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးပါသော ဦးကျော်စွာငြိမ်း(ဒုညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)နှင့် အခမ်းအနားမှူး ဦးသိန်းလှမော် အားလည်းကောင်း၊ ၁-၅-၂၀၁၄ ရက် ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့သော စုလျားရစ်ပတ် လက်ထပ်ထိမ်းမြား မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော၊ လူကိုယ်တိုင်မကြွရောက်နိုင်၍ ရပ်ဝေးမှလက်ဆောင်မွန်ပါးကြပါသော နိုင်ငံတော်သမ္မတကြီး ဘဘ ဦးသိန်းစိန်နှင့် ကြီးကြီးဒေါ်ခင်ခင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်၊ စစ်ဘက်နယ်ဘက်ဆိုင်ရာမှ တာဝန်ရှိ လူကြီးများအားလည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများအားလည်းကောင်း၊ နှစ်ဖက်မိဘဆွေမျိုးများအားလည်းကောင်း၊ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးသော မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာအောင်လက်ထပ်လက်စွပ်ချီးမြှင့်ပေးသော ဘိုးဘိုးစည်သူဒေါက်တာ ဗိုလ်ကလေးတင့်အောင်နှင့် ဘွားဘွားဒေါ်ခင်ရီအားလည်းကောင်း၊ မင်္ဂလာဘိသေကအကျိုးတော်ဆောင် ဦးရန်ပိုင်စိုးအားလည်းကောင်း၊ မင်္ဂလာအခါတော်တေးဖြင့်ပွဲထုတ်ပေးပါသော မာမီဒေါ်ရီရီသန့်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော တေးသံရှင်အိမ့်ချစ်နှင့် မို့မို့ကျော်လွင်တို့အားလည်းကောင်း၊ မင်္ဂလာပန်းဗန်းနှင့် မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးပါသော မမေသူခိုင်နှင့် မဆုရည်ကိုကိုတို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော မောင်ဇေယျာမင်းနှင့် မောင်ဖိုးသကြံန်တို့အားလည်းကောင်း၊ မင်္ဂလာသတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော မအိအိချွန်နှင့် မနှင်းထက်ထက်ခင်တို့အားလည်းကောင်း၊ မိတ်ကပ်ခင်စန်းဝင်း၊ ပန်းအလှပြင် မာမီကျော်(မလေးရှား)၊ မင်္ဂလာဝတ်စုံများ ချုပ်လုပ်ပေးပါသော ဒီဇိုင်နာပြည်စိုးအောင်၊ မအိကျော်ဇင်(Vivid Fashion) တို့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုများဖြင့် မှတ်တမ်းတင်ပေးပါသော ကိုဝဏ္ဏခွါနီး(Focus Daily)အဖွဲ့သားများအားလည်းကောင်း၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော အောင်သမာဓိရွှေဆိုင်အားလည်းကောင်း၊ မင်္ဂလာပိုးထည်များ လက်ဖွဲ့ပေးပို့ပါသော သိင်္ဂီကျော်ပိုးထည်တိုက်အားလည်းကောင်း၊ ဖိနပ်များဆင်မြန်းပေးပါသော ဆင်ကိုးကောင်ဖိနပ်ဆိုင်အားလည်းကောင်း၊ စာပေ၊ ရုပ်ရှင်၊ ဂီတနယ်ပယ် အသီးသီးမှ အနုပညာရှင်များအားလည်းကောင်း၊ နှစ်ဖက်မိဘ၏ မိတ်ဆွေအပေါင်းအသင်းများနှင့် ကွန်တော်/ကွန်မတို့၏ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ ၎င်းနေ့ညမှာပင် Sedona Hotel Pool Side တွင် ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မတင်မိုးလွင်အားလည်းကောင်း၊ မင်္ဂလာပွဲအစမှအဆုံးတိုင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော ပုဂ္ဂိုလ်အားလုံးတို့အားလည်းကောင်း၊ ဆီဒိုးနားဟိုတယ်ရှိ ဝန်ထမ်းအားလုံးတို့အားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူများအားလုံးနှင့် ပရိသတ်ကြီးအားလည်းကောင်း ကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်မိဘများနှင့်
မောင်ဖိုးသောကြာ-မလှိုင်ရတနာဆု

၂၀၁၄ AFC Challenge Cup ပြိုင်ပွဲ မြန်မာအသင်း၏ အဖွင့်ပွဲစဉ် မော်လ်ဒိုက်နှင့် ကစားရမည်

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၄ AFC Challenge Cup ပြိုင်ပွဲကို မေ ၁၉ ရက်မှ စတင်ကာ ၃၀ ရက်အထိ မော်လ်ဒိုက်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အဆိုပါ ၂၀၁၄ AFC Challenge Cup ပြိုင်ပွဲတွင် မြန်မာအသင်း၏ အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်မော်လ်ဒိုက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၁၄ AFC Challenge Cup ပြိုင်ပွဲ၏ အုပ်စု(က)တွင် တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် မော်လ်ဒိုက်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်ရာ အဆိုပါပွဲစဉ်၌ မြန်မာအသင်းအား နည်းပြအဖြစ်ကိုင်တွယ်မည့် အေဘရာမိုဗစ်၏ နည်းပြစွမ်းရည်ကို စတင်မြင်တွေ့ရတော့မည် ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၁၄ AFC Challenge Cup ပြိုင်ပွဲဝင်မည့် ကစားသမားများအဖြစ် ဂိုး-ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးအောင်၊ သီဟစည်သူ၊ နောက်တန်း-အောင်ဟိန်းကျော်၊ စည်သူအောင်၊ နိုင်လင်းဦး၊ ပြည့်ဖြိုးအောင်၊ ဇော်မင်းထွန်း၊ ဇော်ဇော်ဦး၊ ကွင်းလယ်-ဒေးဗစ်ဒန်း၊ ကြည်လင်း၊ မျိုးဇော်ဦး၊ ပိုင်စိုး၊ ဖြိုးကိုကိုသိန်း၊ သိန်းသန်းဝင်း၊ ရန်အောင်ကျော်၊ ရှေ့တန်း-ကောင်းစည်သူ၊ ကျော်ဇေယျာဝင်း၊ စိုးကျော်ကျော်၊ စိုးမင်းဦး၊ သက်နိုင်၊ ရာဇာဝင်းသိန်း၊ ရဲဇော်ထက်အောင် စသည့်ကစားသမား ၂၃ ဦးကို ရွေးချယ်ထားပြီး အဆိုပါကစားသမားများ၏ ခြေစွမ်းဖြင့် အိမ်ရှင် မော်လ်ဒိုက်အသင်းကို အကောင်းဆုံးပုံစံဖြင့် ရလဒ်ကောင်းတစ်ခုပိုင်ဆိုင်ရန် ခြေကုန်ထုတ်ကစားလာမည် ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၁၄ AFC Challenge Cup ပြိုင်ပွဲတွင် အုပ်စု(က)၌ ကာဂျစ္စတန်၊ မော်လ်ဒိုက်၊ ပါလက်စတိုင်း စသည့်အသင်းများဖြင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိပြီး ယင်းအသင်းများကို ကျော်ဖြတ်ကာ နောက်တစ်ဆင့် တက်လှမ်းသွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် မေ ၁၉ ရက်တွင် မော်လ်ဒိုက်အသင်းနှင့် လည်းကောင်း၊ မေ ၂၁ ရက်တွင် ပါလက်စတိုင်းနှင့် လည်းကောင်း၊ မေ ၂၃ ရက်တွင် ကာဂျစ္စတန်နှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး AFC Challenge Cup ပြိုင်ပွဲ ကျင်းပမည့် အစီအစဉ်များအဖြစ် မေ ၂၇ ရက်တွင် ဆီမီးဖိုင်နယ်၊ မေ ၂၉ ရက်တွင် တတိယလုပွဲနှင့် မေ ၃၀ ရက်တွင် ဗိုလ်လုပွဲ စသည်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(အလင်းသစ်)**

အာဆင်နယ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရန် သေချာ (၁၇) နှစ်ဆက်တိုက် တက်ရောက်

ပရီမီယာလိဂ်၏ ထိပ်ဆုံးလေးသင်းစာရင်းဝင်ရန် ယှဉ်ပြိုင်နေရသည့် အဲဗာတန်အသင်းသည် မန်စီးတီးအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းသည် အဲဗာတန်အသင်းအား လေးမှတ်ဖြတ်ထားနိုင်ခဲ့သည့်အပြင် လက်ရှိ ပရီမီယာလိဂ်ကစားရန် တစ်ပွဲကျန်ရှိနေသေးသည့် အချိန်တွင် လာမည့် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် သေချာသွားပြီဖြစ်ကြောင်း သိရသည်။

နည်းပြအာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ် အမှတ်ပေးဇယား၏ ထိပ်ဆုံးလေးနေရာနှင့် သွေဖည်ခြင်းမရှိခဲ့ဘဲ ၁၇ နှစ်ဆက်တိုက် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိထားခဲ့သည့် အသင်းလည်း ဖြစ်သည်။ မန်စီးတီးအသင်းသည်လည်း ပရီမီယာလိဂ် ပွဲစဉ်(၃၆)တွင် အေဒင်ဇက်ကို၏ သွင်းဂိုးနှစ်ဂိုး၊ အဂူရို၏ သွင်းဂိုးတစ်ဂိုးတို့အပါအဝင် အဲဗာတန်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းသည် မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်ဖလား ရယူနိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ခြင်းလည်း ဖြစ်ခဲ့ရသည်။ လက်ရှိတွင် ပရီမီယာလိဂ်၌ အက်စ်တွန်ဗီလာနှင့် ဝက်စ်ဟမ်းအသင်းတို့နှင့် ကစားရန်ရှိနေပြီး သုံးနှစ်တာကာလအတွင်း ဒုတိယအကြိမ်မြောက် ပရီမီယာလိဂ်ဖလား ဆွတ်ခူးရန်လည်း ရေပန်းစားနေပြီဖြစ်သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် ၁၇ နှစ်ဆက်တိုက် လွဲချော်ခဲ့ခြင်းမရှိခဲ့သော်လည်း နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ရန်အတွက်မူ အခက်အခဲများ ကြုံတွေ့ခဲ့ရပြီး ယခုနှစ်တွင်လည်း ချန်ပီယံလိဂ်မှ စောစီးစွာထွက်ခဲ့ရသည်။ သို့ရာတွင် အာဆင်နယ်အသင်းသည် မေ ၁၇ ရက်တွင် ပရီမီယာလိဂ်ပြိုင်ဘက် ဟားစီးတီးအသင်းနှင့် ဝင်ဘလေကွင်းကြီးထဲတွင် အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲယှဉ်ပြိုင်ကစားရန် ရှိနေခြင်းကြောင့် ကိုးနှစ်ကြာ ဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်မည့် အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ထားပြီဖြစ်သည်။

ငွေကြယ်

နည်းပြရာထူး တစ်နေရာရရေး မန်ယူအသင်းမှ ထွက်ခွာမည်ဟု ရိုင်ယန်ဂစ်ဖွင့်ဟ

ပရီမီယာလိဂ်ကလပ်မန်ယူအသင်း၏ ယာယီနည်းပြဖြစ်သူ ရိုင်ယန်ဂစ်သည် ယခုနှစ်နွေရာသီတွင် မန်ယူအသင်းအနေဖြင့် စာချုပ်သစ်ကမ်းလှမ်းခဲ့ခြင်းမရှိပါက ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်းနှင့် နည်းပြရာထူးတစ်နေရာရရှိရေးအတွက် မန်ယူအသင်းကို စွန့်ခွာတော့မည်ဖြစ်ကြောင်း ရိုင်ယန်ဂစ်က ပြောကြားခဲ့သည်။

မန်ယူအသင်းသည် လက်ရှိတွင် လာမည့်ဘောလုံးရာသီတွင် လူးဝစ်ဗန်ဂဲလ်အား အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ရန် ပစ်မှတ်ထားလျက်ရှိပြီး ယင်းသို့မန်ယူအသင်း၏ ရည်ရွယ်ချက်အောင်မြင်ခဲ့ပါက ၎င်းအနေဖြင့် နည်းပြဘဝနှင့်သာမဟုတ်ဘဲ ကစားသမားဘဝနှင့်ပင် မန်ယူအသင်း၌ ဆက်ရှိတော့မည်မဟုတ်ကြောင်း ရိုင်ယန်ဂစ်က ဆိုသည်။

မန်ယူအသင်းမှ ထွက်ခွာခဲ့ပါက ကစားသမားဘဝဖြင့် အခြားကလပ်အသင်းများသို့ ပြောင်းရွှေ့လိမ့်မည်မဟုတ်ဘဲ နည်းပြဘဝဖြင့် အခြားကလပ်အသင်းတစ်ခုတွင် တာဝန်ထမ်းဆောင်ရန်ရည်ရွယ်ထားကြောင်း ရိုင်ယန်ဂစ်က လူသိရှင်ကြားပြောကြားခဲ့သည်။

ရိုင်ယန်ဂစ်သည် မန်ယူအသင်းအနေဖြင့် ဒေးဗစ်မိုယက်အား နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြရာထူးအဖြစ် မန်ယူအသင်းအား စတင်ကိုင်တွယ်ခဲ့သည့် နော့ဝှစ်ချ်အသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ကြောင်း၊ ဆန်းဒါးလန်းအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် အမြဲတမ်းနည်းပြရာထူးတစ်နေရာ မသေချာတော့သည့်အတွက် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

09-5122961
056-21671
01-391577

ဦးထွန်းလင်းဦး
B.Com, CPA, DA (LCCI), ACCA
LCCI Level (I,II,III)
June -14

မွေးနေ့ဆုတောင်း

၅-၅-၂၀၁၄ရက်တွင် ကျရောက်သော ချစ်ဇနီး“မော်”၏မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ချစ်သောမိသားစုဖြစ်သည့် သားချစ်၊ မီးချစ်တို့နှင့်အတူ သက်ဆုံးတိုင် ထာဝရလျှောက်လှမ်းနိုင်ပါစေ. . . .

ချစ်တဲ့“မောင်”
ပန်းဘဲတန်းမြို့နယ်အုပ်ချုပ်ရေးမှူး

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၃.၅.၂၀၁၄ ရက်နေ့ နေပြည်တော်၌ ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲ အခမ်းအနား၌ နိုင်ငံတော်သမ္မတကိုယ်တိုင် ချီးမြှင့်ပေးအပ်သည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု) အား ဂုဏ်ပြုချီးမြှင့်ခံရသည့် ဦးခင်မောင်ကျော် **Managing Director (United K.M.K Co., Ltd. United Myeik Co., Ltd.)** အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၂၅)ပိုလ်လောင်းသင်တန်း
ကျောင်းဆင်းသူငယ်ချင်းများ

Htoo Foundation
our environment • our value • our culture

အထူး ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံ အနှံ့အပြားရှိ ပြည်သူတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်
ကူညီကယ်ဆယ်စောင့်ရှောက်ရေး အစရှိသည့် အမှန်တကယ် လိုအပ်လျက်ရှိသော လူမှုရေးကိစ္စရပ်များတွင်
စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့မှုတို့အတွက်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့်
'နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ ပထမဆု' အား
ထူးဖောင်ဒေးရှင်းမှ ရရှိခဲ့သဖြင့်
ထူးဖောင်ဒေးရှင်းနာယကဦးတေဇနှင့် ထူးဖောင်ဒေးရှင်းအတွက် လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်
ဆက်လက်၍လည်း ထူးဖောင်ဒေးရှင်းအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးပြုလုပ်ငန်းများအတွက်
ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

HTOO GROUP OF COMPANIES
ဝန်ထမ်းမိသားစုများ

ဆောင်းပါး

ပခန်းကြီးမြို့ဟောင်းမှ ဈေးသည်များ၏ နေ့စဉ်ဒုက္ခ

ပခန်းကြီးသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်အတွင်းက ရှေးမြို့ဟောင်းဖြစ်သည်။ ပုဂံခေတ်ထိစောခဲ့ သော မင်းနေပြည်တော် မြို့တော် ဖြစ်ခဲ့သည်။ ယခုအခါ ရွာကြီးတစ်ရွာမျှသာ...

à azxPaf;Zmf(a&p;ul)

ရှေးဟောင်းမြို့ရိုးကြီးက အိုမင်းရင့်ရော်နေသော်လည်း ခန့်ခန့်ညားညား ထည်ထည်ဝါဝါဘုရား၊ပုထိုး၊ စေတီတွေက အဆူဆူ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေက အပြည့် ရွှေခေတ်များကို ဖော်ထုတ်ရေးသားရလျှင် ဆုံးနိုင်ဖွယ်မမြင်။

ရွာတစ်ရွာပမာဖြစ်သော ပခန်းကြီးမြို့ဟောင်းသည် မျက်မှောက်ကာလတွင် စည်သူရှင်ဘုရားနှင့် သာသနိက အဆောက်အအုံများ၊ ပြတိုက်၊ စာတိုက်၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်းနှင့် မြို့ပြပမာ၊ ဒေသခံပြည်သူများ၏ စိုက်ရေးပျိုးရေး၊ ကုန်သွယ်ကူးသန်းလုပ်ငန်းများနှင့်အတူ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုကြောင့် ပြည်တွင်းခရီးသွားများ၊ နိုင်ငံရပ်ခြားခရီးသွားများ နေ့စဉ်လိုလို ဝင်ထွက်သွားလာ နေကြသည့်အတွက် စည်စည်ကားကား မြင်တွေ့နေရသည်။

ပြည်တွင်းပြည်ပ ခရီးသွားနှင့် စည်ကားစပြုလာနေသော ပခန်းကြီးမြို့ဟောင်းတွင် စိတ်မကောင်းစွာ ကြားသိ မြင်တွေ့ခဲ့ရသည်က ပခန်းကြီးဈေးဖြစ်သည်။

"ကျွန်တော်တို့ ပခန်းကြီးက ဟိုတုန်းက ဈေးဆိုင်ခန်းနဲ့ဈေးနေရာရှိခဲ့ပါတယ်။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(စာတိုက်)အတွက် မြေနေရာပေးခဲ့ရလို့ ဈေးနေရာပျောက်သွားခဲ့ရတာပါ။ အဲဒီနောက် ဈေးနေရာအစားဆိုပြီး ပခန်း ကျောင်းတော်ကြီးအနီးမှာ ဈေးရုံဆောက်ပေးခဲ့ပါတယ်။ အဲဒီဈေးရုံတွေကလည်း ရာသီဥတုဒဏ်ကြောင့် တဖြည်းဖြည်း ယိုယွင်းနေချိန်၊ တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတော်အဆင့် လူကြီးတွေလာတဲ့အခါ ရဟတ်ယာဉ်ဆင်းတဲ့ကွင်းက ဈေးနားမှာ လူကြီးတွေလာရင် အမြင်မတော်လို့ဆိုပြီး ယိုင်နဲ့နေတာကို မပြုပြင်ဘဲ တစ်ခါတည်း ဖျက်ပစ်ကြတာ အခုထိ ဈေးရုံမရှိတော့ဘူး၊ ပြန်လည်းဆောက်မပေးဘူး၊ ပစ္စည်းတွေလည်း ဘယ်တွေရောက်ကုန်တယ်မသိဘူး။ အခုလမ်းဘေး ဝဲ/ ယာမှာဖြစ်သလို ခင်းပြီးရောင်းနေကြရတယ်"ဟုဈေးရောင်းချသူ တစ်ဦးက ပြောပြသည်။

ထိုလူကြီးပြောပြသလိုပင် ကျောင်းတော်ကြီးသွားကားလမ်း ဝဲ/ယာတွင် ဈေးတင်ခုံမရှိ၊ မြေကြီးတွင်ဖြစ်သလို ရောင်းချနေသည်မှာ အမြင်မတင့်တယ်သလို ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင်လည်း မဖြစ်သင့်။ ကားသွားတိုင်း ဖုန်ထောင်းထောင်းထလျက် ချက်ပြုတ်စားသောက်ဖွယ်ရာပစ္စည်းများက ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည်ကိုတွေ့ရသည်။

"ဈေးရုံဆိုင်ခန်း သတ်သတ်မှတ်မှတ်မရှိတော့ နေပူလည်း ရောင်း၊ မိုးရွာလည်းရောင်း၊ ဆောင်းအေးအေးလေတိုက်လည်း ရောင်းနေရတာဘဲ။ အမိုးအကာနဲ့ဆိုင်ခန်းမရှိလို မရောင်းဘူးဆိုရင်လည်း မိသားစုစားဝတ်နေရေးက အခက်တွေ့မှာ ဈေးရောင်းတဲ့အလုပ်ကိုပဲ လုပ်တတ်တော့ အခုလိုပဲ နေပူပူ၊ မိုးရွာရွာ၊ ဆောင်းချမ်းချမ်းရောင်းနေရတာပါဘဲ။ ဒါပေမယ့် ဆရာရေ ဈေးကောက်ကတော့ နေ့စဉ်ပေးရ တာဘဲ"ဟု ဈေးသည်တစ်ဦးကပြောသည်။

ပခန်းကြီးသည် ကြည့်ရှုလေ့လာစရာ ယဉ်ကျေးမှုအမွေအနှစ်တွေနှင့် ပြည့်နှက်နေသော ရှေးဟောင်းမြို့တော် ဖြစ်သည်နှင့်အညီ ပြည်တွင်းပြည်ပခရီးသွားများ နေ့စဉ်လိုလို ဝင်ထွက်သွားလာနေသော ဒေသဖြစ်ပြီး ယခုကဲ့သို့ ကားလမ်း ဝဲ/ယာတွင် ချက်ပြုတ်စားသောက်ဖွယ်ရာပစ္စည်းများကို ဖြစ်သလိုတည်ခင်းရောင်းချနေကြခြင်းသည် ကျန်းမာရေးနှင့်လည်း မညီညွတ်၊ မသင့်တော် နိုင်ငံရပ်ခြားခရီးသွားများအမြင်တွင်လည်း မြန်မာလူမျိုးဟူသော လူမျိုးနှင့်ချီကာ အထင်သေးအမြင်သေးဖွယ်ရာ မြင်ကွင်းလည်းဖြစ်နေသည့်အပြင် ဈေးသည်တွေဘက်ကလည်း နေ့စဉ်ဈေးကောက်တွေပေးကာ တာဝန်တွေကျေပွန်နေသလို ကျန်းမာရေးရှုထောင့်မှ ကြည့်၍သော်လည်းကောင်း၊ နိုင်ငံခြားသားအမြင်တွင် အထင်သေးစရာလည်း မဖြစ်ရလေအောင် သက်ဆိုင်ရာဌာနက တာဝန်ကျေသင့်ပါကြောင်း အပြုသဘောဖြင့် ရှုမြင်ရေးသားလိုက်ရပါသည်။

ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်ကျေးရွာလေးရွာတွင် တစ်နေ့တည်း စက်ရေတွင်း တူးဖော်

ညောင်ဦး၊ မေ ၄

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်သည် မိုးခေါင်ရေရှား ဒေသတစ်ခု ဖြစ်သည့်အတွက် ယခုအချိန်အခါတွင် နိုင်ငံတော်မှ ရေရှားပါးသော ကျေးလက်ဒေသတောရွာများတွင် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိကြောင်းသိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း စက်ရေတွင်းတူးဖော်နေစဉ်။

မေ၁ရက်နေ့တွင် ယင်းကျေးရွာလေးရွာအား စက်ရေတွင်းတူးဖော်ပေးခဲ့ပြီး အဆိုပါကျေးရွာများမှာကမ်းဖြူအုပ်စု၊ ကမ်းဖြူကျေးရွာ စက်ရေတွင်းပေအနက် ၉၀၀၊ တံငါကန်အုပ်စု၊ကန်နီကျေးရွာ စက်ရေတွင်းအနက် ၈၈၀ ပေ၊ ပုပ္ပလင်အုပ်စု၊တောင်လှကျေး ရွာ စက်ရေတွင်းအနက်၆၆၀ ပေ၊ ဒဝါးကျေးရွာအုပ်စု၊ဒဝါးရွာ စက်ရေတွင်းပေအနက် ၆၀၀ တို့ဖြစ်ပြီး ၎င်းတို့ကို နိုင်ငံတော်သမ္မတသီးသန့်ရန်ပုံငွေဖြင့် တူးဖော်ပေးခဲ့သည်။

ညောင်ဦးမြို့ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးရေးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်နေကြောင်းနှင့် ဆက်လက်၍ စက်ရုံရေအုတ်ကန်အင်ဂျင်ပန့်များ တပ်ဆင်နိုင်ရန် အမြန်ဆုံးဆောင်ရွက်နေကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။

ဦးကျော်ဌေး

လှိုင်လင်ခရိုင် ကွန်ဟိန်းမြို့ရှိယဉ်ကျေးလိမ္မာသင်တန်းတွင် ၂၇၅ဦးတက်ရောက်

ကွန်ဟိန်း၊ မေ ၄

လှိုင်လင်ခရိုင်၊ကွန်ဟိန်းမြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို မေ ၂ ရက် နံနက် ၈ နာရီက အထက်တန်းကျောင်းခန်းမ၌ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီးနောက်ကွန်ဟိန်းမြို့နယ် သံဃနာယက ဆရာတော်ထံမှ ဩဝါဒခံယူတော်မူခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင် ဓမ္မရိပ်သာ ဆရာတော်မှ ဩဝါဒမိန့်ကြားချီးမြှင့်တော်မူပြီးနောက် သင်တန်းနည်းပြဆရာမတစ်ဦးက သင်းတန်းဖွင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား/သူ၊ ကျောင်းသား/သူ ၂၇၅ ဦး တက်ရောက်ကြပြီး သင်တန်းကို မေလ ၁၁ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးလွင်ဦး(လှိုင်လင်)

ရေစကြိုနွေရာသီယဉ်ကျေးလိမ္မာဓမ္မစကူး(လ်)သင်တန်းဆင်းပွဲကျင်းပ

ရေစကြို၊ မေ ၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ခင်မွန်စံပြကျေးရွာတွင် မြို့နယ် အမျိုးဘာသာ သာသနာကာကွယ် စောင့်ရှောက်ရေးအဖွဲ့ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ အိုအေစစ် စာကြည့်တိုက်နာယကဆရာတော်များဖြစ်ကြသော ဦးကြဿရိယ(ရွှေဒါလီကျောင်း)၊ ဦးသုဇာတနှင့် ဦးဇဝန(ချမ်းသာကြီးကျောင်း)နှင့် စာကြည့်တိုက်ကော်မတီ လူငယ်များကကြီးမှူး၍ ဖွင့်လှစ်ခဲ့သော နွေရာသီယဉ်ကျေးလိမ္မာဓမ္မစကူး(လ်)သင်တန်းဆင်းပွဲကို မေ ၁ ရက်က ရွှေဘုံသာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မတ် ၁ ရက်မှ ဧပြီ ၃၀ ရက်နေ့ထိ ဖွင့်လှစ်ခဲ့ကာ နာယကဆရာတော်များနှင့် ဗုဒ္ဓဘာသာသင်တန်းဆင်းလူငယ်များက သင်ကြားပို့ချပေးကြပြီး သူငယ်တန်းမှ ပဉ္စမတန်းအထိ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးနှင့် ဆဋ္ဌမတန်းနှင့်အထက် သင်တန်းသား၊ သင်တန်းသူ ၇၂ ဦး စုစုပေါင်း ၁၂၂ ဦးတို့ တက်ရောက်သင်ယူခဲ့ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ရန်ကုန်
တည်ဆောက်မွမ်းမံလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ခေါ်ဟားရန်
55' x 100'
ဆက်သွယ်ရန်ဖုန်း - ၀၁-၃၇၃၁၅၉၊
၀၁-၃၇၃၂၇၈၊ ၀၉-၅၀၄၆၀၈၂

EXCELLENT အိမ်၊ ခြံ၊ မြေ
အကျိုးဆောင်လုပ်ငန်းမှ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ လုံးချင်း/မြေကွက် များနှင့် ဒဂုံမြို့သစ်အရှေ့ပိုင်းရှိ လုံးချင်း/မြေကွက်များ ကို ဝယ်လိုသည်၊
မြို့နယ်စုံရှိ လုံးချင်း၊ မြေကွက်၊ ကွန်ဒို၊ တိုက်ခန်းများကို ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်အပ်နှံနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ကျေးလက်ဒေသ ကျန်းမာရေးအသိပညာပေး ဟောပြော၊ ဆေးရည်စိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ

မော်လူး၊ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးအုပ်စုအတွင်းရှိနားခွင်းကျင်ကျေးရွာ၊ လွင်ဦးကျေးရွာ၊ ကရင်ကျေးရွာများတွင် ကျေးလက်ဒေသကျန်းမာရေးအထောက်အကူပြု အသိပညာပေး ဟောပြောခဲ့ပြီး ဆေးရည်စိမ်ခြင်ထောင်များကို ဒေသခံ ရွာသူ/သားများအားအခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ဒေသ ကျန်းမာရေးအထောက်အကူပြု အသိပညာပေး ဟောပြောပွဲနှင့် ဆေးရည်စိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေခြင်းကို အင်းတော်မြို့နယ် သူနာပြု(အဆင့် -၁) ဆရာမ ဒေါ်ခင်ဝင်းကြည်နှင့် ဒေါ်မေသက်လွင်(ငြိမ်း)၊ ဘက်စုံသားဖွားဆရာမ ဒေါ်ခင်ထွေးကြိုင်တို့မှဦးဆောင်၍ နားခွင်းကျင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းဗိုလ်နှင့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဝင်များက ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြကြောင်းသိရသည်။

ကျေးလက်ဒေသ ကျန်းမာရေး အထောက်အကူပြု အသိပညာပေးခြင်းကို မြို့နယ်သူနာပြုဆရာမ (အဆင့် -၁) ဒေါ်မေသက်လွင်(ငြိမ်း)မှဆေးရည်စိမ်ခြင်ထောင်နှင့် ပတ်သက်၍ အသုံးပြုပုံ၊ အကျိုးအပြစ်နှင့်ဆောင်ရန်ရှောင်ရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဘက်စုံသားဖွားဆရာမဒေါ်ခင်ထွေးကြိုင်မှ မိုးရာသီတွင်ခြင်ကြောင့်ဖြစ်ပွားလေ့ရှိသောသွေးလွန်တုပ်ကွေး ရောဂါ၊ ငှက်ဖျားရောဂါတို့မှ ကင်းဝေးစေရန် ကျန်းမာရေးအသိပညာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆေးရည်စိမ်ခြင်ထောင်များကို ဒေသခံကျေးရွာသူ/သားများသို့ အခမဲ့ ဖြန့်ဝေခဲ့ကြောင်း၊ မော်လူးဒေသတွင်း ဆေးရည်စိမ်ခြင်ထောင် အလုံး ၅၀၀ ဖြန့်ဝေပြီးဖြစ်ကြောင်းသိရပြီး ဆက်လက်၍ ဥသျှစ်ကုန်း ကျေးရွာ၊ တောင်ဖီလာကျေးရွာများသို့လည်း ဆေးရည်စိမ်ခြင်ထောင်များကို အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နီတိုး

tif;awmfrf\vf;ynfolrf;upm;uGif;yefvnfrGrf;jyif

မော်လူး၊ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မော်လူးပြည်သူ့အားကစားကွင်းကို ပြန်လည် မွမ်းမံပြုပြင်ခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မေ ၁ ရက် အလုပ်သမားနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့်မော်လူးပြည်သူ့အားကစားကွင်း၌ အားကစားပြိုင်ပွဲများကျင်းပရာတွင် ကြံ့ခိုင်ကောင်းမွန်မှုရှိစေရန် နှင့် အားကစားသမားများစိတ်ချမ်းမြေ့စွာ ယှဉ်ပြိုင်ကစားနိုင်ကြရန်ရည်ရွယ်၍ မော်လူး အား/ကာကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် ကော်မတီဝင်များ၊မော်လူး အုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းစိန်တို့မှ ဦးစီးဆောင်ရွက်ကာ ခေတ်မီအားကစားကွင်းအဖြစ်ပြုပြင်လျက်ရှိသည်။

"မော်လူးပြည်သူ့ အားကစားကွင်းဟာ နိုင်ငံဂုဏ်ဆောင် အားကစားသမားများကိုမွေးထုတ်ပေးခဲ့တဲ့ အစဉ်အလာရှိပါတယ်။ မြန်မာ့လက်ရွေးစင်(ဘောလုံး)အမျိုးသားကို မွေးထုတ်ပေးနိုင်ခဲ့သလို အခုအခါ ယူ - ၁၄ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် နှစ်ဦးကိုမွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် စက်ကိရိယာအကူအညီများနဲ့ မွမ်းမံပြုပြင်နေတာပါ"ဟုမော်လူး အား/ကာကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဝင်းကပြောသည်။

နီတိုး

ဆောင်းပါး

မိမိ၏ စီးပွားရေးကြောင့် ပန်းရိုင်းလေးများဘဝ နစ်မွန်းညှိုးနွမ်းရတော့မှာလား

à ပေထွက်းဇော်(ရေစကြို)

ကျွန်ုပ်တို့ လူသားများ အသက်ရှင်ရပ်တည်နိုင်ရန် အရေးအကြီးဆုံးမှာ စားဝတ်နေရေးဖြစ်သည်။ အဆိုပါ စားဝတ်နေရေး အဆင်ပြေဖို့အတွက် လူတိုင်း၊ လူတိုင်း အလုပ်လုပ်ကြရပါသည်။ မိမိတို့လုပ်ကိုင်သော အလုပ်အကိုင်များကို လုပ်ကိုင်ကြရင်း တစ်စတစ်စ အကျိုးဖြစ်ထွန်းရာမှ စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာကြသလို အချို့လည်း အဘက်ဘက်က ကောင်းမွန်ပြည့်စုံသော အခြေအနေပေးများကြောင့် စီးပွားရေးလုပ်ငန်းရှင် ဖြစ်သွားကြသူတွေလည်း ရှိကြပါသည်။

စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မိမိတို့ လုပ်ကိုင်အောင်မြင်နေသော စီးပွားရေးလုပ်ငန်းများသည် မိမိနှင့်အတူ မိမိတို့၏မိသားစုအတွက် အကျိုးအမြတ် ဖြစ်ထွန်းနေသလို မိမိပတ်ဝန်းကျင်နှင့်တကွ မိမိနိုင်ငံအတွက်ပါ အကျိုးရှိဖို့အတွက်ကိုလည်း ထည့်သွင်းစဉ်းစား လုပ်ဆောင်ကြရမည်ဖြစ်သည်။

ယခု ရေးသားတင်ပြလိုသည်မှာ မိမိတို့လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းသည် မိမိနှင့် မိမိ မိသားစုအတွက်သာ အကျိုးရှိနေပြီး နိုင်ငံအတွက် အားထားရသည့် ပန်းရိုင်းလေးများဖြစ်သည့် မျိုးဆက်သစ်များဘဝကို ညှိုး နွမ်းစေသော၊ နစ်မွန်းစေသော၊ နစ်မွန်းနေသော စီးပွားရေးလုပ်ငန်းအကြောင်းဖြစ်ပါသည်။

အဆိုပါ စီးပွားရေးလုပ်ငန်းမှာ မျိုးဆက်သစ် ပန်းရိုင်းကလေးများဖြစ်သော ကျောင်းသား၊ ကျောင်းသူလေးများ မသုံးမဖြစ်သုံးနေကြရသော ဗလာစာအုပ်ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းအကြောင်း ဖြစ်သည်။ ထိုလုပ်ငန်းကို ယခုအခါ လုပ်ငန်းရှင်အများအပြားတို့ အပြိုင်အဆိုင် လုပ်ကိုင်ကြလျက်ရှိသည်။ အမြို့မြို့အနယ်နယ်ရှိ ဈေးကွက်များတွင် စက္ကူအကောင်းစား အချော၊ အကြမ်း အမျိုးအစားအစုံ ဗလာစာအုပ်များကို ကျောင်းသား၊ ကျောင်းသူတွေမြင်လျှင် ဝယ်ချင်လာအောင် ဆွဲဆောင်နိုင်စွမ်းရှိသည့် ဒီဇိုင်းအမျိုးမျိုးကို ဖန်တီးပြီး အရောင်အသွေးစုံတို့ဖြင့် ထုတ်လုပ်ထားသည်မှာ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသည်ကို ဆိုဖွယ်ရာမရှိ ကြိုဆိုကြရမည် ဖြစ်ပါသည်။ အကြောင်းမှာ စာရေး သူတို့ငယ်ငယ်မူလတန်းကျောင်းသားဘဝက ယခုလောက်ခေတ်မမီ ဗလာစာအုပ်စက္ကူသားကလည်းညံ့၊ ပုံနှိပ်အရည်အသွေးကလည်း မကောင်း၊ ဒီဇိုင်းကလည်း မဆန်းသစ်၊ သုံးတန်း၊ လေးတန်းရောက်မှ ကိုင်ကြရသည်။ ယခုခေတ်လို ဘောလ်ပင်မရှိသေး၊ ခွေးတံဆိပ်ခဲတံကိုသာ အကောင်းစား ထားသုံးစွဲခဲ့ကြရသည်။ ငါးတန်းရောက်မှ ပိုင်းလော့၊ ဟီးရိုး၊ ယူသ်ဖောင်တိန်တို့ကို သုံးစွဲကြရသည်။ ဗလာစာအုပ်၏ စာရွက်သားများက ယခုခေတ်လို မကောင်း ဖောင်တိန်နှင့် ရေးလျှင် မင်တွေကပြန့် မျက်မှောက်ကာလနှင့်တော့ မယှဉ်နိုင်အကွာကြီးကွာခြားပါသည်။

ယနေ့ လူငယ် နောင်ဝယ်လူကြီးဟု ဆိုသောစကားနှင့်အညီ အနာဂတ် မြန်မာနိုင်ငံတော်ကို ဦးဆောင်. .

သို့သော် စာရေးသူတို့ငယ်ငယ်က အသုံးပြုခဲ့ရသော ဗလာစာအုပ်များသည် မျက်မှောက်ကာလကဲ့သို့ စာရွက် အရည်အသွေး၊ ပုံနှိပ်အရည်အသွေး၊ ဒီဇိုင်းအရည်အသွေးများ ခေတ်မမှီခဲ့သော်လည်း မျက်မှောက်ကာလ ဗလာစာအုပ်များထက် အဆပေါင်းများစွာ တန်ဖိုးရှိခဲ့ပါသည်။

ထိုသို့ အဆပေါင်းများစွာ တန်ဖိုးရှိရသည့်အကြောင်းရင်းမှာ စာရေးသူတို့ ငယ်ငယ်က အသုံးပြုခဲ့ရသော ဗလာ စာအုပ်အဖုံးတွင် နောက်ကျောဘက်၌ တစ်ကနေ့ နှစ်ဆယ့်လေး၊ တစ်ကနေ တစ်ဆယ့်ခြောက်အလီကို ရိုက်နှိပ်ထားသလို ဆရာ့ဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ သားသမီးဝတ်၊ မိတ်ဆွေဝတ်စသည်ဖြင့် သိင်္ဂါလောဝါဒသုတ်တော်လာ ကျင့်ဝတ် များနှင့်အတူ ပြည်သူ့နီတိ အဆိုအမိန့်များကို ရိုက်နှိပ်ထားသဖြင့် သူငယ်တန်းအရွယ်မှစ နှုတ်တိုက်အာဂုံရနေကြပါသည်။ အမိပွာယ်များကိုတော့ တိတိကျကျမသိ သည်လိုနှင့် နှစ်တန်း၊ သုံးတန်းအရွယ် ရောက်လာသည့်အခါ ဆရာ၊ ဆရာမများက ရှင်းလင်းသင်ပြတော့မှ အနက်အဓိပ္ပာယ်ကို သိလာကြရပြီး ကိုယ်အမူအရာ၊ နှုတ်အမူအရာယဉ်ကျေးသော ဘဝတွက်တာမှတ်သားစရာတွေ ရရှိခဲ့ကြသည်။

မျက်မှောက်ကာလတွင် ဈေးကွက်များအတွင်း တွေ့မြင်နေရသော ဗလာစာအုပ်များသည် အဖက်ဖက်မှ တိုးတက်လာသော်လည်း မျိုးဆက်သစ်များဖြစ်ကြသော ပန်းရိုင်းကလေးများအတွက် အဆိပ်အတောက်ဖြစ်စေသော ကိုရီးယားဝတ်စားဆင်ယင်မှုနှင့် စုံတွဲပုံတွေကို ဦးစားပေးပုံနှိပ်ထုတ်လုပ်ရောင်းချနေကြသည့်အတွက် နုနယ်သေးသော ပန်းရိုင်းလေးများ အတုယူမှားနိုင်သည့် ရင်လေးဖွယ်ရာများ ဖြစ်နေပါသည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဟု ဆိုသော စကားနှင့်အညီ အနာဂတ်မြန်မာနိုင်ငံတော်ကို ဦးဆောင်ကြရမည့် ယနေ့လူငယ်လေးများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆက်ခံထိန်းသိမ်းရေး၊ ယဉ်ကျေး သိမ်မွေ့ရေး၊ ဘာသာသာသနာကို လေးစားတန်ဖိုးထားရေး စသည်ဖြင့် ဘက်စုံထူးချွန်ထက်မြက်သည့် လူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတော် သံဃနာယကအဖွဲ့အဆင့်ဆင့်မှ ရဟန်း သံဃာတော်များ၊ လူမှုရေးအသင်းအဖွဲ့များက အားပေးမြှင့်တင်နေသောကာလ အခါသမယတွင် ဗလာစာအုပ်ထုတ်လုပ်သူစီးပွားရေးလုပ်ငန်းရှင်များသည်လည်း ဘက်စုံထူးချွန်သည့်လူငယ်များဖြစ်ထွန်းပေါ်ပေါက်ရေးတွင်တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်သင့်ကြောင်းရေးသားလိုက်ရပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အထူးစီမံကိန်းအစုအဖွဲ့(၇) ပြည်ကျွန်းကောက်ပဲသီးနှံဆိုင်ရာနှင့်

တစ်ဦးတည်း ပိုင်ကြောင်း

ကားရောင်းမည်

LEXUS - IS 350 (2005 Model) Sport Type,
Dark Gray colour, Very Good condition
နောက်ဆုံးနံပါတ်ရမည်၊ (၃၈၀)သိန်း
ဦးဇော်ဇော် ၊ ၀၉ ၅၄၁၀၀၃၇၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း

Jelly Candy

AloeVera

1	(6.5.14) မှ (11.5.14)	3	(12.5.14) မှ (17.5.14)
2	(9.5.14) မှ (14.5.14)	4	(15.5.14) မှ (20.5.14)

MASTER
01-248014, 09-73141875, 09-49306938

MASTER စားသောက်ကုန်သင်တန်း
01-251927, 09-36224199, 09-49122177

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယိုမုန့်ဖုတ်သင်တန်း

EAC

0973071501
02-31606, 09 42174 8622, 01-218072

တရုတ်

Sayar Yang

Great Wall

TAMWE - 540714, 09 5183636
09 49 285182

ENGLISH
Conversation Practice

လက်ခစားစနစ်ဖြင့်လုပ်ကိုင်သူများ သံဂဟေလုပ်ငန်း၊အငယ်စား လုပ်ငန်းများတွင် ငွေအရင်းအနှီး လိုအပ်မှုရှိနေ

မုံရွာ၊ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အထွေထွေစက်မှုလုပ်ငန်းနှင့် တွင်၊ သံဂဟေလုပ်ငန်း၊ အငယ်စားလုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အားနည်းချက်များကြောင့် လက်ခစားစနစ်ဖြင့် ဆောင်ရွက်နေကြရမှုများပြားရာ အရင်းအနှီးငွေသည် အဓိက လိုအပ်မှုအဖြစ်ရှိနေကြောင်း မုံရွာစက်မှုဇုန်ရှိ စက်မှု၊ သံဂဟေ လုပ်ငန်းရှင်တို့က ပြောသည်။

"ချေးငွေရယူဖို့ ကြိုးစားနေပေမယ့် အာမခံထားရမယ့် ကိုယ်ပိုင်ဂရန် အိမ်မရှိတဲ့အတွက် အခက်အခဲရှိကြပါတယ်။ အခုလက်ရှိ ပြည်တွင်းမှာ သုံးနေတဲ့ လယ်ယာသုံးစက်ကိရိယာတွေဖြစ်တဲ့ ထော်လာဂျီတွေကို အင်ဂျင်ကလွဲလို့ ကျန်တာအားလုံးကို မုံရွာစက်မှုဇုန်က ထုတ်ပေးနိုင်ပေမယ့် အရင်းအနှီးငွေ မရှိကြတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်း တွေနည်းနေရတာဖြစ်ပါတယ်"ဟု စက်မှု၊ သံဂဟေလုပ်ငန်းရှင်တစ်ဦးက ၎င်း၏ အခက်အခဲကို ပြောပြသည်။

လယ်ယာသုံး စက်ပစ္စည်းများနှင့် အခြားစက်ကိရိယာများကို အိမ်နီးချင်းနိုင်ငံများကဲ့သို့ ပြုလုပ်နိုင်အားရှိသော်လည်း ကုန်ကြမ်းဈေးကြီးမြင့်ခြင်း၊ ဈေးကွက်မထိုးဖောက်နိုင်ခြင်း၊ အများအပြားမထုတ်လုပ်နိုင်ခြင်းနှင့် ခေတ်မီကိရိယာ လိုအပ်ချက်များရှိနေခြင်း စသည့်အခက်အခဲများ ကြုံနေရကြောင်း သိရသည်။

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း သံရည်ကျိုလုပ်ငန်း အကြီးစား ၁၀ ခု၊ အလတ်စား သုံးခုနှင့် အငယ်စား ၂၂ ခု စုစုပေါင်း ၃၅ ခုရှိသည်။

စစ်ကိုင်းမြို့နယ်တွင် အကြီးစား ရှစ်ခု၊ အငယ်စား တစ်ခု၊ မြင်းမူမြို့နယ်၊ မြောင်မြို့နယ်၊ရွှေဘိုမြို့ နယ်တို့တွင် အငယ်စား တစ်ခုစီ၊ ကလေးမြို့ တွင် အလတ်စား တစ်ခုနှင့်အငယ်စား လေးခုရှိကြောင်း သိရသည်။

အထွေထွေ စက်မှုလုပ်ငန်း အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံးတွင် အကြီးစား ကိုးခု၊ အလတ်စား ၄၄ ခုနှင့် အငယ်စား ၅၀၀ ခု စုစုပေါင်း ၅၅၃ ခုရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ကလေးမြို့တွင် ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ် မွမ်းမံသင်တန်းဖွင့်

ကလေး ၊ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အလယ်တန်း ၊ အထက်တန်းအဆင့် (Grade 9,10,11) ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ် မွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၂ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပခဲ့ရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ကျောင်းသား၊ ကျောင်းသူများအတွက် မိမိတို့၏ ကိုယ်ခန္ဓာကျန်းမာရေးနှင့် စိတ်ကျန်းမာပျော်ရွှင်ရေးအကြောင်း သိရှိနေထိုင်တတ်စေရန် ၊ ပတ်ဝန်းကျင်တွင် ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများအကြောင်းကို သိရှိပြီး ကြိုတင်ကာကွယ်နေထိုင်တတ်စေရန်နှင့် ဘဝဖြတ်သန်းမှုအတွင်း လိုအပ်သည့် အခြေခံ ကျွမ်းကျင်မှု အလေ့အကျင့်ကောင်းများရရှိပြီး ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်မွမ်းမံသင်တန်းဖွင့်ပွဲအားတွေ့ရစဉ်။

ဘဝတွက်တာ ကျွမ်းကျင်စရာ သင်တန်းကို ပထမအကြိမ်အဖြစ် ကလေးမြို့ အ-ထ-က(၂) တွင် ၂၀၁၃ ခုနှစ်အတွင်း ပထမအကြိမ်ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကာ ယခု ဒုတိယအကြိမ်အဖြစ် အ-ထ-က (၁)တွင် မေ ၂ ရက်နေ့မှ ၆ ရက်အထိ ပို့ချပေးသွားမှာဖြစ်ကြောင်း ပညာရေးမှူးရုံးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

"ယနေ့ကမ္ဘာကြီးမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကျန်းမာရေး စတာတွေဟာ မယုံနိုင်လောက်အောင် ပြုပြင်ပြောင်းလဲတိုးတက်လျှက်ရှိနေတာကို လူတိုင်းသိပါတယ်။ ဒါကြောင့် ပြုပြင် ပြောင်းလဲနေတဲ့ အခြေအနေများနှင့် လိုက်လျောညီထွေ ပေါင်းစပ်နိုင်ရေးအတွက် ဆယ်ကျော်သက် ကျောင်းသား၊ ကျောင်းသူတွေကို အသိပညာ၊ သဘောထား၊ ခံယူချက်ရပ်တည်မှုများ မြဲမြံခိုင်မာရေးအတွက် ဒီသင်တန်းကိုဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါတယ်" ဟု ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက ပြောသည်။

အဆိုပါ သင်တန်းသို့ ကလေးမြို့နယ်မှ သင်တန်းသား ၈၀ ဦး ၊ ကလေးဝမြို့နယ်မှ ၁၅ ဦး ၊ မင်းကင်းမြို့နယ်မှ ၄၈ ဦး၊ တမူးမြို့နယ်မှ ၂၉ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။

လင်းလက်ကြယ်စင်

ပုလောမြို့တွင် သောက်သုံးရေပြတ်လပ်မှုကြောင့် မီးသတ်ဦးစီးဌာနမှ ရေပေးဝေလျက်ရှိ

ပုလော၊ မေ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့မြို့ပေါ်ရပ်ကွက်များတွင် ကာလကြာရှည်နေအပူရှိန်မြင့်တက်မှုကြောင့် ရေတွင်းများနှင့် သောက်သုံးရေကန်များတွင် ရေခန်းခြောက်ကာ ဒေသခံများ သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း သိရှိရသည်။

ယင်းသို့ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ပုလောမြို့မြို့ပေါ်ရပ်ကွက်များတွင် သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရသော မြို့ပေါ်ရပ်ကွက်များတွင်ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများရရှိစေရန်အတွက် ပုလောမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးနှင့် မီးသတ်ဝန်ထမ်းများမှ မေ ၂ ရက်နံနက် ၁၁နာရီက မီးသတ်ယာဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီးမြိတ်ခရိုင် ပုလာမြို့မြို့ပေါ်အမှတ်(၁) ရပ်ကွက်တွင် သောက်သုံးရေများ ပေးဝေခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်တွင် အိမ်ခြေ ၁၀၈၅ လုံး၊ အိမ်ထောင်စု ၁၁၂၀ စု၊ လူဦးရေ ၆၄၀၅ ဦး နေထိုင်လျက်ရှိသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့မြို့ပေါ်ရှိ နေအပူရှိန်မြင့်တက်ခြင်းကြောင့်ရေရှားပါးသည့် ရပ်ကွက်များသို့လည်း သောက်သုံးရေများရရှိနိုင် ရေးအတွက် ပုလောမြို့နယ် မီးသတ်ဦးစီးဌာနမှ ဆက်လက်ကြိုးစားလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ပုလော(ပြန်/ဆက်)

ကျောင်းတွင်းကြက်ခြေနီ ရှေ့ဦးသူနာပြုသင်တန်းဖွင့်လှစ်

မော်လူး၊ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးအခြေခံပညာ အထက်တန်းကျောင်း သရဖီခန်းမဆောင်တွင် ကျောင်းတွင်းကြက်ခြေနီ ရှေ့ဦးသူနာပြုသင်တန်းကို မေ ၂ ရက် နံနက် ၉ နာရီ က စတင်ဖွင့်လှစ်ခဲ့ ကြောင်းသိရသည်။

ယင်းမြို့နယ် အတွင်းရှိ ကျောင်းသူ၊ ကျောင်းသားများ ရှေးဦးသူနာပြုစုနည်းများ တတ်သိနားလည်စေနိုင်ရန် ရည်ရွယ်၍ မြို့နယ် ပညာရေးမှူး၏ လမ်းညွှန်ချက်ဖြင့် အဆိုပါ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး အလယ်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသား ၁၀၀ ခန့်ကို သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းသင်တန်းကိုမော်လူးဒေသ ကြက်ခြေနီအဖွဲ့ခေါင်းဆောင် ဦးစိန်ဦးမှ စာတွေ့၊ လက်တွေ့ သင်ကြားပြသပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ် ကြောင်း သိရသည်။ **နီတိုး**

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ နှစ်ပတ်လည် ဆုမွန်လွှာ

ဖေဖေ ဗိုလ်မှူးကြီးထိန်လင်း နှင့် မေမေ ဒေါ်ဆွေဆွေမြင့် တို့၏ (၅-၅-၂၀၁၄) ရက်နေ့တွင် ကျရောက်သည့် (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ နှစ်ပတ်လည်နေ့ မှသည် နောင်နှစ်ပေါင်း တစ်ရာကျော်တိုင်အောင် ဝီသာစုနှင့် အတူ အမျိုး၊ ဘာသာ၊ သာသနာနှင့် နိုင်ငံ့အကျိုးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေ။

ချစ်သမီး မမေသူနိုင် (နောက်ဆုံးနှစ်အပိုင်း-ခ) ဆေးတက္ကသိုလ်(၁)၊ရန်ကုန်။
ချစ်သား မောင်ရဲကောင်းပိုင် (ဒုတိယနှစ်၊ရေကြောင်းပညာတက္ကသိုလ်)

ကိုးဘုံရှိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာ ခံယူပါ။

(ဖုန်း ၀၉ ၂၈-၁၀ ၃၀၅ ၊ ၀၉၄၂-၁၀ ၅၃ ၃၈၆)

ပုလဲရတု မင်္ဂလာဆုတောင်း

ဖေဖေ ဦးထွေးဝင်း(ရွှေနေ)နှင့် မေမေ ဒေါ်ချိုချိုဝင်း တို့၏ ၅-၅-၂၀၁၄ ရက်နေ့တွင် ကျရောက်သည့် "နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာရက်မြတ်"မှသည် နောင်လာမည့် မင်္ဂလာနှစ်ပတ်လည်များစွာကို အသျှေရောက်လောက်အောင် ယခုထက်ပို၍ လှူဒါန်းနိုင်ပြီး သက်ရှည်ကျန်းမာစွာဖြင့် သားသမီးများနှင့်အတူ ... ဖြတ်သန်းနိုင်ပါစေ ... ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

သား- မေယံထက်ဝင်း (ရွှေရိုး) 2nd Year (English). CD- 33- IMT
2nd Mate (FG) , OOW 3rd BATCH (PGI). M.T.M
သမီး- သိမ့်ဟန်နီဝင်း (ချယ်ရီ) B.A (ARCHACOLOGY)
သမီး- ထွေ့ဒါလီဝင်း (ရွှေရွှေ) B.Sc (INDUSTRIAL CHEMSTRY)
ရာ ... 5A. 63 ...

ဖခင်အမည်ပြင်

အမည်ပြောင်း

အမည်ပြောင်း

ကယ်ဆယ်ရေးစခန်းများရှိ မိသားစုများအား တန်ဖိုးနည်းအိမ်ရာသို့ ပြောင်းရွှေ့နေရာချထားနိုင်ရေး ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား၊ မေ ၄

မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များရှိ နယ်မြေလုံခြုံရေးအရ ခေတ္တတိမ်းရှောင်လာသော ကယ်ဆယ်ရေးစခန်းများမှ မိသားစုများအား ပလနကျေးရွာအုပ်စု အင်ခိုင်ဘွမ်တောင်ခြေရှိ တန်ဖိုးနည်းအိမ်ရာများသို့ ပြောင်းရွှေ့ ပြန်လည်နေရာချထားနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၂ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရ အဖွဲ့ ရုံး အစည်းအဝေးခန်းမ ၂ ၌ ကျင်းပခဲ့ကြောင်းသိရသည်။

၎င်းအစည်းအဝေးသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ တက်ရောက်ခဲ့ပြီး ကယ်ဆယ်ရေးစခန်းရှိမိသားစုများကို ပြန်လည်ပြောင်းရွှေ့ နေရာချထားရာတွင် အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်သည့် ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်စေရန် ယခုကဲ့သို့ ကြိုတင်ညှိနှိုင်းဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ မိသားစုများ၏ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များ လစ်ဟင်းမှု မရှိစေရေးအတွက် UN အဖွဲ့အစည်းများ၊ NGO,INGO အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့နောက် လုပ်ငန်းကော်မတီဝင်များက ၎င်းတို့၏ လုပ်ငန်းအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသည့် UN အဖွဲ့အစည်းများ၊ NGO,INGO ကိုယ်စားလှယ်များက အဖွဲ့အစည်းအလိုက် ထောက်ပံ့နိုင်ရေးအစီအစဉ်များနှင့် ကျန်းမာရေးစောင့်ရှောက်နိုင်မှုတို့အတွက် အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်နယ်လူမှုရေးဝန်ကြီးက လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် NGO,INGO အဖွဲ့အစည်းများအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နယ်မြေလုံခြုံရေးအရ ခေတ္တတိမ်းရှောင်လာသော ကယ်ဆယ်ရေးစခန်းများမှ မိသားစုများအားပြန်လည်နေရာချထားနိုင်ရေးအတွက် ဆွေးနွေးနေစဉ်။

အဆိုပါ ပလန ကျေးရွာအုပ်စု အင်ခိုင်ဘွမ်တောင်ခြေရှိ တန်ဖိုးနည်းအိမ်ရာများသို့ မြစ်ကြီးနားမြို့တွင်းရှိ IDP စခန်း လေးခုမှ အိမ်ထောင်စု ၁၆ စုနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ IDP စခန်း ၁၆ ခုတို့မှ အိမ်ထောင်စု ၁၁၁ စုတို့အား ပြောင်းရွှေ့ပြန်လည် နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။ **ပြန်/ဆက်**

သတင်းမီဒီယာကျင့်ဝတ် အတည်ပြုထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန်၊ မေ ၄

မြန်မာသတင်းစာဆရာများ သတင်းကျင့်ဝတ် ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီယာယီနှင့် နိုင်ငံတကာ မီဒီယာပံ့ပိုးရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် မြန်မာသတင်းစာဆရာများ သတင်းမီဒီယာကျင့်ဝတ် အတည်ပြုထုတ်ပြန်ခြင်း အခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်မြို့ အမှတ်(၁)ကမ္ဘာအေးဘုရားလမ်း ရန်ကင်းမြို့နယ် ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမမှာ ကျင်းပပါတယ်။ တိုင်းနယ်ပြည်နယ် သတင်းစာဆရာ ကိုယ်စားလှယ်ကြီးများကိုလည်း ဖိတ်ကြားခဲ့ပါတယ်" ဟု ယင်းအခမ်းအနားဖြစ်မြောက်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာသတင်းစာဆရာများ သတင်းကျင့်ဝတ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ယခင်လပိုင်းများက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ ယာယီနှင့် အပြည်ပြည်ဆိုင်ရာ မီဒီယာပံ့ပိုးရေးအဖွဲ့တို့မှ တာဝန်ရှိသူများသည် တိုင်းမြို့တော် ပြည်နယ်မြို့တော်များသို့ သွားရောက်၍ တိုင်းနယ်၊ ပြည်နယ် သတင်းစာဆရာကြီးများဖြင့် တွေ့ဆုံဆွေးနွေးပြီးစီးခဲ့ကြောင်းလည်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သားရေနယ်လုပ်ငန်းများ ဖွံ့ဖြိုးမှုနောက်ကျ၍ ပြည်ပသို့ကုန်ချောတင်ပို့မှု မရှိသေး

မုံရွာ၊ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သားရေနယ်လုပ်ငန်းများအနေဖြင့် လက်ရှိထုတ်လုပ်မှုတွင် ပြည်တွင်းသားရေ ခြေညှပ်ဖိနပ်လုပ်ငန်းများသို့သာ အဓိကထားထုတ်လုပ်ရောင်းချပေးရခြင်းဖြစ်ပြီး ပြည်ပသို့ ကုန်ချောတင်ပို့ရောင်းချနိုင်ခြင်းမရှိသေးကြောင်း မုံရွာစက်မှုဇုန်ရှိ သားရေနယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"မိရိုးဖလား ရှေးရိုးအတိုင်းသာ သားရေစိမ်နေရတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေကို တိုးတက်အောင် ဖန်တီးနိုင်မှု မရှိပါဘူး။ အာဆီယံနိုင်ငံများဖြစ်တဲ့ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယား၊ လာအိုနဲ့ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေလောက်တောင် နည်းပညာမဖွံ့ဖြိုးသေးဘဲ သားရေနယ်လုပ်ငန်းမှာ ဖွံ့ဖြိုးမှုဟာ နောက်အကျဆုံးဖြစ်နေပါတယ်" ဟု အဆိုပါလုပ်ငန်းရှင်က ပြောသည်။

မြန်မာတစ်နိုင်ငံလုံးတွင် သားရေကြမ်းမှ ပြည်တွင်းသို့ ကုန်ချောအဖြစ် ထုတ်လုပ်နိုင်သော တိုင်းဒေသကြီးအနည်းငယ်သာရှိပြီး ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင်သာ ထုတ်လုပ်နိုင်ပြီး ဖိနပ်ကုန်ကြမ်းလိုအပ်ချက်များကို ငွေကြေးအရင်းအနှီးနှင့် နည်းပညာအခက်အခဲများကြောင့် ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ပြည်တွင်း၌ ယင်းပစ္စည်းများအား အဆင့်မြှင့်တင် ထုတ်လုပ်နိုင်ရန် စက်ကိရိယာများအပြင် သားရေလုပ်ငန်းသုံး ဓာတုဗေဒ ကုန်ကြမ်းများကို ပြည်ပနိုင်ငံများမှ တင်သွင်းနိုင်ရန် ပြဋ္ဌာန်းထားသော ဥပဒေမူဝါဒနှင့်အညီ သွင်းကုန်အခွန်လျှော့ပေါ့မှု ရရှိရန်နှင့် စက်ကိရိယာများ တပ်ဆင်အသုံးပြုနိုင်ရန် မြေနေရာနှင့် လျှပ်စစ်ဓာတ်အား ယခုအနေအထားနှင့် လုံလောက်မှု မရှိသေးကြောင်း သိရသည်။

သားရေကုန်ကြမ်းမှ ကုန်ချောအဆင့်သို့ ပြုပြင်ထုတ်လုပ်ရာတွင် အသုံးပြုသားရေ ကုန်ကြမ်းမှ ကုန်ချောအဆင့်သို့ ပြုပြင်ထုတ်လုပ်မှုမှာ အသုံးပြုပြီးသော ဆေးကြောရေများကို ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် Waste Water Treatment ပြုလုပ်ရန်အတွက် နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ လိုအပ်ကြောင်း သိရသည်။

သားရေနယ်လုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ အကြီးစား လေးခု၊ အလတ်စားသုံးခုနှင့် အငယ်စား ခြောက်ခု စုစုပေါင်း ၁၃ ခုရှိကြောင်းသိရသည်။

မုံရွာစက်မှုဇုန်တွင် အကြီးစားလေးခု၊ အလတ်စားသုံးခု၊ ယင်းမာပင်မြို့နယ်တွင် အငယ်စားတစ်ခု၊ ချောင်းဦးမြို့နယ်တွင် အငယ်စား သုံးခုနှင့် ရေဦး၊ ကလေးမြို့နယ်တို့တွင် တစ်ခုစီရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ထားဝယ်ရှင်တိုးရှင် နှင့် ထီးသီး (တန်ချနာမှုရီ)
သုဘရင်နံစားဝေ ၀၁ ၂၄၃၀၇၉ / ၀၉ ၅၁ ၅၅၆၅၄

ကိုညာဏ် KONYAN
CAR RENTAL & TRAVEL SERVICES

မိတ်ဆက်ကောင်း
09-250190891, 250676862

သားအမြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကြော်ငြာ

နေ့စဉ်ဈေးဖြေရေးအစီအစဉ်များ၊ ကစားပွဲများနှင့် အခြားထူးခြားဆန်းသစ်သော အစီအစဉ်များစွာဖြင့် ပြသရောင်းချမည့် ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့
ကုန်စည်ပြပွဲနှင့်ကားပြပွဲကြီး(တောင်ကြီးမြို့)
၉.၅.၂၀၁၄ မှ ၁၃.၅.၂၀၁၄ နံနက် (၉)နာရီမှ ည(၉)နာရီထိ ကျောက်တိုင်ကွင်းနှင့်ခန်းမ၊ တောင်ကြီးမြို့
ပြခန်းစုစပ်းရန် SMART BUSINESS GROUP Ph:01-656875,667473,09-73014777,09-5099079, 09-5003618, 09-8620600

မြန်မာခရီးသွားလုပ်ငန်းအထောက်အကူဖြစ်စေရန် ၄၅ ကြိမ်မြောက် အခြေခံဧည့်လမ်းညွှန်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန်၊ မေ ၄

မြန်မာနိုင်ငံ၏ တစ်ရှိန်ထိုးတိုးတက်လာသော ခရီးသွား လုပ်ငန်းများ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ Asia Plaza ဟိုတယ်တွင်၄၅ ကြိမ်မြောက် အခြေခံဧည့်လမ်းညွှန်သင်တန်းအား မေ ၅ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ သင်တန်းအားအသက် ၁၈ နှစ်ပြည့်မီ၍ ပညာအရည်အချင်းအနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ကာ ဘာသာစကားတစ်ခုခု ကျွမ်းကျင်တတ်ကျွမ်းသဖြင့် လာရောက်လျှောက်ထားသူများမှ ရွေးချယ်ခံထားရသူသင်တန်းသား ၁၁၂ ဦးနှင့် မြန်မာခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင် ရှစ်ဦးခန့် တက်ရောက်သင်ကြားမည်ဟု သိရသည်။

"သင်တန်းသားတွေကိုအသက် ၁၈ နှစ်ပြည့်မီပြီး ဘာသာစကားတစ်ခုခုတတ်ကျွမ်းမှ တက်နိုင်မယ်လို့ ကန့်သတ်ထားပေမယ့် ငယ်သွားရင်မကောင်းပါဘူး။ ဘာကြောင့်လဲဆိုတော့ Guide လိုင်စင်က အသက် ၁၈ နှစ်ပြည့်မှပဲ ရမှာမို့လို့ပါ။ အသက်ကြီးသွားတာကကိစ္စမရှိပါဘူး"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းမြင့်က ပြောသည်။

၄၅ ကြိမ်မြောက် အခြေခံဧည့်လမ်းညွှန်သင်တန်းတက်ရောက်မည့် သင်တန်းသား ၁၂၀ နီးပါးအားခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ သိရှိအပ်သည်များကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက သင်ကြားပေးမည်ဖြစ်သကဲ့သို့ အတွေ့အကြုံရင့်ကျက်သော ဧည့်လမ်းညွှန်များမှလည်း တွေ့ကြုံရမည့် အခြေအနေများကိုသိရှိရန် ပညာပေးသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

"သင်တန်းကာလ နှစ်လအတွင်းမှာ စာမေးပွဲ သုံးကြိမ်ဖြေဆိုရမှာဖြစ်ပြီး အောင်မြင်တော့မှ အသိအမှတ်ပြု ဂုဏ်ပြုလက်မှတ် (Certificate)ထုတ်ပေးမှာ ဖြစ်ပါတယ်"ဟုဒုတိယ ညွှန်ကြားရေးမှူး ဦးအုန်းမြင့်က ပြောသည်။

ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းမြင့်က "သင်တန်းအကုန်တက်တဲ့သူတိုင်း မရနိုင်ပါဘူး။ ဒီသင်တန်းအောင်ပြီးတဲ့သူတွေက သူတို့တတ်ကျွမ်းတဲ့ ဘာသာစကားအလိုက် License Test ထပ်ဖြေတော့မှ ဧည့်လမ်းညွှန်အဖြစ် အသက်မွေးလုပ်ကိုင်နိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိမြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနအောက်တွင်ခွင့်ပြုချက်ဖြင့် တရားဝင် ဧည့်လမ်းညွှန်လုပ်ငန်းအား လိုင်စင်ဖြင့် လုပ်ကိုင်သူဦးရေမှာ ၂၀၁၄ ခုနှစ် မတ်လကုန်ထိ ၃၆၇၉ဦးခန့်သာရှိ ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတရား ဝင်ထုတ်ပြန်သော စာရင်း မှတ်တမ်းများအရသိရသည်။

စိုးအောင်ဖေ

သတင်းတို

ဟံသာဝတီအဝိုင်း၏ မီးပွိုင့်အချက်မပြ

ရန်ကုန်မြို့ ပြည်လမ်းတစ်လျှောက်တွင်ယာဉ်ကြောကျပ်တည်းမှုနှင့် ပိတ်ဆို့မှု လျော့နည်းစေရန်ဟံသာဝတီအဝိုင်းအား ဒစ်ဂျစ်တယ်မီးပွိုင့်များတပ်ဆင်၍ဆောင်ရွက်မည်ဟု ပြင်ဆင်ထားသော်လည်းမီးပွိုင့်မှာအချက်မပြသေးသည် ကိုယ်တွေ့ထက်တိုင်တွေ့ရှိနေရသည်။အဆိုပါ မီးပွိုင့်များစနစ်တကျ အချက်ပြမည်ဆိုလျှင်ယာဉ် ကြောပိတ်ဆို့မှုလျော့နည်းသွားမည်ဖြစ်ကြောင်း ယာဉ်မောင်းများ ကပြောသည်။ နောက်ပိုင်းနှစ်များတွင်ရန်ကုန်မြို့တွင်းနေရာအနှံ့အပြား၌ ယာဉ်ကြောကျပ်တည်းမှုများနှင့်ရင်ဆိုင်နေရကြောင်းသိရသည်။ **၁၉၅**

အနန္တမေတ္တာအခမဲ့ဆေးကုသရေးအဖွဲ့ ကျုံဒိုးမြို့တွင် ပထမဆုံးအကြိမ်ကုသိုလ်ပြုဆေးကုသ

အနန္တမေတ္တာအခမဲ့ ဆေးကုသရေးအဖွဲ့မှကျုံဒိုးမြို့ရှိ မြို့ပေါ်လေးရပ်ကွက်တွင်နေထိုင်ကြသော ရောဂါဝေဒနာရှင်မိဘပြည်သူများကို ကုသပေးနေစဉ်။

ကျုံဒိုး၊ မေ ၄

ဘားအံမြို့ ရတနာဒီပရပ်ကွက်လောကအဓိပတိ ကမ္ဘာလုံးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါသေဌ ဦးဆောင်သော အနန္တမေတ္တာအခမဲ့ဆေးကုသရေးအဖွဲ့သည် ကျုံဒိုးမြို့ရှိ မြို့ပေါ်လေးရပ်ကွက်တွင် နေထိုင်ကြသော ရောဂါဝေဒနာရှင်မိဘပြည်သူ ၂၆၇ ဦးအား ပထမဆုံးအကြိမ်အဖြစ် ကုသိုလ်ပြုဆေးကုသပေးခဲ့ကြောင်းသိရသည်။

အနန္တမေတ္တာအခမဲ့ ဆေးကုသရေးအဖွဲ့မှ ယခုကဲ့သို့ ဆေးဝါးကုသပေးခြင်းသည် ဒေသခံများ၏ ကျန်းမာရေးကို များစွာ အထောက်အကူပြုကြောင်းသိရသည်။

"ငွေကြေးမရှိသူများအတွက် များစွာအထောက်အကူရပြီး စေတနာအပြည့်နဲ့ စိတ်ရှည်စွာလူနာတွေကို ကြည့်ရှုကုသပေးတဲ့ ဆရာဝန်၊ ဆရာမများ၊ ကူညီရေးအဖွဲ့များကို ဖော်မပြနိုင်အောင် ကျေးဇူးတင်ပါတယ်"ဟု လာရောက်ဆေးကုသသူများက ပြောသည်။

အနန္တမေတ္တာ အခမဲ့ဆေးကုသရေးအဖွဲ့ ကျုံဒိုးမြို့တွင်မေ ၁ ရက်နံနက် ၈ နာရီမှညနေ ၄ နာရီထိ ဆေးကုသမှုများ ပြုလုပ်ခဲ့ကြပြီး ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ကျုံဒိုးမြို့ ဆုတောင်းပြည့်အေးစေတီမှာရ အနန္တမေတ္တာအခမဲ့ ဆေးကုသရေးအဖွဲ့၏လိုအပ်သည်များကို ကျုံဒိုးမြို့ လူငယ်များနှင့်ရပ်မိရပ်ဖများ ကဝိုင်းဝန်းကူညီခဲ့ကြသည်။ **နိုင်နိုင်ထွန်း(ကျုံဒိုး)**

နွေစပါးများ ရေတာရှည်တွင် ရိတ်သိမ်းဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

ရေတာရှည်၊ မေ ၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းဆည်ရေသောက် နွေစပါးစိုက်ခင်းများ စတင်ရိတ်သိမ်းလျက်ရှိပြီး စပါးတင်း ၁၀၀ လျှင် ကျပ်လေးသိန်းရရှိသည့်အတွက် တောင်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

ရေတာရှည်မြို့နယ်တွင် ဆွာချောင်းရေလှောင်တမံနှင့် မြို့လှ ချောင်းမကြီးဆည်နှစ်ခုရှိပြီး နှစ်စဉ် နွေစပါးဧက သုံးသောင်းနီးပါးစိုက်ပျိုးလျက်ရှိသည်။

ထိုသို့တောင်သူများအတွက်မြို့နယ်စိုက်ပျိုး ရေးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့်စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာအချိုးကျသုံးစွဲကာ လယ်ယာသုံးဆေးဝါးများကို အကျိုးရှိစွာပေါင်းစပ်သုံးစွဲနိုင်ခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ်ပို၍ထွက်နှုန်းကောင်းမွန်လာကြောင်း စိုက်ပျိုးသူများကပြောသည်။

ဈေးကွက်တွင် အရောင်းအဝယ်သွက်သည့် ထိုင်းကောက်၊ ဆင်းသွယ်လတ်၊ ရတနာတိုး၊ ပုလဲသွယ်၊ သုခ(၂)၊ရွှေသွယ်ရင်စပါးများကို အဓိကစိုက်ပျိုးကြကြောင်းသိရသည်။

ယခုနှစ်နွေစပါး စိုက်ပျိုးရာသီတွင်ရေသွင်းရေထုတ်အဆင်ပြေသည့် စပါးမျိုးကို ရွေးချယ် စိုက်ပျိုးကြသဖြင့် တစ်ဧကလျှင်တင်း ၉၀ မှ ၁၂၀ အထိ ထွက်ရှိကြောင်း ကုန်းကြီးကျေးရွာအုပ်စု ပြီစုတ်ကျေးရွာနေ ဦးဝင်းမြင့်ကရင်းစိုက်ပျိုး နှင့် ပတ်သက်ပြီး ပြောသည်။

"စက်ချွေပြီး တစ်နေသတ်ကို အခုလေး သိန်းဈေးနဲ့ဝယ်တယ် စပါးဖြိုင်ဖြိုင်ပေါ်ရင် အဝယ် နည်းနည်းလေးတယ် ဈေးအေးတာပေါ့ နောက်ပိုင်းကျရင် ဈေးကောင်းမှာ တောင်သူတွေ ရောင်းရင်လည်း လုပ်အားခရှင်းဖို့ လောက်ပဲကြတာများတယ်" ဟု ဦးဝင်းမြင့်က ဆက်လက်ပြောသည်။

နွေစပါး စိုက်ပျိုးရာတွင် သွင်းအားစုအနေဖြင့် စိုက်ပျိုးစရိတ်၊ ဓာတ်မြေဩဇာ၊ ဆေးဝါး၊ ရိတ်သိမ်းခြွေလှေ့စရိတ်နှင့် လုပ်အားခများ ကုန်ကျမှုရှိပြီး စပါးဈေးကောင်းမွန်သည့်အတွက် ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

★ သင့်လုပ်ငန်း တွင်ကျယ်ခအောင် ★
ကွန်ပျူတာသုံး စနစ်များ တပ်ဆင်လိုလျှင်
စိမ်းဝါနီ ကွန်ပျူတာသုံး စနစ် ၄၂၂ ၅၅၅ ၈၄၁ ကိုဖုန်းခေါ်ပါ



မဏိစန္ဒာ
အမျိုးသမီးအင်ချုပ်သင်တန်း

မြည်တွင်း၊ ပြည်ပ Hotel ၊ Cruise Line နှင့် ကိုယ်ပိုင်လုပ်ငန်းများတွင် ကျွမ်းကျင်သူ တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုပါသလား ?
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(M.T.F)၏ အသိအမှတ်ပြု Training Centre
International Bakery & Pastry Course

* International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများကိုယ်တိုင် နိုင်ငံတကာမုန့်မျိုးစုံ ပြုလုပ်နည်း များနှင့်အတူ * Food Safety * Menu Planing * Menu Costing * Quality Management of Kitchen Operation * English Course စသည်တို့ကို ထက်မြက်တွန်းကျွင် စေအင် တာတွေ့၊ လက်တွေ့ သင်ကြားပေးပါသည်။
* သင်တန်းသစ်ဖွင့်ရက် (12. 5. 2014) * လူဦးရေကန့်သတ်ထားပါသည်။
Star Resources
☎ 01- 523 200, 523 623, 230 4020, 230 4021, 09 5020 302. Email : info@starresources.com

အမည်မှန်
မောင်စိုးလှိုင်

ထိုက်တန်စွာကျေးဇူးဆပ်ပါမည်

မှုခင်းသတင်းတိုများ

တစ်ခြံတည်းနေသူက သားမယားပြုကျင့်

မေ ၁ ရက်ကသာကေတမြို့နယ်နေ အသက် (၄၇) နှစ်အရွယ် အမျိုးသမီးတစ်ဦးကရင်း အပြင်သို့သွားရောက်ခဲ့ပြီး နံနက် ၁၁ နာရီခန့်ကအိမ်ပြန်လာစဉ် ကျန်ခဲ့သည့် မိဘအုပ်ထိန်းမှုအောက်ရှိ သမီးဖြစ်သူ နေအိမ်ရှေ့တွင် ထိုင်ငိုနေသည်ကို တွေ့ရသဖြင့် မေးမြန်းခဲ့ရာတစ်ခြံတည်းနေဝင်းမြင့်(ခ)ဝင်းနိုင် (၃၅) နှစ်က နေအိမ်ပြတင်းပေါက်မှခေါ်သဖြင့် သွားရောက်ခဲ့ရာတွင် နေအိမ်ခန်းတွင်းခေါ်ဆောင်ကာ သားမယားအဖြစ် ပြုကျင့်ခဲ့ပြီး ငွေကျပ် ၁၀၀၀ ပေးလိုက်ကြောင်း ပြောပြသိရသဖြင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ သာကေတမြို့မရဲစခန်းက (ပ)၂၅၆/၁၄ ပြစ်မှုပုဒ်မ ၃၇၆ အရ အမှုဖွင့်အရေးယူထားသည်။ **(၃၁)**

အိမ်အကူအား သားမယားပြုကျင့်

ဧပြီ ၃၀ ရက်က တာမွေမြို့နယ်နေ အသက် (၁၈) နှစ်အရွယ် အမျိုးသမီးတစ်ဦးက သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ရာတွင် ဧပြီ ၂၆ ရက်မှစတင်ကာ ကျောက်တံတားမြို့နယ်နေ ဦးမောင်မောင်သန်းနေအိမ်တွင် တစ်လလျှင် ကျပ်ကိုးသောင်းဖြင့် အိမ်အကူလုပ်ကိုင်ခဲ့ကြောင်း၊ ဧပြီ ၃၀ ရက် မွန်းတည့် ၁၂ နာရီခန့်က အိမ်ရှင်က ဆံပင်ညှပ်ဆိုင်သို့ခေါ်၍လိုက်သွားခဲ့ကြောင်း၊ ည ၇ နာရီခွဲခန့်တွင် ၎င်းကားဖြင့် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ဟိုတယ်တစ်ခုသို့ ခေါ်သွားခဲ့ကာ သားမယားအဖြစ်ပြုကျင့်ခဲ့ကြောင်း၊ ၎င်းအိမ်ပြန်မည်ပြောဆိုသည်ကို သတ်ပစ်မည်ဟုခြိမ်းခြောက်၍အရေးယူပေးရန် တိုင်ကြားခဲ့သဖြင့် ဗိုလ်တထောင်မြို့မရဲစခန်းက (ပ)၇၁/၁၄ ပြစ်မှုပုဒ်မ ၃၇၆ အရ အမှုဖွင့်အရေးယူထားသည်။ **(၃၁)**

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ဆောင်ရွက်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များသို့ ဒေသခံများတင်ပြ

ကလေး၊ မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ချင်းချောင်း၊ ဝေပုံ၊ ကျောင်းကြီး ဒေသတို့ကို သွားလာရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန် စေရန် ရာသီမရွေး သွားလာရလွယ်ကူသောလမ်းဖြစ်လာရန် ပြည်သူတို့မှ လိုလားနေကြကြောင်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင်ထံ ဒေသခံများက တင်ပြခဲ့ကြောင်းသိရသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးသိန်းလှိုင်က ၎င်း၏လွှတ်တော်အတွေ့အကြုံများကို နယ်လှည့်ဟောပြောရာတွင် ဒေသခံများက ယခုကဲ့သို့ တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

"ခေါင်နန်းဒေသဟာ ကလေးဝမြို့နယ် မဟာမြိုင်တောကြီးအတွင်း တည်ရှိပြီး ချင်းချောင်း၊ ဝေပုံ၊ ကျောင်းကြီး ကျေးရွာဆိုပြီး ကျေးရွာသုံးရွာရှိပါတယ်။ သက္ကယ်ကျင်း-အောင်ချမ်းသာ-ဖောင်းပြင် လမ်းကနေဆို ကျောင်းကြီးကျေးရွာအထိ ၁၈ မိုင်ရှိပါတယ်။ လမ်းဆိုလို့သတ်သတ်မှတ်မှတ်မရှိပါဘူး၊ သစ်ထုတ်ရေးလမ်းတွေပဲရှိပါတယ်။ မိုးရာသီဆို သွားလို့မရတော့ပါဘူး၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ကျေးရွာနေပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေဟာ အစစအရာရာ နောက်ကျနေပါတယ်။ ကျွန်တော်တို့ကျေးရွာအတွက် လမ်းကောင်းစေချင်တာကလည်း မြို့က ဒေသအုပ်ချုပ်ရေးအဖွဲ့တွေ ခဏခဏရောက်စေချင်လို့ပါ။ ဒါမှလည်းကျေးရွာက ပညာရေးတွေ မြင့်မားလာပြီး လူငယ်တွေ လမ်းမှားမရောက်မှာပါ"ဟု ဒေသခံတစ်ဦးက တင်ပြသည်။

ဒေသခံများ၏ တင်ပြမှုနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းလှိုင်က ပြန်လည်ဖြေကြားရာတွင်"ခေါင်နန်းဒေသအထိ လမ်းဖောက်လုပ်ဖို့ကို လာမယ့်လွှတ်တော်မှာ တင်ပြသွားပါ့မယ်။ ပညာရေးအတွက်ကတော့ ချင်းချောင်းအုပ်စုအနေဖြင့် အ-လ-က(ခွဲ)ကနေ ယခု အ-လ-က ရရှိသွားပါပြီ ကျေးလက်ကျန်းမာရေးဌာန ရရှိဖို့ရာလည်း လွှတ်တော်မှာတင်ပြထားပြီးဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

လင်းလက်ကြယ်စင်

လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံတင်ပြဆွေးနွေးနေစဉ်။

ယာဉ်တိုက်မှုဖြစ်ပွားပြီး ထွက်ပြေးမှုများနောက်ပိုင်း ယာဉ်ပိုင်ရှင်များပါ တရားစွဲဆိုခံရနိုင်

ရန်ကုန်၊ မေ ၄

ယာဉ်တိုက်မှု ဖြစ်ပွားပြီး ယာဉ်မောင်းများထွက်ပြေးတိမ်းရှောင်မှုများတွင် နောက်ပိုင်း၌ ယာဉ်ပိုင်ရှင်များပါ တရားစွဲဆိုအရေးယူမှုများရှိလာနိုင်ကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)တွင် မေ ၂ ရက်က ပြုလုပ်ခဲ့ သည့် မီဒီယာတွေ့ဆုံပွဲတွင် ဒုတိယရဲမှူးကြီးလင်းထွဋ်က ပြောသည်။

"အုံနာခပေးပြီး ငှားရမ်းမောင်းတဲ့ ယာဉ်တော်တော်များများက ယာဉ်တိုက်မှုဖြစ်လာတဲ့အခါကျရင် လူသေတာနဲ့ ထွက်ပြေးတော့တာပဲ။ ဒါကြောင့် နောက်ပိုင်းကျရင် ယာဉ်ပိုင်ရှင်တွေရဲ့ အခန်းကဏ္ဍလည်း ပါလာမယ့်အနေအထားရှိတယ်။ ဥပဒေကြောင်းအရဆိုရင် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေမှာ ပါပြီးသား ယာဉ်ပိုင်ဆိုင်တဲ့သူလည်း တာဝန်ရှိရမယ်"ဟု ၎င်းက ပြောသည်။

၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေပုဒ်မ(၃)တွင် မည်သည့်မော်တော်ယာဉ်မဆို မှတ်ပုံတင်မထားသော မော်တော်ယာဉ်ဖြစ်လျှင်သော်လည်းကောင်း၊ မှတ်ပုံတင်သက်သေခံလက်မှတ် ခေတ္တရုပ်စဲခံထားရသော သို့မဟုတ် ဖျက်သိမ်းထားသော၊ သို့မဟုတ် သက်တမ်းကုန်ဆုံးပြီးသော မော်တော်ယာဉ်ကို ပြည်သူတို့နှင့် သက်ဆိုင်သော နေရာတစ်ခုခုတွင် မည်သူမျှ မမောင်းနှင်ရတို့အပြင် မော်တော်ယာဉ်ပိုင်ရှင် တစ်ဦးဦးကလည်း မမောင်းနှင်စေရ၊ သို့မဟုတ် မောင်းနှင်ခွင့်မပြုရဟု ဖော်ပြထားသည်။

ထို့ပြင် ပုဒ်မ(၁၅)တွင် မည်သူမှ သတ်မှတ်သည့် နည်းလမ်းအတိုင်း မိမိအား ထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင်မထားလျှင် မော်တော်ယာဉ်ကို ပြည်သူတို့နှင့်ဆိုင်ရာ နေရာတစ်ခုခုတွင် မမောင်းနှင်ရ မော်တော်ယာဉ်ပိုင်ရှင်၊ သို့မဟုတ် ထိန်းသိမ်းသူမှ မော်တော်ယာဉ်ကို လိုင်စင်ထုတ်မပေးထားသူတစ်ဦးအား မမောင်းနှင်စေရ၊ သို့မဟုတ် မောင်းနှင်ရန် ခွင့်မပြုဟု ပြဋ္ဌာန်းထားသည်။

အထက်ပါ ပုဒ်မနှစ်ခုအား ချိုးဖောက်ပါက ပုဒ်မ(၂၁)အရ အများဆုံးထောင်ဒဏ်ခြောက်လအထိ ချမှတ်နိုင်သည့်အပြင် တစ်နှစ်အတွင်း ယခုလို ပြစ်မှုမျိုး ထပ်မံကျူးလွန်ပါက ထောင်ဒဏ် တစ်နှစ်အထိ ချမှတ်နိုင်ကြောင်း အဆိုပါယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးမှ ဒုတိယရဲမှူးတစ်ဦးက ပြောသည်။လက်ရှိအချိန်တွင် ၁၉၆၄ ခုနှစ် မော်တော်ယာဉ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်ဦး

အမြန်လမ်းပေါ်ကွန်ကရစ်တုံးများ ချထားသူကို အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်ချမှတ်

ရေတာရှည်၊ မေ ၄

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရေတာရှည်မြို့နယ် လမ်းပိုင်းတွင် ယာဉ်များအန္တရာယ် ဖြစ်စေရန် ကွန်ကရစ်တုံးများ ချထားသူအား ရေတာရှည်မြို့နယ် တရားရုံးမှ အလုပ်ကြမ်းနှင့်ထောင်ဒဏ်သုံးနှစ် ကျခံစေရန် ဧပြီ ၂၉ ရက်က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဧပြီ၉ရက်ညနေ ၃နာရီခန့်ကအမြန်လမ်းမကြီးမိုင်တိုင်အမှတ် ၁၈၃/၆ နှင့် ၁၈၃/၇ အကြားတွင် လူတစ်ဦးမှကွန်ကရစ်တုံးများကန့်လန့်ချနေကြောင်းတာဝန်သိပြည်သူများက သာဂရအမြန်လမ်းရဲစခန်းကိုသတင်းပို့ခဲ့၍ တာဝန်မှူးနှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်သွားရောက်စစ်ဆေးခဲ့သည်။

ရွှေညောင်ပင်တဲစုနေ အောင်ဇော်မြင့်(ခ)ဖိုးခွား ၂၉ နှစ် ပေါက်ကုံးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး နေသူသည် အရက်သေစာများသောက်စားမူးယစ်ပြီး လမ်းနံဘေးရှိ ကွန်ကရစ်တုံးများကို ဖျက်ဆီးကာ ကားလမ်းကို ကန့်လန့်အနေအထားအတိုင်းချနေသည်ကိုတွေ့ရှိရ၍ သာဂရအမြန်လမ်းရဲစခန်းမှ (ပ)၃/၂၀၁၄ပြစ်မှုပုဒ်မ ၄၄၀ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက် စစ်ဆေးခဲ့သည်။ ရေတာရှည်မြို့နယ်တရားရုံးမှ ပြည်သူပိုင်ပစ္စည်းများကာကွယ်ထိန်းသိမ်းစောက်ရှောက်ရေး ဥပဒေပုဒ်မ ၆(၁) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ်၊ အမြန်လမ်းမကြီးဆိုင်ရာ ဥပဒေပုဒ်မ၄၄၀ အရ အလုပ်နှင့် ထောင်ဒဏ်သုံးလ ပြစ်မှုနှစ်ရပ်ပေါင်းကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

ကိုလွင်(ဆွာ)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ
ကဆုန်ညောင်ရေသွန်းပွဲကျင်းပမည်

မွေးနေ့ဆုတောင်း
(အရပ်)
ကျေးဇူးရှင်ဖခင်ကြီး
ဦးခင်မောင်မြင့်
(ချန်ပီယံ ဒံပေါက်) ၏
အသက်(၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့မင်္ဂလာ မှသည်
နောင်နှစ်ပေါင်းများစွာ အမျိုးဘာသာ၊ သာသနာအကျိုး ဆထက်ထမ်းပိုး
ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
သား၊ သမီး၊ မြေး၊ မြစ်၊ တပည့်များ

စင်္ကာပူနိုင်ငံ ဆိပ်ကမ်းတွင် "Container-ယာဉ်မောင်း"
လုပ်ကိုင်လိုသူများအတွက် "အမြန်သင်တန်းပေးနေပြီ"
Phone : 377 343-377 344 - 38 57 58 - 38 88 77-39 22 33

တစ်ဦးတည်းဖြစ်ကြောင်း

ပျောက်ဆုံးကြောင်း

အမည်မှန်

ရွှေပြည်သာမြေကွက် ရောင်းရန်ရှိသည်

ရွှေပြည်ဟိန်း ကုသိုလ်ပြုဖို့ ဆေးရုံ မေလ ၂၄-၂၅၊ (၃၅)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

[illegible]

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် KBZBank(AccountNo.00730200701690301)နှင့် အခြားအလှူငွေများ [illegible] (၁၂/ရကန(သ)၀၀၀၀၀၅) ဖုန်း-၀၉ ၅၁၀ ၂၃၃၅၊ ၀၁-၅၅၁၃၃၃ သို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မုံရွာစီးပွားရေးတက္ကသိုလ်
ပါရဂူဘွဲ့ (Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ မုံရွာစီးပွားရေးတက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) ဘောဂဗေဒ
(ခ) ဝါဏိဇ္ဇဗေဒ
(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့ (Ph.D)သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၄ခုနှစ်၊ ဇွန်လ (၁)ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်။)
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ် တက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆို အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည်(ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ)လူတွေ့ စစ်ဆေးခြင်းကိုဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ်အနည်းဆုံး ရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူ ဖြစ်ရမည်။
(၅) ပါရဂူဘွဲ့အကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ(သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။
(၄) ပါရဂူဘွဲ့အကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

